www.burmeseclassic.com

စိုးမိုးစာပေ

မိုးဆက်လင်းထက်

# အရိပ်သုံးပါး



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

အဖုံးဒီဇိုင်း - မျိုးဆွေသန်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြဲ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြဲ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၈၊ စကားဝါလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၃ ခုနှစ်၊ ဌနီလ။
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၆၀၀ ကျပ်

မိုးဆက်လင်းထက်
အရိုပ်သုံးပါး / မိုးဆက်လင်းထက်။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၃
၁၅၀ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။
(၁) အရိပ်သုံးပါး




အခန်း (၁)

မနေ့တစ်နေ့ကမှ ဝယ်လာသည့် မာစီဒီးကားအသစ်ကလေး ချိုးကားတိုက်သွား၍ ရင်ထဲမှာ ကြိတ်မနိုင်ခဲမရ ဖြစ်နေမိသည်။

“တောက်... ဟိုနေ့က ငါဝယ်လာတဲ့ကားလေး ချိုးကားတိုက်သွားပြီကွာ”

“ဘာ”

ထိုကားကို ကိုယ်တိုင်ကိုယ်ကျ လိုက်ဝယ်ပေးသည့် သူငယ်ချင်းနှစ်ယောက်လုံး မျက်လုံးပြူးသွားကြ၏။ ထို့နောက် မယုံနိုင်သောမျက်လုံးများနှင့် သူ့ကိုကြည့်သည်။

“ဘယ်လိုဖြစ်တာလဲကွာ၊ မင်းဟာက ဟုတ်ကောဟုတ်ရဲ့လား”

သူ စုတ်တစ်ချက်သပ်လိုက်သည်။ ထပ်မပြောချင်တော့။ ချိုးကားနဲ့ မာစီးဒီး ကြားလို့မှ သင့်တော်ရဲ့လား။ ဘာဆက်လုပ်လို့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရမှန်းလည်း မသိ။

"ကားက အခု ဘယ်မှာလဲ"

"ဆော်ဒီရဲ့မှာ"

"အဲဒီကားကရော"

"ဘယ်ကားလဲ"

"ချီးကားလေ"

"မောင်းပြေးသွားတယ်"

"ဟာ… မင်း ကားနံပါတ် မမှတ်လိုက်ဘူးလား"

"ခွီးပဲ… ချီးကားပါဆိုမှ ဘယ်နေရာ နံပါတ်ရေးထားမှန်းတောင် မသိဘူး"

"အဲဒါဆို မြို့တော်စည်ပင်ကိုတိုင်… ဟော့ကောင်"

"ဟော့ကောင် ရန်ကုန်စည်ပင်သာယာရေးလက်အောက်မှာ ချီးကားတွေ အများကြီးကွ၊ ငါသွားတိုင်လည်း ဘာထူးမှာလဲ၊ သက်သေပြစရာမှ မရှိတာ"

နှစ်ကောင်လုံး ငြိမ်သွားကြသည်။ ကြိတ်မနိုင်ခဲမရဖြစ်နေသောရင်ခွင်ကို အရက်တစ်ခွက်မော့ပြီး ငြိမ်သက်အောင် လုပ်ရ၏။

သူ အရက်ခွက်ကို ခွပ်ခနဲ ချလိုက်ချိန်မှာ သူငယ်ချင်းတစ်ယောက်က…

"ဘုန်းနိုင်ထွဋ်"





သူ ရီဝေဝေ မျက်လုံးများနှင့် တစ်ချက်လှမ်းကြည့်သည်။ သူ့ကို လှမ်းခေါ်သည့် သူငယ်ချင်းက…

"ဖြစ်ကြောင်းကုန်စဉ်လေးပဲ နည်းနည်းရှင်းပြပါဦးကွာ"

ဘုန်းနိုင်ထွဋ်က စီးကရက်တစ်လိပ်ကို ရှိုက်ဖွာလိုက်သည်။ ထို့နောက် စီးကရက်ငွေ့များကို ခေါင်းမော့ကာ မှုတ်ထုတ်ပစ်လိုက်၏။

ထို့နောက်…

အဲဒီနေ့က ဒီလိုကွာ…



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က

သာယာလှပတဲ့ ညနေခင်းလေးရယ်...

မိန်းမလှလေးတစ်ယောက်ရယ်...

မာစီးဒီးကားတစ်စီးရယ်...

ပြီးတော့ ချီးကားရယ်...





ညနေခင်း ကောင်းကင်ရောင်က အဝါရောင်ဖျော့ဖျော့လေး ဖြစ်နေသည်။ တိမ်ကြိုတိမ်ကြားမှ အားတင်းကာ ခုန်ဆင်းလာသော နေရောင်ခြည်က ပတ်ဝန်းကျင်တစ်ခုကို ပြုံချကာနေ၏။ ထိုအချိန် တွင် ဆံပင်ရှည်ရှည်၊ ခန္ဓာကိုယ်အချိုးအဆစ် လှပပြေပြစ်သော ကောင်မလေးတစ်ယောက် ကားလမ်းကူးလာသည်။ ဒီဘက်ကားလမ်း ပေါ်ရောက်တော့ ပလက်ဖောင်းပေါ် ခုန်တက်ကာ လမ်းဆက်လျှောက် သွားလိုက်၏။ ထိုအချိန် မာစီးဒီးကားတစ်စီးက လမ်းသွယ်တစ်ခုမှ အထွက် ထိုကောင်မလေး လမ်းသွယ်ထိပ်ကို ဖြတ်ကူးသွား၍ ရုတ်တရက်ရပ်ကာ စောင့်ပေးနေလိုက်၏။

ထို့နောက် ကားမောင်းသူနေရာမှာ ထိုင်နေသော ကောင်လေး က ထိုကောင်မလေးကိုငေးကာ ကားကိုမောင်းရင်း ကတ္တရာလမ်းမ ပေါ်သို့ ဆွဲတင်လိုက်၏။

ထိုအချိန်တွင်...

'ဂျိမ်း'

မာစီးဒီးကားသည် ချာခနဲ လည်သွားပြီး ပလက်ဖောင်းပေါ် မေးတင်ကာသွား၏။ ကားပေါ်မှ ကောင်လေးသည် ကြောက်အား လန့်အားနှင့် သူ့ကို တိုက်သွားသောကားကို လှမ်းကြည့်လိုက်သည်။

"ဟင်... ချီးကား"

ဟုတ်ပါသည်။ သူ့ကို တိုက်သွားသောကားမှာ စည်ပင်ချီးကား



www.burmeseclassic.com

www.burmeseclassic.com



တစ်စီးဖြစ်၏။

သူ ကားပေါ်မှ ဆင်းလိုက်သည်။ ခဏကြာတော့ လူတွေ ဝိုင်းအုံလာသည်။

"ဘာဖြစ်သွားသေးလဲ... ဘာဖြစ်သွားသေးလဲ"

သူ့ကို လူတွေကကြည့်ရင်း စိုးရိမ်တကြီး ဝိုင်းမေးကြ၏။ သူ ဘာမှ မဖြစ်ပါ။ ဖြစ်သွားတာက သူ့ကား။

သူ့မာစီးဒီးကားလေး ဘယ်ဘက်ပါးခြမ်းတစ်ခုလုံး စုတ်ပြတ်သွား၏။ သူ စိတ်ပျက်လက်ပျက်နှင့် မာစီးဒီးကားလေးကို ကြည့်နေစဉ် လူအုပ်ထဲမှ မျက်ဝန်းလေးတစ်စုံကို သတိထားလိုက်မိသည်။

ဆံပင်ရှည်ရှည် ကောင်မလေး...။

သူမလည်း စပ်စုနေသည့် လူတွေကြားထဲ ရောက်နေသည်။ သူလှမ်းကြည့်တော့ သူမ မျက်လုံးလှန်အကြည့်နဲ့ အကြည့်ချင်း သွားဆုံ၏။

ခဏကြာတော့ သူမ လူအုပ်ထဲမှ ပျောက်သွားသည်။ ထို့နောက် သူ့ထံသို့ သက်ဆိုင်ရာမှ ကရိန်းကားနှင့် ဆေးရုံကားတို့ ရောက်လာသည်။ ဘယ်သူ ဖုန်းဆက်ခေါ်လိုက်မှန်းတော့မသိ။

ဤသို့ဖြင့် ထိုနေ့ညနေသည် ကောင်မလေးတစ်ယောက်ကို ငေးရင်း ချီးကား ဖြတ်တိုက်ခြင်းခံလိုက်ရသော မသာယာ၊ မလှပသော ညနေခင်းလေးတစ်ခု ဖြစ်ခဲ့ပါတော့သည်။





သူ့စကားဆုံးသွားတော့ သူငယ်ချင်းတွေက အူကြောင်ကြောင်နဲ့ ကြည့်နေကြလေသည်။ ထိုနှစ်ယောက်ထဲက ကျော်ဦးက...

"ချီးကားတစ်စီးလုံး လာတာတောင် သတိမထားမိရလောက်အောင် အဲ့ဒီကောင်မလေးက တော်တော်ချောလို့လား ဟေ့ကောင်"

ဘုန်းနိုင်ထွဋ် အသာအယာ ခေါင်းညိတ်ပြလိုက်သည်။ ခဏကြာတော့...

"သိပ်လှတယ် ဟေ့ကောင်၊ ချီးကားတစ်စီးလုံး လာတာ မမြင်ရလောက်အောင် လှတယ်"

"တယ်ဆိုတဲ့ စာပါလားကွာ"

"သူ့နာမည်လေးတောင် သိခွင့်မရလိုက်တာတော့ နာတယ်ကွာ"

ဘုန်းနိုင်ထွဋ် ညည်းတွားလိုက်သည်။

"မင်းက ကားတစ်စီးလုံး ပျက်စီးသွားတာတောင် မမှတ်ဘူးလား"

ဘုန်းနိုင်ထွဋ်က ရယ်လိုက်၏။ ထို့နောက်...

"အေးကွာ၊ ငါ ကြွေသွားတာတော့ အမှန်ပဲ"

သူငယ်ချင်းနှစ်ယောက်လုံး ဘုန်းနိုင်ထွဋ်စကားကြောင့် သက်ပြင်းချကြ၏။ ပြီးတော့ တစ်ယောက်က...

"မင်း ဘယ်လောက်ပဲကြွေကြွေ သွားရင်းလာရင်း အမှတ်တမဲ့



www.burmeseclassic.com

www.burmeseclassic.com



တွေ့တဲ့ ကောင်မလေးတစ်ယောက်ဆိုတော့ မလွယ်ဘူးနော်"

ဘုန်းနိုင်ထွဋ်မှ ဘာမှမပြော၊ တော်တော်လေးကြာအောင် တစ်စုံတစ်ရာကို တွေးတောနေပြီးမှ သက်ပြင်းချလိုက်ကာ…

"ကံမကုန်ရင်တော့ ပြန်ဆုံရဦးမှာပေါ့ကွာ"

လေပြေလေညှင်းလေးက သူ့အနား ခပ်သာသာလေး တိုက်ခတ်ကာသွား၏။ သူ့စကားသံလေးတွေကို သယ်ဆောင်ရင်း ကောင်မလေးဆီ ဆောင်ကျဉ်းပေးသွားရင် သိပ်ကောင်းမှာပဲဟု တွေးလိုက်မိ၏။





## အခန်း (၂)

သွားရင်းလာရင်းနှင့် ဆံပင်ရှည်ရှည် ကောင်မလေးတွေကို တွေ့ရင် လိုက်ကြည့်ရတာ အမော။ သူလေးများ ဖြစ်နေမလားလို့ပါ။ ဒါပေမဲ့ အဲဒီကောင်မလေးနဲ့ တူတာဆိုလို့ တစ်ယောက်မှ မတွေ့မိသေးဘူး။

သူ ကားတိုက်မှုဖြစ်တဲ့နေရာကိုလည်း ကောင်မလေးနဲ့တွေ့တဲ့ အချိန် ဖြတ်သွားဖြတ်လာလုပ်မိရင် ကောင်မလေးကိုများ နောက်တစ်ခါ ပြန်ဆုံဦးမလားလို့ ကြည့်မိရတာလည်း အမောပါ။

'မင်း ဘယ်မှာနေတာလဲ ကောင်မလေးရယ်၊

မင်း နာမည်ရော ဘယ်လိုခေါ်လဲ'

သူ့ဘာသာသူ ပြန်မေးမိတဲ့နေ့တွေ အကြိမ်ပေါင်းများပြီ၊ ဒါပေမဲ့ အဖြေကတော့ မရပါ။ နေ့ရက်တွေ၊ နာရီတွေသာ တဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်း ကုန်ဆုံးလာသည်။ အဲ့ဒီအဖြေကို ရဖို့နေနေသာသာ၊ အရိပ်ကလေးတစ်ခုကိုတောင် ပြန်ဆုံခွင့်မရ။

သတိရတယ် ကောင်မလေးရယ်။

ဘာမှမဟုတ်ဘဲနဲ့ အမှတ်တမဲ့ ဆုံတွေ့ခဲ့ရတဲ့ အဲ့ဒီနေ့ကလေးကို သတိရတယ်။

ဘုန်းနိုင်ထွဋ် ရင်ထဲမှာ အဲဒီလို တွေးလိုက်မိတိုင်း ဟာလာဟင်းလင်းကြီး။

ဒီနေ့တော့ မနက်အစောကတည်းက နိုးနေပြီး ရေမိုးချိုးအဝတ်အစားလဲထားလိုက်သည်။ စတစ်ကော်လံကို သေချာသပ်သပ်ရပ်ရပ်ဝတ်ကာ ပုဆိုးကို သေချာပြင်စည်းလိုက်၏။ ထို့နောက် ဆံပင်ကို ခေါင်းလိမ်းဆီထည့်၍ သပ်သပ်ရပ်ရပ် ခေါင်းဖီးနေစဉ်…

"သားရေ ပြီးပြီလားဟေ့"

"ပြီးပြီ မေမေ၊ ခဏ… ခဏ"

အောက်ထပ်လှေကားရင်းမှ လှမ်းအော်သော မေမေ့အသံတိတ်သွား၏။ ခဏကြာတော့ သူ အောက်ဆင်းခဲ့သည်။ အောက်ထပ်ဧည့်ခန်းမှာ မေမေ့ကို တဘက်တစ်ထည် ပခုံးပေါ်တင်ထားရင်း





အဆင်သင့်စောင့်နေတာ တွေ့ရလေသည်။

"အမလေး ရွှေတိဂုံဘုရားသွားဖို့အရေး ဘာတွေ ဒီလောက်ပြင်ဆင်နေရတာလဲ သားရယ်"

"မြင်တဲ့အတိုင်းပဲလေ မေမေရယ်၊ ဘာမှ ထွေထွေထူးထူး မလုပ်ရပါဘူး"

မေမေက သူ့ကို မျက်စောင်းထိုးကာ ပြုံးကြည့်ရင်း ကားပေါ်အရင်တက်သွား၏။ သူလည်း ကားမောင်းသူဘက်သို့ လိုက်တက်လိုက်သည်။ ထို့နောက် ကားကို ခြံထဲမှ ဖြည်းညှင်းစွာ မောင်းထွက်လိုက်ပါတော့၏။

မေမေက တစ်ပတ်ကိုတစ်ခါ ဘုရားကိုတက်၏။ ထိုနေ့ကလည်း သူ့မွေးနေ့ဖြစ်သည်။ ဗုဒ္ဓဟူးနေ့ဖြစ်သည်။ မေမေ ဘုရားတက်တိုင်း သူ အမြဲလိုက်ပို့ရသည်။ တစ်ခါတစ်ရံ သူ မအားလျှင် အဖေက လိုက်ပို့၏။ ပုံမှန်အားဖြင့်တော့ သူလိုက်ပို့တာ များပါသည်။

မီးပွိုင့်စိမ်းသွား၍ ဂီယာနံပါတ်ဝမ်းကိုထိုးကာ မီးပွိုင့်မှ အသာထွက်လိုက်သည်။ အခုနောက်ပိုင်း ရန်ကုန်မြို့ကြီးတွင် ကားတွေ တော်တော်ကြပ်လာသည်။ ကားတွေ သွင်းခွင့်ပေးလိုက်ပြီးနောက် ကကတွေလည်း တော်တော်များလာ၏။ ကိုယ်ပိုင်ကားတွေလည်း မိုးဦးကျမှိုတွေလို ဟိုတစ်ပွင့် ဒီတစ်ပွင့်နှင့် များပြားလာ၏။ ထို့ကြောင့် ကားလမ်းတွေကြပ်ကာ လမ်းတွေ တော်တော်ပိတ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခင်က သူတို့နေသောနေရာနှင့် ရွှေတိဂုံဘုရားကို နာရီဝက်ခန့်သာ မောင်းရရာ ယခု တစ်နာရီလောက် မောင်းလာရသည်။ တစ်ခါတစ်ရံ ကံဆိုးလျှင် မီးပွိုင့်မိတာတွေနဲ့ချည်းပဲ တောက်လျှောက်မိပြီး တစ်နာရီခွဲလောက် ကြာသွားရ၏။

ကားတစ်စီးက အရှေ့သို့ ဖြတ်ဝင်လာ၍ အရှိန်ကို လျှော့လိုက်ရသည်။ ထိုကားကိုကြည့်ရင်း ရင်ထဲမှာ ဒေါသဖြစ်စွာ ကျိန်ဆဲပစ်လိုက်သည်။ မေမေကတော့ ဘုရားစာတစ်ခုရွတ်ရင်း ပါလာသည်။

အာဇာနည်ကုန်းဘက်ကိုရောက်တော့ ဘုရားဘက်သို့ ချိုးကွေ့ဝင်လိုက်သည်။ ထို့နောက် ဓာတ်လှေကားရှိသည့် ကားပါကင်ဘက်သို့ သူ လှမ်းဝင်လိုက်ပါတော့သည်။

ကားကို တစ်နေရာမှာထိုးရင်း သားအမိနှစ်ယောက် ကားပေါ်မှ ဆင်းလိုက်သည်။ ထို့နောက် ဓာတ်လှေကားရှိရာသို့ လှမ်းသွားလိုက်ပါတော့၏။

ဓာတ်လှေကားမှာ ထုံးစံအတိုင်း လူတွေတန်းစီပျက် ရှိသည်။ သူရော မေမေပါ တန်းစီစနစ်ဖြင့် နောက်ဆုံးကလူတွေနောက် မတ်တပ်ဝင်ရပ်လိုက်၏။

ထိုအချိန်တွင် ဓာတ်လှေကားထဲသို့ ရှေ့ဆုံးမှ ဝင်သွားသော အမျိုးသမီးတစ်ယောက်ကို လှမ်းတွေ့လိုက်ရာ သူ့ရင်တစ်ခုလုံး





ရှိန်းကနဲဖြစ်ကာသွား၏။

"ဟော"

ပါးစပ်မှလည်း အာမေဋိတ်သံ ရုတ်တရက်ထွက်သွား၍ မေမေက သူ့ကို တစ်ချက်လှမ်းကြည့်၏။ သူ ချက်ချင်း ပါးစပ်ကို ပိတ်လိုက်ရာ ဓာတ်လှေကားထဲသို့ မမှိတ်မသုန် စိုက်ကြည့်နေလိုက်ပါသည်။

ဓာတ်လှေကားထဲသို့ ဝင်သွားသော အမျိုးသမီးသည် သူ့ကို ကျောခိုင်းနေရာမှ ဖြည်းဖြည်းချင်း သူ့ဘက်သို့ မျက်နှာမူလိုက်ရာ…

"သေချာပါတယ် သူပါပဲ"

ရင်ထဲမှာ လျင်မြန်စွာ ကောက်ချက်ချပစ်လိုက်သည်။ ထို့နောက် ထိုကောင်မလေး ပါသွားသော ဓာတ်လှေကားသည် အပေါ်သို့ တက်သွားလေသည်။ သူ့နှလုံးသားတစ်စုံသည် အရင်းမှ ပြုတ်ထွက်ပြီး ဓာတ်လှေကားနှင့် တန်းလန်းကြီး ချိတ်ပါသွားသလို ခံစားလိုက်ရတော့၏။

သွားပြီ။ အဲဒီလိုတော့ အဖြစ်မခံနိုင်။ ရွှေတိဂုံရင်ပြင်တော်ပေါ်ရောက်လျှင် မေမေက ပုတီးစိပ်ဦးမည်၊ အနည်းလေး တစ်နာရီလောက်တော့ အချိန်ရ၏။ ထို့ကြောင့် ရင်ပြင်အနှံ့ ခြေဆန့်ရင်း ကောင်မလေးကို ရှာမည်ဟု ကြံမိုးဝါးထားလိုက်ပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တက်လှေတားက ထွတ်ထွတ်ချင်း မျက်စိနှစ်လုံးကို အစွမ်းကုန်ဖြဲကာ ဝတ်ခန်းတျင်ကို လိုက်ကြည့်ရ၏။ မြင်သမျှ တွေ့သမျှ ကောင်မလေးတွေကို ဂရုတစိုက် ရှာရသည်။ အရင်ကလို မေမေ့ပေတ်ခေါင်းလေးကိုကိုင်ကာ နံဘေးက ဖေးဖေးမမ မလျှောက်နိုင်တော့တဲ့ လူက ကိုယ့်ခြေနဲ့ကိုယ်မို့ အရှေ့ကနေ တစ်ယောက်တည်း လန်းလန်းလန်းလန်းနဲ့ သွားနေမိ၍ မေမေက…

"ယောကောင် မင်း ဘယ်လိုဖြစ်နေတာလဲ၊ ဘာတွေ လောနေတာလဲ"

ဟု တားယူရ၏။

အဲဒီတော့မှ ကိုယ်ရှိန်သပ်ကာ ခါတိုင်းလို မေမေ့နားက လိုက်ရသည်။ အဲဒီတော့မှ မေမေက ပြုံးလိုက်သည်။ ထို့နောက်…

"ဒီနေ့မှ ဘာတွေဖြစ်နေတာလဲ သားရယ်"

ဘုန်းနိုင်ထွဋ်က သူ့အမေကိုကြည့်၍…

"ဘာမှမဖြစ်ပါဘူး မေမေရယ်"

"ဘာမှ မဖြစ်ပါဘူးဆိုတယ် မင်းကြည့်ရတာ တစ်ခုခုကို အလောတကြီး ဖြစ်နေပုံပဲ"

"မဟုတ်ပါဘူး၊ အသိတစ်ယောက်ကို တွေ့လိုက်လို့ လိုက်ကြည့်တာပါ"

မေမေက ဘာမှ ဆက်မပြောတော့ပါ၊ သူသွားနေကျ ထုံးစံ





အတိုင်း ဗုဒ္ဓဟူးထောင့်သို့ သွားသည်။ အရင်ဆုံး ဘုရားကန်တော့ကာ ပုတီးစိပ်ဖို့လုပ်၏။ ဘုန်းနိုင်ထွဋ်တစ်ယောက် သူ့အမေ ပုတီးစိပ်တာနှင့် အနားမှ လှစ်ခနဲ ထွက်လာခဲ့လိုက်ပါတော့သည်။

အရင်ဆုံး ရွှေတိဂုံစေတီတော်ကို လက်ယာရစ် ပတ်လိုက်သည်။ နေနံထောင့်တွေရောက်တိုင်း ကြည့်၏။ ကောင်မလေးတွေကိုတော့ တွေ့ရသည်။ သို့သော် သူ ခုနတွေ့ခဲ့သည့် ကောင်မလေးမဟုတ်။

ဆက်လျှောက်လာရင်းနှင့် ပြန်များသွားပြီလားဟု တွေးလိုက်မိသည်။ သိပ်ဖြစ်နိုင်ချေတော့ မရှိ၊ သူ ရင်ပြင်တော်ပေါ်ရောက်တော့ ကောင်မလေးနှင့် ရှေ့ဆင့်နောက်ဆင့်ဖြစ်သည်။ ထို့ကြောင့် အချိန်ကာလအားဖြင့် သိပ်မကြာသေး၊ မိန်းကလေးတစ်ယောက်အနေနှင့် ဘုရားပေါ်ရောက်ရောက်ချင်း ပုဆိန်ပေါက်ရှိုးကာ ချက်ချင်းပြန်ဆင်းသွားမည်လို့တော့ မထင်။

ထို့ကြောင့် ရှာကိုရှာဦးမည်။

ရွှေတိဂုံဘုရားကို နောက်တစ်ပတ် ထပ်ပတ်သည်။ ဒီတစ်ခါတော့ နေနံထောင့်တွေဘက်သာမက အလျှုခံမဏ္ဍပ်နှင့် ဘုရားတန်ဆောင်းတွေဘက်က ဆေချာကြည့်လာခဲ့၏။ ထိုသို့ ဟိုဒေးဒီဒေးနှင့် လမ်းလျှောက်ရင်း အရှေ့က လမ်းလျှောက်နေတဲ့လူကို ခြေငြင်တဲ့နောက်ကဝင်တိုက်လိုက်မိ၍…

"ဟာ… ဆောရီးဗျာ ဆောရီး"



www.burmeseclassic.com

www.burmeseclassic.com



နောက်က ရုတ်တရက် တိုက်လိုက်မိ၍ ရုပ်ကိုတော့ ရုတ်တရက် မမြင်ရ။ သို့သော် ကောင်မလေးတစ်ယောက် ဖြစ်သည်ဆိုတာတော့ ချက်ချင်းသိလိုက်သည်။

ထိုကောင်မလေးက သူ့ဘက် တစ်ချက်လှည့်ကြည့်၍…

"ရပါတယ်"

ဟု တစ်ခွန်းတည်းပြောကာ ပခုံးပေါ်မှ ပြုတ်ကျသွားသော တအက်လေးကို ထိုင်ပြီး ကောက်လိုက်သည်။

ထိုကောင်မလေး မျက်နှာကိုမြင်တော့ ဘုန်းနိုင်ထွဋ် ရုတ်တရက် မှင်သက်ကာသွား၏။ ထို့နောက် မိနစ်ပိုင်းလောက် ကြောင်တောင်တောင်ကြီး ရပ်ကြည့်နေမိသည်။ မိန်းကလေးက တအက်ကလေးကို အသာအယာလေး ထိုင်ကောက်ပြီး ထွက်သွားလေသည်။ ဘုန်းနိုင်ထွဋ် ကြောင်နေရာမှ သတိဝင်လာပြီး…

"ခဏနေပါဦး… ခဏနေပါဦးဗျာ"

ကောင်မလေးက ဘုန်းနိုင်ထွဋ် ခေါ်သံကြားတော့ ဖျတ်ခနဲ လှည့်ကြည့်သည်။ ထို့နောက် ဘုန်းနိုင်ထွဋ်ကိုတွေ့တော့ ဘာလဲ ဆိုသည့် သဘောနဲ့ကြည့်၏။ ဘုန်းနိုင်ထွဋ် ကောင်မလေးရှေ့မှာ ရပ်သည်။ ပြီးတော့ ဘာဆက်လုပ်ရမှန်း မသိတော့။

သူ ဘာလို့ ကောင်မလေးကို လှမ်းခေါ်လိုက်သလဲဆိုတာတော့ ရှင်းပါသည်။ လူတစ်ယောက်သည် လိုချင်တောင့်တနေသော အရာ





တစ်ခုကို အချိန်ကြာမြင့်စွာ စောင့်ဆိုင်းလာရပြီးမှ ရုတ်တရက် တွေ့ရှိလိုက်ချိန်တွင် ဖြစ်သွားသော စိတ်၏စေရာကြောင့်ဖြစ်၏။ ထိုစိတ်၏စေရာ စေခိုင်းမှုကြောင့် သူ ရုတ်တရက် ကောင်မလေးကို ပျောက်ကွယ်သွားမှာစိုး၍ လုပ်မိလုပ်ရာ လုပ်လိုက်ခြင်းပါ။

အခုတော့ ကောင်မလေးရှေ့မှာ သူ ဘာဆက်လုပ်ရမှန်းမသိ။ သူ့ကို ကောင်မလေးက မသိ၊ သူကသာ ကောင်မလေးကို သိနေခြင်း ဖြစ်သည်။ အဲဒီတော့ သူ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေခြင်း ဖြစ်သည်။

ကောင်မလေးက…

"ဘာဖြစ်လို့လဲဟင်"

ဘုန်းနိုင်ထွဋ် ခေါင်းကို ကုပ်လိုက်သည်။ နောက်တော့…

"ဟိုဟာ… ခုန ကျွန်တော် ဟိုငေး ဒီငေး လမ်းလျှောက် လာမိလိုက်လို့ပါ၊ အဲဒါ… ဟို"

"ရပါတယ်၊ ပြဿနာ မရှိပါဘူး"

"ဟုတ်… အဲဒါလေး သေသေချာချာ လိုက်တောင်းပန်တာပါ"

ကောင်မလေးက ပြုံးသည်။ သူမအပြုံးက ဘုရားရိပ် တရားရိပ်မှာ ကြည်လင်ဝင်းပလှ၏။ ဘုန်းနိုင်ထွဋ် ကောင်မလေးကို စွတ်နှုန်တော်တော်များများ ငေးကြည့်နေမိ၏။

ကောင်မလေးက သူ့ရှေ့က လှည့်ထွက်သွားသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ဘာဆက်လုပ်ရမှန်းမသိ၊ ဒီတစ်ခါ နေပါဦးဆိုပြီး ထပ်ခေါ်လို့တော့ မသင့်တော်တော့။ ဘေးနားက လိုက်သွားပြီး ဟိုလိုလို ဒီလိုလို လိုက်လုပ်ရအောင်လည်း ဒါက ဘုရားပေါ်မှာ၊ တက္ကသိုလ်လို နေရာမျိုးမဟုတ်။ မတော် ကောင်မလေးက တစ်ခုခု ထလုပ်လိုက်လျှင် ဘုရားရဲ့နှင့် ဂေါပကအဖွဲ့က လက်ပိုက်ကြည့်နေမည်မဟုတ်။

နောက်တစ်ခုက ကောင်မလေးကို ဒီအတိုင်း လွှတ်ပေးလိုက်လို့လည်း မဖြစ်ပြန်၊ ကံကြုံလို့ ပြန်ဆုံရသည်ဆိုသော်လည်း ကံကြမ္မာက နောက်တစ်ခါ ဒီလိုဆုံစည်းခွင့်ပေးရန် အကြောင်း ဖန်ချင်မှ ဖန်လာတော့မည်။ ရန်ကုန်မြို့မှာ လူသိန်းပေါင်းများစွာ ရှိသည်။ ထိုသိန်းပေါင်းများစွာထဲကတစ်ယောက်နှင့် နောက်တစ်ခါ ဆုံစည်းနိုင်ခွင့်ဆိုသည်မှာ…

သူ ကောင်မလေးနှင့် ခပ်လှမ်းလှမ်းက မယောင်မလည်လေး လိုက်သွားလိုက်သည်။ ကောင်မလေးသည် အလှူခံဌာနတစ်ခုရှိရာသို့ ဦးတည်လျှောက်နေတာ တွေ့ရသည်။ ခဏကြာတော့ အလှူခံဌာနရှေ့မှာ ရပ်လိုက်၏။ ဌာနမှ ကောင်မလေးတစ်ယောက်က ဖြတ်ပိုင်းလေးတစ်ခုကိုင်ရင်း လှမ်းကြည့်၍…

"အစ်မ… နာမည်လေး"

ဘုန်းနိုင်ထွဋ် ကောင်မလေးဘေးသို့ မယောင်မလည် ကပ်သွား၏။ ခုန ဖြတ်ပိုင်းကိုင်ထားတဲ့ ကောင်မလေးက သူ့ကို





လှမ်းကြည့်သည်။

ဘုန်းနိုင်ထွဋ်က ခပ်တည်တည်နှင့်…

"ဘုန်းနိုင်ထွဋ်ပါ"

"သြော်… ခဏနော်"

ထိုကောင်မလေးက သူမဘေးနားကတစ်ယောက်ကို လှည့်ကြည့်၍…

"ကိုဘုန်းနိုင်ထွဋ်တဲ့ ဖြတ်ပိုင်းတစ်ခုလောက်"

နောက်တစ်ယောက်က ခေါင်းညိတ်ပြ၍ ဖြတ်ပိုင်းတစ်ခုမှာ သူ့နာမည်ကို ရေးသည်။ ထိုအချိန်တွင် ကောင်မလေးက ဖြတ်ပိုင်းမှာ နာမည်ရေးရန် သူမနာမည်ကို လှမ်းပြောသံကို ဘုန်းနိုင်ထွဋ် ကြားလိုက်ရ၏။

"မြတ်နိုးလို့ ရေးလိုက်ပါ'

"ဟုတ်ကဲ့အစ်မ… မြတ်နိုးနော်၊ အလှူငွေက ဘယ်လောက်လဲဟင်"

"သုံးထောင်ပါ"

မြတ်နိုးကိုမေးသည့် ကောင်မလေးက ဖြတ်ပိုင်းမှာရေးသည်။ ဘုန်းနိုင်ထွဋ်က ငေးကြည့်နေမိ၏။

"အစ်ကို ပိုက်ဆံ ဘယ်လောက်ရေးရမှာလဲ"

သူလည်း ထိုတော့မှ သတိရပြီး သူ့ကိုမေးသည့် ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



ကို လှည့်ကြည့်၍…

"သုံး… သုံး… သုံးထောင်ပါ"

"သုံးထောင် ဟုတ်ကဲ့"

မြတ်နိုးက တစ်ချက် သူ့ကိုလှည့်ကြည့်၏။ ဘုန်းနိုင်ထွဋ် ပြုံးပြလိုက်သည်။ ဘောက်ချာကို ကောင်မလေးကဖြတ်ပြီး ဘုန်းနိုင်ထွဋ်ရှေ့သို့ ထိုးပေးလိုက်၏။ ဘုန်းနိုင်ထွဋ် ပိုက်ဆံရှင်းမလို့ ခါးကြားကို လှမ်းနှိုက်လိုက်စဉ်…

"ဟင်"

ခေါင်းသည် ခဏချင်းပင် နှစ်ဆလောက် ကြီးကာသွား၏။ ခါးကြားမှာ ထိုးလာသည့် သူ့ပိုက်ဆံအိတ် မရှိတော့။ ထို့နောက် ချက်ချင်းပင် သူ့ခေါင်းထဲသို့ အတွေးတစ်ခု ဝင်လာလေသည်။ ခုန ဘုရားဝင်း ကားပါကင်သို့ ဝင်ဝင်ချင်း သူ ပိုက်ဆံဆောင်သည်။ ထိုတုန်းက ခါးမှာ ထိုးထားသည့် ပိုက်ဆံအိတ်ထဲမှ ပိုက်ဆံကိုယူ၍ သူပေးလိုက်၏။ ထို့နောက် ပိုက်ဆံအိတ်ကို အလွယ်တကူပင် ဒက်ဘုတ်ပေါ် တင်လိုက်မိလေသည်။

သွားပြီ…။

ဘုန်းနိုင်ထွဋ် ဘာလုပ်လို့ လုပ်ရမှန်းမသိတော့။ အလှူခံဌာနမှ ကောင်မလေးကလည်း ဖြတ်ပိုင်းလေးထိုးပေးရင်း သူ့ကိုကြည့်နေ၏။ ဘုန်းနိုင်ထွဋ်မျက်နှာ ချက်ချင်းပင် ရဲတက်လာ၏။ အခုချိန်ကျမှ





လှည့်ပြေးရင်လည်း ဗရုတ်သုတ်ခ လာလုပ်တယ်ထင်ပြီး ဂေါပကက ဝိုင်းဖမ်းရင်လည်း ဒုက္ခရောက်ဦးမည်။

ထို့ကြောင့် ဘာလုပ်လို့ လုပ်ရမှန်းမသိဘဲ ဖြစ်နေစဉ်…

"အစ်ကို ဒီမှာလေ အလှူခံဖြတ်ပိုင်း"

ဘုန်းနိုင်ထွဋ် ကောင်မလေးကိုကြည့်၍…

"မလှူတော့ဘူး ရလားဟင်"

"ရှင်"

ကောင်မလေး မျက်လုံးလေး အပြူးသားနှင့် ဘုန်းနိုင်ထွဋ်ကို ကြောင်ပြီးကြည့်နေမိ၏။ ဘုန်းနိုင်ထွဋ် သူ့စကားသူ ဘယ်လိုဆက်ရှင်းရမှန်း မသိတော့။ အလှူခံဌာန အနောက်ဘက်မှာ ထိုင်နေသည့် ပုဂ္ဂိုလ်ကြီးတစ်ဦးက တိုက်ပုံကြီးဝတ်ပြီး သူ့ကို လှမ်းအကဲခတ်နေ၏။

ဘုန်းနိုင်ထွဋ်က…

"ဟို… ဒီလိုပါ၊ ဟိုဟာ… လုံးဝမလှူဘူး ပြောတာမဟုတ်ပါဘူး၊ ဟို အခု မလှူသေးဘူး ပြောတာပါ"

"ဟုတ်"

"ပြီးမှ လာလှူမယ်လေ… ရလား"

"အခု ဘာဖြစ်လို့လဲဟင်"

ကောင်မလေးက ဘုန်းနိုင်ထွဋ်ကို အံ့သြတကြီး ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



အလှူခံဖြတ်ပိုင်းကို ကြိုပြီးလာဖြတ်ထားတဲ့လူမျိုး ဒီတစ်ခါပဲ မြင်ဘူးသည့် ပုံစံမျိုး။

ဘုန်းနိုင်ထွဋ်က ရှက်ရှက်နဲ့ပဲ ကောင်မလေးကို ကြည့်၍…

"ဒီလိုပါဗျာ၊ ကျွန်… ကျွန်တော့်ပိုက်ဆံအိတ် ကားပေါ်မှာ ကျန်ခဲ့လို့ပါ… အဲဒါကြောင့်"

ဘုန်းနိုင်ထွဋ်စကားကြောင့် အလှူခံကောင်မလေးက…

"ဩော်"

ဟု အာမေဋိတ်သံတစ်ချက်ပြု၍ သူ့ဘေးက ကောင်မလေးကို လှမ်းကြည့်သည်။ ထိုကောင်မလေးက ဘုန်းနိုင်ထွဋ်ကို တစ်ချက်ကြည့်၍ အနောက်မှာထိုင်နေသည့် တိုက်ပုံကြီးနဲ့ ပုဂ္ဂိုလ်ကြီးထံ လှမ်းသွားလိုက်သည်။ အခြေအနေက နည်းနည်းတော့ ရှုပ်ထွေးသွား၏။ အလှူခံဖြတ်ပိုင်း ဖြတ်ပြီးသွား၍ ပိုက်ဆံမပေးနိုင်သည့်ကိစ္စက အဆင့်ဆင့် တင်ပြမှုတွေ ပါလာသည်။ နံဘေးမှ လာလှူနေသည့် ပုဂ္ဂိုလ်များကလည်း စပ်စုသည့်သဘောနှင့် သူ့ကို ဝိုင်းကြည့်နေကြလေသည်။

"ကျွန်မဆီက ယူလိုက်ပါ"

လေသံလေးနှင့် လာပြောနေသည့် မိန်းကလေးတစ်ယောက် အသံကို ချွေးတွေပြန်နေသည့်ကြားမှ ကြားလိုက်ရလေ၏။ သူ ရုတ်တရက် လှည့်ကြည့်လိုက်တော့…





"မြတ်နိုး"

သူ့နှုတ်မှ တိုးတိုးလေး ရေရွတ်လိုက်မိ၏။ ထိုအသံကို တခြားလူတွေ မကြားနိုင်သော်လည်း မြတ်နိုးတစ်ယောက်ကတော့ ကောင်းကောင်းလေး ကြားလိုက်နိုင်ပါသည်။

ကောင်မလေး မျက်ဝန်းလေး ဝိုင်းသွားသည်။ သူ့နာမည်ကို ဘုန်းနိုင်ထွဋ်က ရုတ်တရက် ခေါ်လိုက်သောကြောင့်။

မြတ်နိုးထုတ်ပေးလိုက်သော ထောင်တန်သုံးရွက်ကို ဘုန်းနိုင်ထွဋ် ငေးကြည့်နေမိ၏။

"အင့်… ယူလိုက်လေ"

ဘုန်းနိုင်ထွဋ် မြတ်နိုးကိုကြည့်ကာ ပိုက်ဆံကို အသာအယာ လှမ်းယူလိုက်သည်။ ထို့နောက် အလှူခံမဏ္ဍပ်ဘက် ပြန်လှည့်၍ ကိစ္စပြီးအောင် ရှင်းလိုက်၏။

"သာဓုဗျာ… သာဓု… သာဓု အခုလို လာရောက်လှူဒါန်းရတဲ့ အကျိုးကျေးဇူးများကြောင့် မရှိလို့မလှူ မလှူလို့ မရှိဆိုသလို မဖြစ်ရလေအောင်…"

ထိုစကားလည်းကြားရော ဘုန်းနိုင်ထွဋ် ခန္ဓာကိုယ်တစ်ချက် တွန့်သွားသည်။

"အဲ… စေတနာသဒ္ဓါတရားဆိုတာ ညောင်စေ့လောက် လှူပေမဲ့ လှူဒါန်းရတဲ့ စေတနာအားမှန်ရင် ညောင်ပင်ကြီးလောက်



www.burmeseclassic.com

www.burmeseclassic.com



ရနိုင်ပါတယ်၊ အဲ… ညောင်ပင်ကြီးလောက် လှူပေမဲ့လည်း ရည်ရွယ်ချက်လွဲခဲ့ရင် ညောင်စေ့လောက်ပဲ ရနိုင်ပါတယ် ခင်ဗျ”

ဘုန်းနိုင်ထွဋ် ထိုနေရာမှ ခပ်သုတ်သုတ် ထွက်လာခဲ့သည်။ ခဏကြာတော့ မြတ်နိုးကို တစ်နေရာမှ စောင့်၍…

“မြတ်နိုး”

“ရှင်”

“ကျွန်တော် ပိုက်ဆံလေး တစ်ခါတည်း ပေးလိုက်ပါရစေနော်”

“ဟာ… ရပါတယ် မဟုတ်တာ”

“အဲဒီလိုတော့ မပြောပါနဲ့ မြတ်နိုးရယ်… ဟုတ်တာပေါ့၊ ကျွန်တော့်အရှက်နဲ့ သိက္ခာကို မြတ်နိုးကူညီခဲ့တာတောင် ဘယ်လို ကျေးဇူးဆပ်ရမှန်းမသိတာ၊ အခုလို ပြန်မပေးလိုက်နိုင်ဘူးဆို ဘယ်လို ကောင်းပါ့မလဲ”

မြတ်နိုး ပြုံးနေသည်။ ဘာမှ ပြန်မပြောသည့်အတွက် လက်ခံလိုက်သည်ဟု ယူဆလိုက်ပြီး ဘုန်းနိုင်ထွဋ်က မြတ်နိုးကို သူကား ရပ်ထားသည့်နေရာသို့ ခေါ်သွားလိုက်သည်။

မြတ်နိုးက အသာတကြည်ပဲ လိုက်လာပါသည်။ ကားဆီ ရောက်တော့ ပိုက်ဆံအိတ်ကိုယူ၍ ငွေသုံးထောင် ထုတ်ပေးလိုက်ကာ…

“မြတ်နိုးက ဘုရားကို ဘယ်နေ့တွေ လာလဲဟင်”

နည်းနည်းတော့ ပေါ်တင်ဆန်သွားမည်ထင်သည်။ မတတ်နိုင်၊





တွေ့တုန်းလေး မေးထားရမည်။

မြတ်နိုးက…

“ဘာဖြစ်လို့လဲ”

“ဘာမှမဖြစ်ပါဘူး မေးကြည့်တာပါ”

“အင်း ပုံမှန်တော့ မရှိပါဘူး၊ တစ်ပတ်တစ်ခါတော့ တက်ဖြစ်တယ်”

သိပ်မသေချာသည့်စကား။ တစ်ပတ်မှာ ခုနစ်ရက်ရှိသည်။ ဘယ်ရက်တွေလဲဆိုတာမသိ၊ သူက တွေ့ချင်ရင်လည်း ဘုရားမှာ တစ်ပတ်လုံး လာစောင့်နေရမည့်ပုံ။ သူက အခုချိန်မှာ သေချာရေရာတာ တစ်ခုလောက် သိလိုက်ချင်သည်။ ဖြစ်နိုင်ရင် တယ်လီဖုန်းနံပါတ် လေးပါ မေးလိုက်ချင်မိ၏။ သို့သော် အဲဒီလောက် အတင်ရဲလို့ ကောင်းမှန်း စဉ်းစားလိုက်မိ၏။

သူ တွေးနေစဉ်မှာပင် မြတ်နိုးက သူ့ရှေ့မှ လှည့်ထွက်ဖို့ လုပ်၏။ သူက လှမ်းခေါ်လိုက်ပြီး…

“မြတ်နိုးကို ကျွန်တော် လိုက်ပို့ပေးလို့ ရမလားဟင်”

မြတ်နိုးက လှည့်ကြည့်၍…

“ရပါတယ်၊ မြတ်နိုး တက္ကစီငှားပြီး ပြန်လိုက်မယ်”

‘ရပါတယ်၊ လိုက်ပို့ပေးပါရစေ”

“ရတယ်… ရတယ်၊ မြတ်နိုးဘာသာ မြတ်နိုးပြန်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလမ်းခရီးက မြတ်နိုးပြန်နေကျပါ"

ကောင်မလေးက အတင်းငြင်းဆန်နေ၍ သူ ဘာဆက်လုပ်ရမှန်းမသိတော့၊ မြတ်နိုးက ခြေတစ်လှမ်း နှစ်လှမ်းလောက် လှမ်းပြီးမှ တစ်ချက်လှည့်ကြည့်၍…

"ဒါနဲ့ မြတ်နိုးနာမည်ကို ဘယ်လိုသိတာလဲဟင်"

ဘုန်းနိုင်ထွဋ်က မြတ်နိုးကို တစ်ချက်ကြည့်၍…

"ခုန မြတ်နိုး အလှူခံဖြတ်ပိုင်း ဖြည့်တုန်းက သိလိုက်တာ"

"ဪ"

မြတ်နိုးက အာမေဋိတ်သံလေးကို ခပ်အေးအေးလေး ရေရွတ်လိုက်သည်။ ဘုန်းနိုင်ထွဋ်က–

"ဒါနဲ့ ကျွန်တော့်နာမည်ရော သိလားဟင်"

"ဟင့်အင်း"

"ကျွန်တော့်နာမည် ဘုန်းနိုင်ထွဋ်ပါ"

မြတ်နိုးက ပြုံးရင်း လှည့်ထွက်သွား၏။ ဘုန်းနိုင်ထွဋ်ငေးရင်းကျန်ခဲ့သည်။ ကောင်မလေး သူ့မြင်ကွင်းက ပျောက်သွားမှ ဘုရားပေါ်သို့ ပြန်တက်လာခဲ့ပါတော့သည်။ ဘုရားပေါ်မှာ မေမေ့ကို ပုတီးစိပ်ပြီး၍ သူ့ကို ထိုင်စောင့်နေတာ တွေ့ရတော့၏။

သူ့ကိုတွေ့တော့ မေမေက…

"ဘယ်တွေ သွားနေတာလဲ"





"အသိတစ်ယောက်နဲ့တွေ့လို့ စကားပြောနေတာပါ မေမေရယ်"

မေမေက ဘာမှတော့ မပြောပါ။ ထို့နောက် သူတို့ ဘုရားပေါ်မှ ဆင်းခဲ့လိုက်ပါတော့သည်။

နောက်တစ်ခါ ဒီဘုရားကိုရောက်ရင် မြတ်နိုးနဲ့ ပြန်လည်ဆုံတွေ့ပါရစေလို့ ရင်ထဲက ဆုတောင်းလိုက်ပါတော့၏။

"မင်းကလည်း ညံ့လိုက်တာကွာ၊ ဖုန်းနံပါတ်လေးလောက်တောင် မရုံစမ်းခဲ့ဖူးလား"

ကျော်ဦးက ပြောသည်။ လင်းဆွေက ခေါင်းညိတ်ကာ ထောက်ခံ၏။ သူက စိတ်ပျက်လက်ပျက်နဲ့ ခေါင်းတစ်ချက် ညိတ်လိုက်ပြီး…

"ငါလည်း စဉ်းစားပါတယ်၊ ဒါပေမယ့် ဘယ်လို စကားစပ်ပြီး မေးရမှန်းမသိလို့"

"မင်းက ပိုက်ဆံကို တစ်ခါတည်း သွားပေးလိုက်တာကိုးကွ၊ တကယ်တမ်း မပေးဘဲနဲ့ နေလိုက်ရမှာ၊ အဲဒါမှ ဘယ်ကို လာအပ်ရမလဲဆိုတာ မေးချင်လို့ဆိုပြီး ဖုန်းနံပါတ်လေး တောင်းထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရမှာ”

“ဟာ… ဟုတ်လိုက်တာကွာ၊ မင်းပြောမှပဲ ငါသတိရတယ်၊ ဒီတစ်ခါတော့ မင်းရဲ့ချီးဘဒိန်းက ဟုတ်သွားပြီ သူငယ်ချင်း”

လင်းဆွေ ပြစ်ပြစ်နှစ်နှစ် ထဆဲသည်။ ဘုန်းနိုင်ထွဋ်က ရယ်၏။ ထို့နောက် နှစ်ယောက်စလုံးကို ကြည့်၍…

“ငါ ဘာဆက်လုပ်ရမလဲ သူငယ်ချင်းတို့ရယ်၊ အကြံဉာဏ်လေး ပေးပါဦး”

“မင်းမှာ ကောင်မလေးနဲ့ ပတ်သက်ပြီး သိတာဆိုလို့ နာမည်လေး တစ်လုံးပဲရှိတယ်၊ အဲ့ဒီနာမည်ကလည်း မိန်းကလေးတော်တော် များများမှာ မှည့်ကြတဲ့ နာမည်မျိုးကွ”

“ဟုတ်တယ်ကွ၊ မြတ်နိုးဆိုတဲ့ နာမည်က ကာရာအိုကေတို့ စင်တင်တို့က ကောင်မလေးတွေ တော်တော်များများလည်း ပေးကြတယ်”

“ခွီးပဲ… မင်းတို့ပြောပုံအရဆို ငါကပဲ ညတိုင်း အဲ့ဒီနေရာ တွေကို သွားရမလို ဖြစ်နေပြီ”

ဘုန်းနိုင်ထွဋ်ကိုကြည့်ပြီး နှစ်ယောက်စလုံး ရယ်လိုက်ကြ သည်။

ထို့နောက်…

“အလကား စတာပါကွာ၊ မင်းကို ငါတို့က အကြံပေးရရင် တစ်ခုတော့ လုပ်လို့ရတယ်”

“ဘာလဲဟင်… ဘာလဲ”

ဘုန်းနိုင်ထွဋ် ပျာပျာသလဲနဲ့ မေးလိုက်သည်။ ကျော်ဦးက ဘုန်းနိုင်ထွဋ်ကိုကြည့်ပြီး…

“ဒီလိုလုပ်ကွ”

“ဘယ်လိုလုပ်ရမလဲ”

“မင်း ရွှေတိဂုံဘုရားကို နေ့တိုင်းသွားရမယ်”

ဘုန်းနိုင်ထွဋ် ငြိမ်သွားသည်။ လင်းဆွေက ကျော်ဦးစကားကို ထောက်ခံသည့်အနေနှင့် လက်ဖျောက်တီးလိုက်ကာ…

“ဟုတ်တယ်… အဲဒါမှန်တယ်၊ ကောင်မလေးကို တစ်နေ့ မဟုတ်တစ်နေ့ မင်းတွေ့မှာပဲ”

ဘုန်းနိုင်ထွဋ် လက်ခမောင်းထခတ်၍…

“ဟုတ်ပြီ၊ ရှေ့တစ်ပတ် တနင်္လာနေ့ကစပြီး ဘုရားကို ငါ နေ့တိုင်းသွားမယ်”

“ဒါပေါ့ကွ… ဒါပေါ့”

“မင်းတို့နှစ်ယောက်လည်း ငါနဲ့ အတူလိုက်ရမယ်”

“ဟင်”

“ဘာ”

“ဟုတ်တယ်လေ၊ ငါတစ်ယောက်တည်း ရွှေတိဂုံဘုရားမှာ







www.burmeseclassic.com

www.burmeseclassic.com



ဘာသွားလုပ်ရမှာလဲ၊ ပျင်းစရာကြီး"

ကျော်ဦးနဲ့ လင်းဆွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။ လင်းဆွေက ကျော်ဦးကို မင်းပေးတဲ့ အကြံဆိုပြီး အသံတိတ်ဆဲ၏။ ကျော်ဦးကလည်း မင်းလည်း ပါတာပဲဆိုပြီး ပြန်ပြောသည်။ ဘုန်းနိုင်ထွဋ်က နှစ်ကောင်လုံးကို လက်ဆွဲနှုတ်ဆက်၍…

"ကျေးဇူးပဲကွာ… ကျေးဇူးပဲ၊ မင်းတို့ပေးတဲ့ အကြံအတိုင်း ငါလုပ်တော့မယ် စိတ်ချ၊ ရှေ့တစ်ပတ် တနင်္လာနေ့ မနက်စောစော ငါလာခေါ်မယ်၊ အဆင်သင့် စောင့်နေနော်"

"ဘာ… မနက်စောစော ဟုတ်လား"

"ဟုတ်တယ်လေ ဘုရားဖွင့်တာနဲ့ သွားမှာ"

"ဟင်"

"ထမင်းချိုင့်ပါ ယူရင် ယူခဲ့ကြ"

"ဘာလုပ်ဖို့လဲ"

"ညဆို ဘုရားပိတ်မှ ပြန်မှာမို့လို့"

"ဘာ"

နှစ်ကောင်လုံး မျက်လုံးတွေပြူးကာ ထအော်ကြသည်။ လင်းနိုင်ထွဋ်ကတော့ ဘယ်သူ့မှ ဂရုမစိုက်ဘဲ ထိုနေရာမှ ထွက်ခဲ့ပါတော့၏။





ကျော်ဦးတို့ခမျာ မျက်လုံးတွေအပြူးသား…

ရွှေတိဂုံဘုရားကို နေ့တိုင်းတက်ဆို သွားချင်မှ သွားမည်။ သို့သော် အခုတော့ လိုအပ်ချက်တစ်ခုရှိနေ၍ ဘုရားကို နေ့တိုင်း ရောက်ဖြစ်၏။ မနက်ဆို ဘုရားကိုရောက်ပြီ၊ ကျော်ဦးနဲ့ လင်းဆွေလည်းပါ၏။ ထိုနှစ်ယောက်ကတော့ မလိုက်ချင်လိုက်ချင်နဲ့ လိုက်လာရခြင်းဖြစ်၏။ ပထမတော့ ဘာမှ သိပ်မပြော၊ တစ်ပတ်လောက် ကြာလာတော့ ပြူပြူစူစူဖြစ်လာ၍…

ဘုန်းနိုင်ထွဋ်က…

"မင်းတို့ကို ငါက ကုသိုလ်ကောင်းမှုတွေ ပေးနေတာ မလိုချင်ကြဘူးလား၊ မင်းတို့ အခုဆို ဘုရားကို နေ့တိုင်းရောက်ဖြစ်တယ်၊ ဒါကြောင့် နေ့တိုင်းကုသိုလ်ရတယ်"

"သွားစမ်းပါကွာ၊ မင်းတောင် ဘုရားကိုလာတာ ကုသိုလ်ရချင်လို့မှ မဟုတ်တာ၊ ဖွန့်ကြောင်ချင်လို့ပဲဟာကို"

ဘုန်းနိုင်ထွဋ်က ရယ်လိုက်၏။ ထို့နောက် လုပ်နေကြပုံစံအတိုင်း ဘုရားကိုပတ်ကာကြည့်၏။ အရင်နေ့တွေကအတိုင်းပင် ရွှေတိဂုံဘုရားဖူးများနဲ့ စည်ကားလျက်ရှိ၏။ ဘုရားဖူးများကြားမှာ ခြတ်နီးဆိုတဲ့ ကောင်မလေးတစ်ယောက်ကို လိုက်ရှာမိ၏။ ကျော်ဦးနဲ့



www.burmeseclassic.com

www.burmeseclassic.com



လင်းဆွေတို့လည်း သူနဲ့အတူ ရောယောင်ပြီး လိုက်ရှာသည်။ သူတို့က ရှာသာရှာရသည်၊ မြတ်နိုးကို မြူသလား မဲသလားတောင် သိကြသူများမဟုတ်။ ဘုန်းနိုင်ထွဋ် ပြောထားသောပုံစံကိုမှတ်ပြီး ထိုပုံစံအတူ ကောင်မလေးတွေတွေ့ရင် ဟိုတစ်ယောက်လား၊ ဒီတစ်ယောက်လား လိုက်မေးရ၏။

"မင်းဟာက ကြည့်လည်းလုပ်ဦးနော်၊ တစ်နေ့လာလည်း မတွေ့… တစ်နေ့လာလည်း မထူးခြားနဲ့ လူက ကြာရင် ဘုရားကြည်ညိုလွန်းလို့ ထွက်ရပ် ပေါက်ချင်ပေါက်သွားမယ်၊ မင်း ကောင်မလေးကို တွေ့ရမယ် မထင်ဘူး"

လင်းဆွေရဲ့စကားကို ဘုန်းနိုင်ထွဋ် ဘာမှပြန်မပြော။ အမှန်တကယ်ပြောရရင် သူလည်း စိတ်ဓာတ်ကျစတော့ ပြုလာပြီ။ အခုဆို ဘုရားမှာ နေ့တိုင်းလာစောင့်နေတာ တစ်ပတ်တိတိ ရှိသွားပြီ၊ ကောင်မလေး ပြောစကားအရ တစ်ပတ်တစ်ခါ ဘုရားတက်ရိုးမှန်ရင် သူနဲ့ ဆုံမှာမလွဲ။ အခုတော့…

"လင်းဆွေပြောတာ မှန်တယ် ဟေ့ကောင်၊ မင်းကောင်မလေးက တစ်ပတ်တစ်ခါ ဘုရားတက်တယ်ဆိုတာ မဖြစ်နိုင်ဘူးထင်တယ်၊ မင်းကို ဖောသွားတာ ဖြစ်နိုင်တယ်"

ဘုန်းနိုင်ထွဋ် သက်ပြင်းကို ချလိုက်သည်။ ထို့နောက် ရွှေတိဂုံစေတီကို လက်ယာရစ် တစ်ပတ်ပြည့်အောင်ပတ်ပြီး နောက်ဆုံး





အနေနှင့် ကောင်မလေးကို ရှာမိသည်။ မတွေ့ပါ။

နောက်ဆုံးတော့ ရင်ပြင်တော်ပေါ်မှ ပြန်ဆင်းခဲ့လိုက်ပါတော့သည်။ ကားပေါ်ရောက်တော့…

"တော်ပြီကွာ၊ နောက်နေ့တွေ မလာတော့ဘူး"

ကျော်ဦးနဲ့ လင်းဆွေ မျက်နှာတွေ ချက်ချင်း ဝင်းပကာသွား၏။ ရင်ထဲမှာ တက်ဆောင့်လာတဲ့ အပျော်လုံးက မနည်းထိန်းချုပ်ထားလိုက်ရသည်။

"ကံမကုန်ရင်တော့ ပြန်ဆုံရဦးမှာပေါ့ကွာ"

ဘုန်းနိုင်ထွဋ်ပါးစပ်က တီးတိုးရေရွတ်လိုက်ပါတော့၏။

ရွှေတိဂုံဘုရားကို သွားစရာလည်း မလိုတော့၍ အားယားနေသည်။ သို့သော် မေမေ့ကို လိုက်ပို့ရသည့် ဗုဒ္ဓဟူးနေ့တစ်ရက်တော့ ရောက်ဖြစ်၏။ ထိုနေ့ရောက်တိုင်းလည်း သူ မြတ်နိုးကို လိုက်ရှာမိပါသည်။ ကောင်မလေးကို လုံးဝမတွေ့ရပါ။

မင်း ဘယ်များရောက်နေတာလဲ ကောင်မလေးရယ်။

သူ အမြဲတမ်း ရေရွတ်နေကြစကားပါ။ ကောင်မလေးက သူ့ကို အိပ်မက်တွေပေးပြီး ပျောက်သွားလိုက်တာ။ အဲဒီနေ့ကပြီး လုံးဝမတွေ့ရတော့။



www.burmeseclassic.com

www.burmeseclassic.com



သူ သတိရနေသလိုရော ကောင်မလေးက သူ့ကို သတိရနေမှာလား။ ဒါကတော့ ဖြစ်နိုင်ချေ တော်တော်နည်းသည်။ စိတ်ထဲမှာ တွေးကြည့်တာနဲ့တင် သိပ်အားမရှိလှ။

"သား ဒီနေ့ ဘယ်မှ မသွားဘူးလား"

အိမ်ရှေ့ဧည့်ခန်းမှာထိုင်ရင်း တောင်တောင်အီအီတွေးနေသော သူ့ကို မေမေက လှမ်းမေးသည်။ ဘုန်းနိုင်ထွဋ် ခေါင်းခါပြလိုက်တော့…

"ဒါဆို မေမေ့ကို City mart လိုက်ပို့ပေးပါလား"

"သွားလေ မေမေ၊ ဘယ် City mart သွားချင်လဲ"

"Junction 8 ကို သွားမယ်"

"ဟုတ်ကဲ့၊ ဒါဆို သား အဝတ်အစားသွားလဲလိုက်ဦးမယ် ခဏစောင့်"

ဘုန်းနိုင်ထွဋ် အပေါ်ထပ်က သူ့အခန်းကို တက်သွားပြီး အဝတ်အစားလဲကာ ပြန်ဆင်းလာသည်။ ထို့နောက် သူ အမေနဲ့အတူ အိမ်မှထွက်ခဲ့လိုက်ပါတော့သည်။ ကားပေါ်ရောက်တော့ မေမေက…

"သားကို မေမေ တစ်ခုမေးမလို့"

"မေးလေ မေမေ"

"သား အရင်ရက်တွေက ဘယ်တွေသွားသွားနေတာလဲ၊





မနက်ကတည်းက ပျောက်သွားလိုက်၊ ပြန်လာရင်လည်း မိုးချုပ်မှ"

ဘုန်းနိုင်ထွဋ် ရုတ်တရက်ဆိုတော့ ဘာပြောရမှန်းမသိ၊ အလုပ်ကိစ္စ အကြောင်းပြရအောင်လည်း သူ့မှာ ဘာအလုပ်မှ မယ်မယ်ရရ မရှိသေးတာ မေမေ အသိဆုံး။

"ပြောလေ သား… မင်း ဒီရက်ပိုင်းတွေ ပုံစံတစ်မျိုးဖြစ်နေတာ မေမေသိတယ်၊ မေမေ့ကို အမှန်အတိုင်း ပြောစမ်းပါ၊ မင်းမှာ မိန်းကလေးကိစ္စတွေများ ရှိနေပြီလား"

ဘုန်းနိုင်ထွဋ် ခဏလောက်နေတော့ ခေါင်းညိတ်ပြလိုက်လေသည်။ မေမေက သူ့ကို တည်ငြိမ်စွာကြည့်၍…

"ဘယ်သူများလဲသား၊ ထူးထူးခြားခြား မင်းက ရည်းစားတွေ ဘာတွေ ရလို့ပါလား၊ ကဲ… ပြောစမ်းပါဦး မင်းကောင်မလေး အကြောင်း"

ဘုန်းနိုင်ထွဋ် ရယ်လိုက်သည်။ မေမေက သူ့ရယ်တာကို ကြည့်၍…

"မင်းက ဘာရယ်တာလဲကွယ့်"

"မေမေ့စကားက ရယ်ရတာကို၊ မေမေက သားကို အထင်ကြီးထားတာကို"

"ဟင် မင်းခုနပြောတော့ ဟုတ်တယ်ဆို"

"ဟုတ်တော့ ဟုတ်တယ်လေ မေမေရယ်၊ ဒါပေမဲ့ ခေခေ



www.burmeseclassic.com

www.burmeseclassic.com



ပြောသလို ရည်းစားအဆင့်တော့ မဟုတ်သေးပါဘူး''

ဒီတစ်ခါ မေမေက ပြုံးလိုက်သည်။ ထို့နောက်…

''သြော်… လက်စသတ်တော့ ငါ့သားက ကောင်မလေးကို ကြိုးစားတုန်းကိုး''

''ဟဲ… ဟဲ အဲဒီလိုပြောရင်တော့ ရပါတယ်''

မေမေက ခေါင်းညိတ်လိုက်သည်။ ထို့နောက် သူ့ကိုကြည့်ကာ…

''ဒါနဲ့ ကောင်မလေးက ဘယ်ကလဲ''

''မသိဘူး မေမေ''

''နာမည်လေးကရော''

''မြတ်နိုးတဲ့''

''မြတ်နိုး''

မေမေက သူ့စကားကို လိုက်ရွတ်သည်။ ထို့နောက် ခေါင်းညိတ်၍…

''ဟုတ်ပါပြီ… အခု ငါ့သားနဲ့ သူနဲ့အခြေအနေကရော''

''သူ့ကိုသား နှစ်ခါပဲ တွေ့ဘူးသေးတယ် မေမေ၊ အဲဒီကတည်းက မတွေ့တော့တာ ဒီနေ့အထိပဲ''

''ဟော''

မေမေ မျက်လုံးပြူးသွားသည်။ ခဏနေတော့…

''မင်းဟာက ဘယ်လိုလဲ သားရယ်''





သူက ပြုံးလိုက်ကာ မြတ်နိုးနဲ့ သူနဲ့ကိစ္စကို အကြမ်းဖျင်း ပြောပြလိုက်ပါတော့သည်။ မေမေက ခေါင်းတညိတ်ညိတ်နဲ့ နားထောင်၏။ သူ့စကားဆုံးသွားတော့…

''မင်းတို့ဟာကလည်း ရုပ်ရှင်ဆန်လိုက်တာကွယ်၊ အဲဒါကြောင့် ငါ့သားက ရွှေတိဂုံကို နေ့တိုင်းသွားနေတာပေါ့''

ဘုန်းနိုင်ထွဋ် ခေါင်းညိတ်ပြလိုက်၏။ ထို့နောက် ရယ်လိုက်ပါတော့သည်။ သူ့မေမေကလည်း ရောယောင်လိုက်ရယ်ကာ…

''ကဲပါ ဟုတ်ပါပြီ… ဟုတ်ပါပြီ၊ မင်း အဆင်ပြေသွားတဲ့ တစ်နေ့ မင်းကောင်မလေးနဲ့ မေမေ့ကို မိတ်ဆက်ပေးပေါ့ ဟုတ်ပြီလား''

''စိတ်ချမေမေ… ရည်းစားဖြစ်တာနဲ့ မိတ်ဆက်ပေးမှာ''

သားအမိနှစ်ယောက် ပြုံးလိုက်ကြလေတော့သည်။ ခဏကြာတော့ Junction (8) သို့ ရောက်လာ၍ ကားကို ပါကင်ထိုးကာ အထဲသို့ ဝင်လိုက်ကြပါတော့၏။

Junction (8) ထဲမှာ လူတွေ စည်ကားလျက်။

City mart ထဲရောက်တော့ မေမေက ဝယ်စရာရှိသည်များကို ရွေးချယ်ဝယ်နေသည်။ ဘုန်းနိုင်ထွဋ်က သူ့အမေနောက်က ခြင်းဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ပြီး လိုက်မေး၏။ တစ်နေ့ရာအရောက်တွင် City mart ထဲမှ ရုတ်တရက်ထွက်သွားသော ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရတော့ ဘုန်းနိုင်ထွဋ်ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွား၏။

"မြတ်နိုး"

ဘုန်းနိုင်ထွဋ် လွှတ်ခနဲ ရေရွတ်လိုက်ကာ ချက်ချင်း City Mart ထဲက ထွက်ဖို့လုပ်၏။ သူ့အမေကို ဆွဲခြင်းပေးခဲ့ပြီး…

"ခဏလေး မေမေ…ခဏလေး၊ သားပြန်လာမယ်နော် ဒီကပဲစောင့်"

ဘုန်းနိုင်ထွဋ် မေမေက ရုတ်တရက်ဆိုတော့ အူတိအူကြောင်နဲ့ ကျန်ခဲ့သည်။ ဘုန်းနိုင်ထွဋ်က City Mart ထဲက ကမန်းကတန်း ထွက်ပြီး Junction (8) အပြင်ဘက်ကို လှမ်းကြည့်လိုက်သည်။ မြတ်နိုးက Junction (8) အပေါက်ဝက ဆင်းသွားဘာ တွေ့လိုက်ရ၏။ ဘုန်းနိုင်ထွဋ် အနောက်က ကမန်းကတန်း ပြေးလိုက်သွားလိုက်သည်။

အရေးထဲ ဈေးဝယ်လာသူ အမျိုးသမီးတစ်ယောက်နှင့် ပခုံးချင်း တိုက်မိ၍ ပြုတ်ကျသွားသော ပစ္စည်းများကို ပြန်ကောက်ပေးရင်း တောင်းပန်ရသေး၏။ အချိန်နည်းနည်း ကြာသွားသောကြောင့် Junction (8) အပြင်ကိုရောက်တော့ မြတ်နိုးကို မတွေ့တော့။

ဘုန်းနိုင်ထွဋ် ဟိုဟိုဒီဒီကြည့်ရင်း ပတ်ဝန်းကျင်ကို ကျိုးကန်းတောင်းမျှော် လိုက်ရှာရသည်။ တစ်နေ့ရာအရောက် ဘုန်းနိုင်ထွဋ်





အကြည့်က ရပ်သွားရ၏။ မြတ်နိုးကို ပလက်ဖောင်းတစ်နေရာတွင် ရပ်ရင်း ကားငှားနေတာ တွေ့လိုက်ရသောကြောင့်ဖြစ်၏။

သူ စဉ်းစားမနေတော့၊ ကောင်မလေးရှိရာသို့ ပြေးထွက်သွားလိုက်ပါတော့သည်။

"မြတ်နိုး"

သူမ ခေါ်သံကြားတော့ မြတ်နိုးက လှည့်ကြည့်သည်။ သူ့ကို တွေ့တော့ အူတိအူကြောင်နဲ့ ကြည့်နေ၏။

"မြတ်နိုး ကျွန်တော့်ကို မမှတ်မိဘူးလား။ ဟိုတစ်ခါ ရွှေတိဂုံဘုရားမှာ ဆုံတွေ့ခဲ့ဖူးတဲ့ တစ်ယောက်လေ မှတ်မိလား"

"သြော်"

မြတ်နိုးက တုံ့ဆိုင်းဘာဝေနှင့် အာမေဍိတ်သံတစ်ချက် ပြုလိုက်သည်။ အမူအရာကိုကြည့်ခြင်းအားဖြင့် သူ့ကို ကောင်းကောင်း မှတ်မိပုံမရမှန်း ဘုန်းနိုင်ထွဋ် သဘောပေါက်လိုက်၏။

ထို့ကြောင့် ဘုန်းနိုင်ထွဋ်က ထပ်ပြီး သူ့ကိုယ်သူ မိတ်ဆက်ရ၏။

"မြတ်နိုး ဇဝေဇဝါ ဖြစ်နေတယ်ထင်တယ်၊ အဲဒီတုန်းက အလှူငွေ ပိုက်ဆံထည့်တုန်း ပိုက်ဆံအိတ်ပါမလာလို့ မြတ်နိုးတောင် ကျွန်တော့်ကို ပိုက်ဆံသုံးထောင် စိုက်ပေးသေးတယ်လေ"

ဘုန်းနိုင်ထွဋ်စကားကြောင့် သူမ တစ်ချက်တော့ ငြိမ်သွားသည်။ ခဏကြာတော့မှ…



www.burmeseclassic.com

www.burmeseclassic.com



"သြော်… အင်း သိပြီ သိပြီ၊ ဒါနဲ့ အခု ဘယ်လာတာလဲ"

"ဒီကိုပဲ ဝယ်စရာလေးတစ်ခုရှိလို့ ဝင်လာတာပါ၊ ဒါနဲ့ မြတ်နိုးက ဘယ်ပြန်မှာလဲဟင်"

"ကျွန်မက သဃ်န်းကျွန်းဘက်ကို ပြန်မှာပါ၊ ဒါနဲ့ ကို… ကို… ဟိုဘယ်သူ"

"မြတ်နိုးက မမှတ်မိတော့ဘူးထင်တယ်၊ အဲဒီနေ့က ကျွန်တော့်နာမည်ကို ပြောခဲ့သေးတယ်လေ…ထားလိုက်ပါတော့၊ ကျွန်တော့်နာမည် ဘုန်းနိုင်ထွဋ်ပါ"

ဘုန်းနိုင်ထွဋ်က ပြုံးရင်းပြောလိုက်တော့ သူမ တစ်ချက်ပြုံးလိုက်ကာ ခေါင်းညိတ်လိုက်သည်။ ထို့နောက် အငှားကားတစ်စီး ဖြတ်သွား၍ သူမ တားမလို့အလုပ်…

"မြတ်နိုးကို ကိုယ်လိုက်ပို့ပေးပါရစေ… ရလားဟင်"

သူမက ညင်သာစွာ ခေါင်းကို ခါရမ်းလိုက်ကာ…

"နေပါစေ ရပါတယ်၊ ကျွန်မဘာသာ ကျွန်မ သွားပါ့မယ်"

"ဟိုတစ်ခါ ဘုရားမှာတွေ့တုန်းကလည်း မြတ်နိုး ဒီစကားပဲ ပြောခဲ့တယ်နော်၊ ဒီတစ်ခါတော့ လိုက်ပို့ခွင့်ပေးပါ"

"ဟာ မဟုတ်တာ၊ ကျွန်မတစ်ယောက်တည်းပဲ ပြန်ပါ့မယ်"

ဘာမှ ဆက်ပြောလို့ရမှာ မဟုတ်ဘူးဆိုတာ သဘောပေါက်လိုက်သည်။ ထို့ကြောင့် တခြားဆက်ပြောဖို့ ကြိုးစားရ၏။ ထို့ကြောင့်





ဘုရားတက်သည့်ကိစ္စကို ခေါင်းထဲမှာ သတိရသွား၍…

"ဒါနဲ့ မြတ်နိုးက တစ်ပတ်တစ်ခါ ဘုရားတက်တယ်ဆို"

မြတ်နိုးက မျက်လွှာတစ်ချက် လှန်ကြည့်လိုက်သည်။ ပြီးတော့…

"ဘာဖြစ်လို့လဲဟင်"

"ဘာမှ မဖြစ်ပါဘူး၊ ဘုရားကို ကျွန်တော်ရောက်တော့ မြတ်နိုးကို မတွေ့လို့ပါ"

သူမ ဘာမှဆက်မပြောပါ၊ ကားလမ်းမဘက်ငေး၍ အငှားကားတွေကို ကြည့်နေလိုက်သည်။ စပ်စုတာပဲ မကြိုက်လို့လား၊ ဘာလို့လားတော့မသိ မြတ်နိုးပုံစံက တစ်မျိုးတော့ဖြစ်နေသည်။

"မြတ်နိုး ကျွန်တော်မေးတာ မကြိုက်ရင် ဆောရီးပါနော်၊ ကျွန်တော်ကလည်း ဒီတစ်ပတ်အတွင်း ကိစ္စတစ်ခုကြောင့် ဘုရားကို နေ့တိုင်းလိုလိုရောက်ဖြစ်နေတယ်၊ မြတ်နိုးကလည်း အဲဒီနေ့က ဘုရားကို တစ်ပတ်တစ်ရက်လောက် လာဖြစ်နေတယ်ပြောလို့ ကျွန်တော် လိုက်ရှာမိတဲ့အကြောင်း ပြောပြတာပါ၊ မြတ်နိုးစိတ်ထဲမှာ စိတ်အနှောင့်အယှက်ဖြစ်သွားရင် ဆောရီးပါ"

ထိုသို့ ပြောလိုက်တော့မှ ကောင်မလေးက ပြုံးပြုံးရယ်ရယ် ဖြစ်လာပြီး…

"မဟုတ်ပါဘူး… ကျွန်မ ကိစ္စတစ်ခုကို ခေါင်းထဲမှာ အတွေး



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာလို့ ဘာမှ ပြန်မပြောဖြစ်တာပါ၊ အင်း… ပြောရမယ်ဆိုရင်တော့ ဟုတ်ပါတယ်၊ ကျွန်မ ခရီးထွက်နေလို့ ဘုရားမတက်ဖြစ်တာပါ''

''သြော်''

ထိုအချိန်မှာ အငှားကားတစ်စီး ထိုးစိုက်လာသည်။ ကားဆရာကို မြတ်နိုးက သူ သွားရမည့်လိပ်စာကို ပြောလိုက်၏။ အတိအကျတော့ မဟုတ်သော်လည်း ဘုန်းနိုင်ထွဋ်က ထိုလိပ်စာကို ရင်ထဲမှာ မှတ်သားထားလိုက်၏။

''သဃ်န်းကျွန်း သီရိဂုဏ်အိမ်ယာကို သွားမလို့ပါ''

ကားဆရာက ခဏစဉ်းစားပြီး သုံးထောင်တောင်းလိုက်၏။ မြတ်နိုးက ခေါင်းညိတ်ပြကာ ကားနောက်ခန်းတံခါးကိုဖွင့်၍ ဝင်သွား၏။ ထို့နောက် ကားပြတင်းပေါက်မှ သူ့ကိုကြည့်၍ တစ်ချက်ပြုံးပြလိုက်၏။

ဘုန်းနိုင်ထွဋ်က လက်ပြလိုက်ကာ…

''နောက်တစ်ခေါက်တွေ့ရင် ကျွန်တော်လိုက်ပို့ပေးတာ လက်ခံရမယ်နော်''

မြတ်နိုးက ပြုံးရုံသာပြုံးနေပါသည်၊ ဘာမှ မပြောပါ။ ထို့နောက် ကားထွက်သွား၏။ ဘုန်းနိုင်ထွဋ် ငေးရင်း ကျန်ခဲ့သည်။ သူ့စိတ်အတိုင်းဆို ထိုကားနောက်မှ နောက်ယောင်ခံလိုက်သွားမိမှာ





သေချာသည်။ သို့သော် သူလုပ်ချင်တိုင်း လုပ်လို့မရ။

City Mart ထဲမှာ မေမေတစ်ယောက်တည်း ကျန်ခဲ့လိမ့်မည်။ ထို့ကြောင့် ဘုန်းနိုင်ထွဋ်ခမျာ လက်လျှော့ကာ Junction (8) ထဲသို့ ပြန်ဝင်ခဲ့လိုက်ရပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

လေပြည်လေညင်းလေးတွေက တသုန်သုန်တိုက်ခတ်နေကြသည်။ လေယူရာအလိုကျ နှင်းဆီပန်းပင်လေးတွေက ယိမ်းနွဲ့နေကြ၏။ တချို့ရွက်ကြွေများက လေညင်းရစ်သံမှာ လိုက်ပါစီးမျောနေသယောင် တစ်နေရာမှ တစ်နေရာသို့ ခုန်ကူးနေကြလေသည်။ ထိုပတ်ဝန်းကျင် ပသာဒများနှင့်လိုက်ဖက်အောင် ကျေးငှက်ကလေးတွေကလည်း လောကကို အလှဆင်သည့်အနေနှင့် တေးဆိုပျော်မြူးရင်း တကျီကျီအော်မြည်ပေးနေကြပါသည်။

ခြံကြီးတစ်ခြံထဲရှိ မြက်ခင်းစိမ်းစိမ်းလေးပေါ်တွင် အသက်လေးဆယ်ကျော်အရွယ်ရှိ အမျိုးသမီးတစ်ယောက် မြက်ခင်းစပ်တွင် စိုက်ထားသော နှင်းဆီပန်းပင်များကို ရေလောင်းနေသည်။ ထိုအမျိုးသမီးဆီသို့ အိမ်ထဲမှ ထွက်လာသော ချောမောလှပသည့် ကောင်မ





လေးတစ်ယောက် သူမနောက်မှ သိုင်းဖက်လိုက်၏။ ထိုအမျိုးသမီးက ပန်းပင်ရေလောင်းနေရာမှ အနောက်သို့ လှည့်မကြည့်ဘဲ ပြုံးလိုက်ပြီး…

"ဘာလဲ မုန့်ဖိုးယူမလို့လား၊ မနက်ကပဲ ပေးပြီးပြီလေ"

"ဟင် တီတီလေးကလည်း ဘာတွေ လျှောက်ပြောနေတာလဲ၊ ရုပ်ကိုသေချာကြည့်ပြီး ပြောပါဦး၊ တီတီလေး သမီးကို ဘာမှ မပေးရသေးပါဘူး"

"လုပ်ပြီ နင်တို့ငါ့ကို ဒုက္ခပေးပြန်ပြီနော်"

"အာ… တီတီလေးကလည်း သမီးက ဘာဒုက္ခပေးလို့လဲ"

"ဒါဆို မနက်က ဈေးဝယ်စရာရှိတယ်ဆိုပြီး လာယူသွားတာ ဘယ်သူလဲ"

"အဲဒါတော့ သမီး ဘယ်သိမလဲ တီတီလေးရဲ့၊ ခင်ခင်ကတော့ အခုထိ တီတီလေးကို မုန့်ဖိုးမတောင်းရသေးဘူးနော်'

အမျိုးသမီးကြီးက သက်ပြင်းကို မသိမသာချလိုက်သည်။ ဒီလိုလုပ်ကွက်မျိုးတွေလည်း သူ့ခင်မျာ ခံရဖူးပေါင်းများ၍ အရေတောင် ထူနေပြီ၊ အခုလည်း ဒီတစ်ယောက်က မနက်က လာတောင်းသွားသူမှာ သူမဟုတ်ပါဘူးဆိုပြီး လာတောင်းနေပြန်၏။ ဒီတစ်ယောက်ကို ပေးလိုက်ပြီးပြန်လျှင်လည်း နောက်တစ်ယောက်က ထိုနည်းလည်းကောင်း လာဦးမည်။ မပေးချင်လို့ကလည်းမဟုတ်၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းက သုံးယောက်စာ သုံးကြိမ်လာတောင်းပြီး လုပ်စားသွားလျှင် ခက်မည်။ ကျန်တဲ့နှစ်ယောက်က ခံရပေဦးမည်။ ဒီရုပ်ချင်းခွဲမရအောင်တူသော အမွှာညီအစ်မသုံးယောက်နဲ့တော့ သူ့ခမျှာ ခက်လှ၏။ အမွှာသုံးယောက်ကလည်း တူချက်က တစ်ယောက်နဲ့တစ်ယောက် ချွတ်တပ်ထားသလား ထင်ရလောက်အောင် တူကြ၏။ ဆေားလှူသူစိမ်း ခွဲခြားနိုင်ဖို့နေနေသာသာ သူတို့ကို ကိုယ်တိုင်မွေးထားသော မိခင်အရင်းပင် တစ်ခါတစ်ရံ လုံးလုံးလျားလျား မခွဲနိုင်။

ဒီအမွှာတွေကလည်း လူလည်လေးတွေ၊ သူတို့ကို လူတွေက ခွဲခြားနိုင်ဖို့ ခက်ခဲလေလေ၊ သူတို့ကလည်း ပိုပြီး ခက်ခဲအောင် ပိုလုပ်ကြ၏။ ဥပမာ တစ်ယောက်ယောက် ပန်းစည်းတစ်ခုခုကို ဝယ်လျှင် သုံးယောက်လုံးအတွက် သုံးခုဆင်တူဝယ်သည်။ အဝတ်အစားတစ်မျိုးကို သုံးထည်ဆင်တူဝတ်၏။ ဖိနပ်တစ်မျိုးကို သုံးယောက်ဆင်တူစီးသည်။ ဒီတော့ ခွဲခြားရ ပိုမခက်လား။ သူတို့အချင်းချင်းတော့ ဘယ်လိုခွဲကြလည်းမသိ၊ သူတို့နဲ့ ပတ်သက်ရသည့် ပတ်ဝန်းကျင်ကတော့ ရှုးသွပ်နေရ၏။

အခုလည်းကြည့်… မနက်က တစ်ယောက်က ပိုက်ဆံ လာတောင်းသွားသည်။ အခုလည်း နောက်တစ်ယောက်က လာတောင်းနေပြန်ပြီ၊ အခုလာတောင်းသောတစ်ယောက်က မနက်က





တစ်ယောက် မဖြစ်နိုင်ဘူးဟု ဘယ်သူ အာမခံနိုင်မလဲ။

တီတီလေးဟု အခေါ်ခံရသည့် အမျိုးသမီးကြီးက သူ့ရှေ့က ကောင်မလေးကို လှည့်ကြည့်၍-

“ဒါဆို မနက်က လာတောင်းသွားတာ ဘယ်သူလဲ”

ထိုကောင်မလေးက မချိုမချဉ် တစ်ချက်ပြုံး၍…

“ဟဲ… ဟဲ ဒါတော့ သမီးလည်း ဘယ်သိမလဲ၊ သမီး မဟုတ်တာတော့ သေချာတယ်”

“သေချာလို့လား ခင်ခင်၊ ဒါဆို မနက်က တီတီလေးဆီ ဈေးဝယ်မလို့ဆို လာတောင်းသွားတာ ယဉ်ယဉ်နဲ့ လွင်လွင်ထဲက တစ်ယောက်ယောက်ပေါ့ ဟုတ်လား”

“ဟုတ်မှာပေါ့ သမီးက အခုမှ တီတီလေးဆီ လာတာ”

“နင်တို့တွေ ငါ့ကို ဦးနှောက်ခြောက်အောင် သိပ်လုပ်တာပဲ သိလား၊ ဟိုတစ်ခါကလည်း ဒီလိုပဲ သုံးယောက်လုံးစာကို တစ်ယောက်တည်းက နာမည်လိမ်ပြောပြီး ထုတ်သွားပြီးပြီ၊ ငါ့မှာ နင်တို့နဲ့ ပတ်သက်ရင် မိအေးနှစ်ခါတင်မကဘူး သုံးခါနာတယ် သိလား… သုံးခါနာတယ်”

“တီတီလေးကလည်း သုံးခါနာတော့ ဘာဖြစ်လဲ၊ ဒီတူမလေး သုံးယောက်တည်းရှိတာ မချစ်ဘူးလား”

“မချစ်ဘူးသွား၊ ဒီတစ်ခါ နင်တို့အမေ ဖုန်းဆက်ရင် လာခေါ်



www.burmeseclassic.com

www.burmeseclassic.com



တော့လို့ ပြောလိုက်တော့မယ်၊ နင်တို့ကို ငါမနိုင်တော့ဘူး''

ထိုကောင်မလေးက ထိုအမျိုးသမီးကြီးပါးကို ရွှတ်ခနဲ ဖက်နမ်းလိုက်သည်။ ပြီးနောက်···

''ကဲပါ တီတီလေးရယ် ဒီတစ်ခါတော့ သေချာပါတယ်၊ မနက်က လာယူသွားတာ ယဉ်ယဉ်နဲ့ လွင်လွင် နှစ်ယောက်ထဲက တစ်ယောက်ယောက်ပါ၊ ခင်ခင် မဟုတ်ပါဘူး၊ ခင်ခင်က အခုမှ တီတီလေးကို တောင်းတာ''

အမျိုးသမီးကြီးက မယုံကြည်နိုင်သေးပေ၊ ထို့ကြောင့် ခင်ခင်ဆိုသည့် ကောင်မလေးကို အိမ်ထဲခေါ်သွားပြီး ဧည့်ခန်းထဲရောက်တော့ အပေါ်ထပ်ကိုကြည့်ကာ လှမ်းအော်လိုက်သည်။

''ယဉ်ယဉ်နဲ့ လွင်လွင် ခဏဆင်းခဲ့စမ်း''

''ဟုတ်ကဲ့''

''ဟုတ်ကဲ့''

အသံတူတူ ပြိုင်တူအော်သံနှစ်ယောက် ထွက်လာ၏။ ခဏကြာတော့ အပေါ်ထပ် လှေကားပေါ်မှ ရုပ်ရည်ချင်း ချွတ်စွပ်တူသည့် ကောင်မလေးနှစ်ယောက် ဆင်းလာလေတော့သည်။ ထိုကောင်မလေးနှစ်ယောက်ကလည်း အောက်ထပ်မှာရပ်နေသည့် ခင်ခင်ဆိုသည့် ကောင်မလေးနည်းတူ T ရှပ်လေးနှင့် ဂါဝန်ဒူးဖုံးလေးတွေ ဆင်တူဝတ်ထားကြ၏။ ရုတ်တရက်ကြည့်ရင် အဲဒီသုံးယောက်





လုံးကို ဘယ်သူက ဘယ်ဝါပါဆိုတာ လုံးဝခွဲခြားလို့မရ။

အမျိုးသမီးကြီးက သုံးယောက်လုံးတို့ သူ့ရှေ့မှာ စိတ်တတ်ရပ်နိုင်းလိုက်သည်။ ထို့နောက် သုံးယောက်လုံး၏ မျက်နှာကို စေ့စေ့ကြည့်၍···

''မနက်က ရှောပင်သွားမလို့ဆိုပြီး မုန့်ဖိုးတစ်သိန်း လာတောင်းသွားတာ ဘယ်သူလဲ''

သုံးယောက်လုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အူကြောင်ကြောင် လုပ်နေကြ၏။

အမျိုးသမီးကြီးက သဘောပေါက်စွာ တစ်ချက်ပြုံးလိုက်ပြီး ခေါင်းတစ်ချက် ညိတ်လိုက်ကာ···

''ရတယ်လေ··· ဘယ်သူမှ မပြောရင်နေကြ၊ ဒီနေ့ကစပြီး သုံးယောက်လုံး ဘယ်သူလာတောင်းတောင်း တစ်ပြားမှ မပေးတော့ဘူး''

''ဟာ··· အဲဒီလိုတော့ မလုပ်ပါနဲ့၊ ပြောလိုက်လေ နင်တို့ကလည်း ငါက တကယ် တစ်ပြားမှ မရသေးတဲ့ဟာ၊ မနက်က ဈေးဝယ်မယ်ဆို လာတောင်းသွားတာ နင်တို့နှစ်ယောက်ထဲက ဘယ်သူလဲ''

ခင်ခင်ဆိုသည့် ကောင်မလေးက ထပြောလိုက်တော့ ကျန်တဲ့ နှစ်ယောက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ခွိခနဲ



www.burmeseclassic.com

www.burmeseclassic.com



ရယ်ကြသည်။ သူတို့အချင်းချင်းတော့ ဘယ်သူဘယ်ဝါဆိုတာ သိနေတဲ့ပုံ။

“ပြောလေပယ် နင်တို့ ငါ့ကို အဲလိုမညစ်နဲ့နော်။ အဲလို ညစ်ရင် ငါလည်း နင်တို့ကို ပြန်ညစ်မှာ”

ခင်ခင်ဆိုသည့် ကောင်မလေးက မုန့်ဖိုးမရသေး၍ ငိုတိုငိုမဲ့လေး ဖြစ်လာသည်။ ကျန်တဲ့နှစ်ယောက်က ထိုတော့မှ သက်ပြင်းလေးတွေ ကိုယ်စီချ၍ တစ်ယောက်က ခေါင်းညိတ်လိုက်ကာ…

“သမီးပါ… တီတီလေးဆီက ယူသွားတာ သမီးပါ”

“သမီးပါလို့ မပြောနဲ့၊ လွင်လွင်လား ယဉ်ယဉ်လားပဲပြော”

“လွင်လွင်ပါ”

“ဟုတ်ပြီ… ဒါဆို ဒီမှာလက်မှတ်ထိုး၊ မေ့စွဲရေး”

ထိုအမျိုးသမီးကြီးက လယ်ဂျာစာအုပ်ကြီးတစ်အုပ်ကိုယူကာ သူမတို့ရှေ့က စားပွဲပေါ် ချလိုက်၏။

ခုန ယဉ်ယဉ်ဆိုတဲ့ကောင်မလေးက လက်မှတ်ထိုးရသည်။ ထို့နောက် ထိုအမျိုးသမီးကြီးက ခင်ခင်ဆိုသည့် ကောင်မလေးကို စားပွဲပေါ် တင်ထားသော ပိုက်ဆံအိတ်ထဲမှ ပိုက်ဆံတစ်သိန်း ထုတ်ပေးလိုက်သည်။ ပြီးနောက် မရသေးသည့် လွင်လွင်ဘက်

ချင် တစ်ခါတည်းယူသွား၊ ပြီးမှ လာမတောင်းနဲ့”





“ဟုတ်ကဲ့ တစ်ခါတည်း ယူသွားပါ့မယ် တီတီ”

“ပြီးရင် ဒီမှာ တစ်ခါတည်း လက်မှတ်ထိုး”

“ဟုတ်ကဲ့”

ကောင်မလေးသုံးယောက်လုံး လက်မှတ်ထိုးသည်။ ထို့နောက် ထိုနေရာမှ ပျော်ရွှင်စွာ ခုန်ပေါက်ရင်း အိမ်ပေါ်သို့ တက်သွားကြပါတော့၏။ ထိုသုံးယောက်ရောသွား၍ ဘယ်သူက ဘယ်သူမှန်း မသိတော့။

“ငါမနက်က ဝယ်လာတဲ့ ကလစ်ဖိုးတွေ နင်တို့ပြန်ပေးရမယ်နော်”

ဟု တစ်ယောက်က ပြောလိုက်တော့မှ ကျန်နှစ်ယောက်က လွင်လွင်နဲ့ ခင်ခင်မှန်း သိလိုက်ရပါတော့သည်။ ပြောလိုက်သူက ခုနက ရှော့ပင်သွားသည့် ယဉ်ယဉ်။

အမျိုးသမီးကြီးက ထိုသုံးယောက်ကိုကြည့်ရင်း ပြုံးရင်း ခေါင်းခါမိလိုက်ပါတော့၏။

ဒေါ်ခင်မျိုးတင့်သည် အသက်လေးဆယ်ကျော်ပြီဟု ဆိုသော်လည်း အရွယ်တင်သည်ဟု ဆိုရမည်။ အရင်တွယ်ခံရုပ်တော့



www.burmeseclassic.com

www.burmeseclassic.com



အလားအလာမရှိပါ။ သံယောဇဉ်ကို ဆိုလိုပါသည်။ သူမဘဝတွင် အချစ်နဲ့ပတ်သက်၍ သံယောဇဉ်ဆို၍ လုံးဝမရှိခဲ့၊ ငယ်ရွယ်နုနယ်စဉ် အခါကလည်း သူမ၏ ရုပ်ဆင်းအင်္ဂါလေး လှပချောမွေ့မှုကြောင့် အများက ဝိုင်းရွေးခဲ့သော်လည်း သူမက အရွေးများခဲ့၍ ဘယ်တစ်ယောက်နဲ့မှ အဖတ်မတင်ဘဲ အချိန်တွေ ကုန်လွန်ခဲ့ရ၏။

အခုလို အသက်အရွယ်ရလာပြီး ရင့်ကျက်တည်ငြိမ်သော အရွယ်ရောက်လာတော့လည်း သူဟာနဲ့သူတော့ ရှိသေးသည်။ တက္ကသိုလ်ဟုန်းက သူမကို တစ်ဖက်သတ်ကြိုက်နေသူများ၊ သူမမှ မရရင် သစ်ပုတ်ပင်ကြီးကို ခေါင်းနဲ့ပစ်ဆောင့်ပြီး သေပစ်လိုက်မယ် ဟု ကြိမ်းဝါးခဲ့သူများ သူမနားမှာ ယခုတိုင် တဝဲတလည်လည် ရှိသေးသည်။ ယခုအသက်အရွယ်လောက် ရောက်လာတော့လည်း ဒေါ်ခင်မျိုးတင့်ခမျာ အရွေးသိပ်မများချင်တော့ပါ၊ ဆေးပေးမီးယူ သဘောနှင့် ရင့်ကျက်တဲ့မိသားစုဘဝကို တည်ထောင်လိုစိတ် ရှိလာခဲ့ပါသည်။

သို့သော်…

သို့သော် သူမထံသို့ လွန်ခဲ့တဲ့ သုံးနှစ်ခန့်က အမွှာညီမလေး သုံးယောက်သည် အလိုလိုရောက်လာခဲ့၏။ ထိုတူမလေးသုံးယောက်က သူမ အစ်မအကြီးဆုံး ဒေါ်ခင်မျိုးဆင့်မှမွေးသော တူမလေးတွေ ဖြစ်၏။ ယခင်က သူတို့က မန္တလေးမှာ နေကြသည်။ လွန်ခဲ့တဲ့





သုံးနှစ်လောက်က မိသားတစ်စုလုံး ရန်ကုန်ပြောင်းလာကြ၏။ ယခု နေထိုင်ရာခြံကြီးကိုဝယ်ပြီး မိသားစုတွေ နေထိုင်ကြ၏။ ဒေါ်ခင်မျိုးဆင့်က ဒေါ်ခင်မျိုးတင့်ကိုပါ ခေါ်ထားသည်။ ဒေါ်ခင်မျိုးတင့်က ယခင်က တစ်ကိုယ်တည်း အပျိုကြီးဆိုတော့ သူငယ်ချင်းတစ်ယောက်နဲ့ အတူနေထိုင်သည်။ ဒေါ်ခင်မျိုးဆင့်ခေါ်တော့ သူမက ဒေါ်ခင်မျိုးဆင့် တို့နဲ့အတူ လာနေရ၏။

ဒီလိုနဲ့ ရန်ကုန်ရောက်ပြီး တစ်နှစ်အကြာ အလုပ်ကိစ္စနှင့် လင်မယားနှစ်ယောက်လုံး စင်္ကာပူသွားရကိန်း ပေါ်လာ၏။ ဤသို့ဖြင့် ဒီတူမလေးသုံးယောက်ကို မိဘပမာ ထိန်းကျောင်းရဖို့ တာဝန်မှာ သူမလက်ပေါ်သို့ လုံးလုံးလျားလျား ကျရောက်လာပါတော့သည်။

ဤမှစ၍ ဒေါ်ခင်မျိုးတင့်၏ နှလုံးသားရေးရာသည် ထိုတူမလေး သုံးယောက်ကြောင့် မှေးမှိန်ပျောက်ကွယ်လုခမန်း ဖြစ်ခဲ့ရပါတော့၏။ သို့သော် လှံထမ်းလာတာကိုသာ မြင်ရသည်၊ ကံထမ်းလာတာကို မမြင်ရ။

ဤသို့သဘောမျိုးရှိသော လောကကြီးတွင် ဒေါ်ခင်မျိုးတင့် အတွက်လည်း ကုသိုလ်ကံတွေ တစ်ပုံတစ်မကြီး ထမ်းလာတာကို ဘယ်သူမြင်နိုင်မည်နည်း။

ထိုကဲ့သို့ သူမထံသို့ ကုသိုလ်ကံတွေ တစ်ပုံတစ်မကြီး ထမ်းလာခဲ့သူမှာ…



www.burmeseclassic.com

www.burmeseclassic.com



"ဦးမျိုးဝေဝင်း"

(PS...... သူ့နာမည်ကိုဖတ်လျှင် ဝီပီသသဖတ်ရန် တောင်းပန်အပ်ပါသည်)

'ဦးမျိုးဝေဝင်း'

သူက သင်္ဘောသားတစ်ယောက်၊ လွန်ခဲ့တဲ့ တစ်နှစ်ကလောက်အထိ သင်္ဘောလိုက်ခဲ့ခြင်းကို ဆိုလိုသည်။ ယခုတော့ မဟုတ်တော့၊ နှစ်ပေါင်းများစွာ သင်္ဘောလိုက်ပြီး စုဆောင်းထားတဲ့ ပိုက်ဆံလေးနှင့် သူငယ်ချင်းတွေပေါင်းပြီး အစုရှယ်ယာ ကုမ္ပဏီလေးတစ်ခု ထောင်ထားသည်။

လူပျိုကြီး။

လူပျိုကြီးဆိုတော့ အနှောင်အဖွဲ့ကလည်းမရှိ၍ တသီးတခြားတည်း၊ တစ်ယောက်တည်း အထီးကျန်နေလာရတာများ၍ နည်းနည်းတော့ ကြောင်တောင်တောင်နိုင်၏။ အစားအသောက် ဇီဇာကြောင်တတ်သည်။ အသန့်အပြန့်ကြိုက်သည်။ အဝတ်အစား ဂျီးများ၍ တစ်ခါတစ်ရံ တစ်လောကလုံးကို သူနဲ့မတူမတန်သလို ဆက်ဆံကက်လေသည်။





သူ့ကို လူတော်တော်များများက ရေပေါ်မှာ အနေများ၍ ပထဝီကြော လွတ်သွားသည်ဟု ဆိုကြသည်။ သို့သော် သူ့အကြောင်း သိသူများကတော့ အဲဒီလိုမထင်။ ကျောင်းတုန်းက အသည်းအသန်ချစ်ခဲ့ရသည့် ချစ်သူတစ်ယောက်ကို မရခဲ့၍ အချစ်ရူးကြီး ရူးသွားကာ လောကကြီးကို စိတ်နာပြီး တစ်ကိုယ်တည်း နေထိုင်လာခဲ့တာများ၍ ဤကဲ့သို့ အံမဝင် ဂွင်မကျ ဖြစ်ခဲ့သည်ဟု ဆိုကြသည်။ ပြောရမယ်ဆို အချစ်ရူးပေါ့။

ဦးမျိုးဝေဝင်း ကြိုက်ခဲ့တဲ့ကောင်မလေးက ဘယ်သူပါလဲ။

သူနဲ့ ငယ်စဉ်ကတည်းက ပတ်သက်ခဲ့သူတွေ အကုန်သိကြ၏။

ထိုကောင်မလေးက မာလာဆောင်မှာ နေခဲ့သည့် တစ်ကျောင်းလုံးရဲ့ အလှထိပ်ထားလေး။

'ခင်မျိုးတင့်'

ဒေါ်ခင်မျိုးတင့်တို့ခေတ်က ခင်မျိုးတင့်ယော့ဟုဆိုခဲ့လျှင် ရန်ကုန်တက္ကသိုလ်တစ်လွှား မသိသူမရှိသလောက် ကျော်ကြားခဲ့၏။ သူ့မတို့ လိုချင်သူတွေ ဝိုင်းဝိုင်းလည်။

ထိုအထဲတွင် 'ဦးမျိုးဝေဝင်း' တစ်ယောက် ရှေ့ဆုံးက ပါဝင်ခဲ့သည်။ သစ်ပုတ်ပင်ကြီး ခေါင်းစောင့်ပြီး သေပစ်လိုက်မယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတွေထဲတွင် ဦးမျိုးဝေဝင်းက ထိပ်ဆုံးက၊ တကယ်လည်း အချစ်သူရဲကောင်းကြီးဘွဲ့ခံပြီး ဒေါ်ခင်မျိုးတင့် ငြင်းပယ်ခဲ့သည့်နေ့က သစ်ပုတ်ပင်ကြီးကို ခေါင်းနဲ့ပြေးဆောင့်ခဲ့ဖူး၏။ သူ့ခေါင်းသာ ဟက်တက်ကွဲပြီး တက္ကသိုလ်ဆေးရုံတွင် သုံးချက်ချုပ်လိုက်ရသည်။ ဒေါ်ခင်မျိုးတင့်ကတော့ ခပ်အေးအေး။

ထိုနေ့မှစ၍ ဦးမျိုးဝေဝင်းတစ်ယောက် တက္ကသိုလ်နယ်မြေမှ ပျောက်ချင်းမလှ ပျောက်သွားသည်။ ဒေါ်ခင်မျိုးတင့်နေသည့် မာလာဆောင်၏ ညချမ်းတွေမှာလည်း ယခင်ကလို မတွေ့တော့၊ ဤသို့ဖြင့် 'မျိုးဝေဝင်း' ဆိုတဲ့ ကျောင်းသားလေးတစ်ယောက် တက္ကသိုလ်ရဲ့ ငွေလမင်းလေးကို မရ၍ ပျောက်ချင်းမလှ ပျောက်သွားခဲ့ရာမှ ယခု နှစ်နှစ်ဆယ်ကျော်ကာလသို့ ရောက်ရှိလာသောအခါ…

"ခင်… ခင်… ခင်မျိုးတင့် မဟုတ်လား"

တစ်ခုသော စူပါမားကတ်ကြီးတစ်ခု၏ ညနေခင်းတွင် သူ့ကို နှုတ်ဆက်သူ အမျိုးသားကို ဒေါ်ခင်မျိုးတင့်တစ်ယောက် အူကြောင်ကြောင်နဲ့ ကြည့်နေမိသည်။ ထိုအမျိုးသားက ဒေါ်ခင်မျိုးတင့်ကို ဝမ်းသာအားရ အာသာငန်းငန်းကြည့်နေရင်းမှ…





"ဟုတ်ပါတယ် ခင်မျိုးတင့်မှ ခင်မျိုးတင့် အစစ်ပါ"

"ဟုတ်ပါတယ် ကျွန်မ ခင်မျိုးတင့်ပါ၊ ဒါ… ဒါ… ဒါနဲ့ ဒီက…"

"သေသေချာချာကြည့်ပါဦး၊ ခင်မျိုးတင့်ရယ် တို့လေ၊ တို့ကို မမှတ်မိတော့ဘူးလား"

ဒေါ်ခင်မျိုးတင့်က သူ့မရှေ့က အမျိုးသားကို သေချာကြည့်သည်။ သပ်ရပ်သော ပါတိတ်အင်္ကျီ၊ စတိုင်ပင်ဘောင်းဘီနှင့် ဖိနပ်တို့ကို သားနားသေသပ်စွာ ဝတ်ဆင်ထားသော ပုဂ္ဂိုလ်တစ်ယောက်၊ ရုပ်ရည်အားဖြင့်လည်း သူ့အသက်အရွယ်နဲ့သူ ခန့်ညားနေသော လူတစ်ယောက်။

သေသေချာချာ စေ့စေ့ကြည့်လိုက်မှ ငယ်ရုပ်ကလေးက ပြန်ပေါ်လာသည်။ ထို့ကြောင့် သူမ ဝမ်းသာအားရ နာမည်တစ်ခုကို ရေရွတ်ပစ်လိုက်၏။

"ဟင်… ကိုမိုးဖေလင်း"

ဦးမျိုးဝေဝင်းမျက်နှာ မအီမလည်ကြီး ဖြစ်သွား၏။ သူ့ခမျာ ဝမ်းပဲသာရတော့မလိုလို၊ ထိုင်ပဲငိုရတော့မလိုလို။

"အဲဒီနာမည်ကြီး မဟုတ်ပါဘူး ခင်မျိုးတင့်ရယ်၊ ခင်မျိုးတင့် ခေါ်လိုက်တဲ့နာမည်ကြီးကိုလည်း ကြည့်ပါဦး"

ဒေါ်ခင်မျိုးတင့်ဝါးစပ်က သူ့ခေါ်လိုက်တဲ့နာမည်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရှုတ်ကြည့်သည်။

"မိုးဖေလင်းဆိုတော့ မင်းဖေ… အဲ..ဆောရီးဆော..ရီး ကျွန်မ ကျွန်မ ရုတ်တရက်ဆိုတော့ ကိုမိုးဖေလင်းရဲ့"

"ဟာ လုပ်ပြန်ပြီ ဒီနာမည်ကြီး၊ တို့နာမည် မျိုးဝေဝင်းပါ ခင်မျိုးတင့်ရဲ့၊ ခင်မျိုးတင့် မှတ်မိတယ်မလား… ဟိုဟာလေ မမှတ်မိရင် သစ်ပုတ်ပင်ကြီး သွားကြည့်"

"ဟင်… သစ်ပုပ်ပင်ကြီး ခုတ်ပစ်လိုက်ပြီလားဟင်၊ ရက်စက်လိုက်ကြတာ၊ ရန်ကုန်တက္ကသိုလ်ရဲ့ တကယ့်ပြယုဂ်ကြီးကိုမှ"

"အင်းလေ သူတို့ကလည်း တကယ်ပဲ၊ ဟာ… မဟုတ်ပါဘူး၊ ကိုယ်တောင် ယောင်ကုန်ပြီ"

ဦးမျိုးဝေဝင်း ခေါင်းကို တပြင်းပြင်း ကုပ်လိုက်၏။ သူတောင် ဒေါ်ခင်မျိုးတင့်နဲ့ပေါင်းပြီး ဂယောင်ချောက်ချားတွေ ဖြစ်ကုန်ပြီ။

"မဟုတ်ဘူးလေ ခင်မျိုးတင့်ရဲ့၊ ကိုယ့်ရဲ့ထိပ်ကလေးလေ ထိပ်ကလေး"

ဒေါ်ခင်မျိုးတင့် မျက်လုံးပြူးသွားကာ…

"ဘယ်ထိပ်လဲဟင်… ဘယ်ထိပ်လဲ"

ဟု ကြောက်လန့်တကြားမေး၏။

ဦးမျိုးဝေဝင်းက သူ့နဖူးလေးကို ပြူးကျဲကျဲနဲ့ လက်ညှိုးထိုးပြလိုက်၍…





"ဒီထိပ်… ဒီထိပ်… ဟီးဟီး မှတ်မိတယ်မလား၊ သစ်ပပ်ပင်ကြီးနဲ့လေ ဟီးဟီး… သုံးချက်တောင်"

ဒေါ်ခင်မျိုးတင့် ရှက်သွေးဖြာပြီး ခေါင်းငုံ့သွားသည်။ အဲဒီတုန်းက နွားသိုးတစ်ကောင်လို နဖူးတရှုးရှုးမှုတ်ရင်း သစ်ပုပ်ပင်ကြီးခေါင်းနဲ့ ပြေးဆောင့်နေသော မျိုးဝေဝင်းကို ရုပ်ရှင်ပြကွက်တစ်ခုလို မြင်ယောင်လာ၏။

"ခင်မျိုးတင့် အခု ဘယ်လာတာလဲဟင်"

ထိုတော့မှ ဒေါ်ခင်မျိုးတင့် သတိပြန်ရလာ၍ ကမန်းကတန်းနှင့်…

"ဒီ… ဒီကိုပဲလာတာပါ ဝယ်စရာလေး နည်းနည်းရှိလို့"

"ဟုတ်လား ခင်မျိုးတင့်၊ တို့ကိုတော့ မှတ်မိသွားပါပြီနော်"

ဒေါ်ခင်မျိုးတင့်က ပီဘိကျောင်းသူလေးတစ်ယောက်လို ဆော်ကိုးရှက်ကန်းနှင့် ခေါင်းညိတ်ပြ၏။

ဦးမျိုးဝေဝင်းက သံယောဇဉ်မကုန်နိုင်သေးသော မျက်လုံးများနှင့် တစ်ချက်ကြည့်လိုက်ကာ စကားတစ်ခွန်းကို ခပ်တိုးတိုးလေး မေးချလိုက်၏။

"တစ်ယောက်တည်းလား"

စကားက ရိုးရှင်းပါသည်။ 'တစ်ယောက်တည်းလား' ဟူသော ထိုစကားကိုမေးချိန်တွင် သူ့ရဲ့လေသံသည် အရွယ်နှင့် မလိုက်



www.burmeseclassic.com

www.burmeseclassic.com



အောင် နူးညံ့တုန့်ခါနေလေသည်။

ဒေါ်ခင်မျိုးတင့်က ခေါင်းအသာညိတ်ပြတော့ နောက်တစ်ဆင့် တက်၏။ ခုနလေသံလိုပဲ ညင်ညင်သာသာလေး၊ သို့သော် စိုးရိမ်မှု တွေ စွက်ဖက်နေ၏။

"အမျိုးသား မပါဘူးလားဟင်"

မေးခွန်းကလေးက ပညာသားပါပါ လှပပါသည်။ ဒေါ်ခင်မျိုး တင့်က မျက်လွှာတစ်ချက်ပင့်ကြည့်၏။ ဦးမျိုးဝေဝင်း ဆယ်တန်း အောင်စာရင်းကို သူ့နာမည်ပါမပါ လိုက်ရှာနေသော ကျောင်းသား လေးတစ်ယောက်လို ရင်ခုန်သံတွေ ဝုန်းဒိုင်းကျဲလျက် ဒေါ်ခင်မျိုးတင့် မျက်နှာကို စိုက်ကြည့်နေ၏။

ခဏကြာတော့ ဒေါ်ခင်မျိုးတင့် နှုတ်ခမ်းနှစ်လွှာသည် တစ်လွှာ ချင်း စည်းချက်ညီညီပွင့်လျက်-

"ကျွန်မက အရင်လိုပါပဲ"

ဦးမျိုးဝေဝင်း မိနစ်ပိုင်းမျှ ဒေါ်ခင်မျိုးတင့်ကို အပျော်လုံး ဆို့သွားကာ ကြောင်ကြည့်နေ၏။ ခဏကြာတော့ အဲဒီအပျော်လုံးက ငယ်ထိပ်မှ ပွင့်ထွက်သွားသည်ထင်သည်။ ဒေါ်ခင်မျိုးတင့်ရှေ့မှာတင် မရှက်မကြောက်နိုင်တော့ဘဲ ပေါ်ေးခနဲ ထခုန်ပစ်လိုက်ပါတော့၏။

ဦးမျိုးဝေဝင်းအသံက တော်တော်ကျယ်သွားသည်။ ထခုန် ပစ်လိုက်တာလည်း ဖားလတက်တစ်ကောင်လို ကားခနဲ ယားခနဲ





ဈေးဝယ်လာသူတွေ ရုတ်တရက် မှင်သက်ပြီး ဝိုင်းကြည့်နေတော့မှ သူကိုယ်သူ ရှက်ရကောင်းမှန်း သိသွားကာ…

"ဟာ… တို့… တို့… ရုတ်တရက်လွတ်သွားလို့ ဆောရီး ပါနော် ဆောရီး… ဆောရီး"

ဒေါ်ခင်မျိုးတင့်လည်း ဘာပြောရမှန်းမသိ၊ သူ့ရှေ့မှာ ခုန ဝါတိုတ်အကျီကြီးနှင့် တည်တည်ခန့်ခန့်လူကြီးတစ်ယောက်က ရုတ်တရက် ဖားတစ်ကောင်လို ထခုန်လိုက်တယ်ဆိုတော့။

"ဟင်း"

ဒေါ်ခင်မျိုးတင့် သက်ပြင်းချလိုက်သည်။ အရှက်မရှိတဲ့ ပုံစံကတော့ ကျောင်းတုန်းကအတိုင်းပဲဟု တွေးမိလိုက်သောကြောင့် ဖြစ်၏။

"ခင်… ခင်မျိုးတင့်"

ဒေါ်ခင်မျိုးတင့်က သက်ပြင်းချပြီး လှမ်းကြည့်လိုက်သည်။ ဦးမျိုးဝေဝင်းက…

"ဒီနေရာ လူတွေရှုပ်ပါတယ်၊ ကိုယ်တို့လူရှင်းတဲ့နေရာ သွားရအောင်"

"ရှင်"

"ကြောက် မဟုတ်ပါဘူး၊ လူရှင်းတဲ့ဆိုင်တစ်ဆိုင်ထိုင်ပြီး အေးအေးဆေးဆေး စကားပြောရအောင်လို့ ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မျိုးတင့် စဉ်းစားသည်။ သူ အခုချိန် လိုက်သွားရင် သိပ်များ အညာလွယ်သွားမလား။ မလိုက်ပြန်ရင်လည်း ခုန ဖားခုန် ခုန်နေတဲ့လူက ဖားပျံ့လို လိုက်ကပ်နေမှာလည်း ဆိုးရသေး၏။

အိုး… ဘာပဲဖြစ်ဖြစ် ငယ်ငယ်မိတ်ဆွေတွေပဲဟု ကိုယ့်ကိုယ်ကို ဖြေသိမ့်ဆေးအဖြစ် ခေါင်းစဉ်တပ်လိုက်ကာ ရင်ခုန်စွာနဲ့ပဲ ခေါင်းညိတ်လိုက်မိပါတော့၏။

ဦးမျိုးဝေဝင်းမျက်နှာက လင်ပန်းကို ဆီလူးလိုက်သလို ချက်ချင်း ပြောင်ဝင်းတက်လာကာ-

"ခင်မျိုးတင့်မှာ ကားမပါရင် ကိုယ့်ကားနဲ့ပဲ သွားမယ်လေ"

ခင်မျိုးတင့် ခေါင်းညိတ်လိုက်၏။ ထို့နောက်…

"သိပ်အကြာကြီးတော့ မရဘူးနော်"

ဆိုပြီး ကြိုကန့်လေးတော့ ကန့်ထားလိုက်ပါသည်။

ဆိုင်ထဲကိုရောက်တာ ဆယ်မိနစ်လောက်ရှိပြီ။ ယခုထိ ဦးမျိုးဝေဝင်းမှ သူ့ကို စကားတစ်ခွန်းမှ မပြောသေး၊ ရောက်ကတည်းက 'ဘာသောက်မလဲ' တစ်ခွန်းမေးပြီး စားပွဲထိုးလေးကို မှာစရာရှိတာ မှာသည်။ ပြီးနောက် စားပွဲထိုးလေး ထွက်သွားတော့ လျှာကြီး





တသပ်သပ်လုပ်ပြီး သက်ပြင်းကြီးတချချနှင့် စားပွဲကြီးကို စိုက်ကြည့်နေ၏။ တစ်ချက်တစ်ချက် ဒေါ်ခင်မျိုးတင့်ကို တစ်ခုခု ပြောဖို့လုပ်ပြီးမှ ကိုယ်ရှိန်ပြန်ပြန်သပ်သွားကာ ခေါင်းကုပ်လိုက်၊ နားထင်ကုပ်လိုက်နှင့် ချွေးတွေလည်း ပြန်နေ၏။

အမှန်တော့ ဦးမျိုးဝေဝင်းခမျာ အချစ်နတ် ဖမ်းစားခြင်း ခံလိုက်ရသောကြောင့် ဖြစ်လေသည်။ သူသည် မမျှော်လင့်ပါဘဲနှင့် ငယ်စဉ်ကတည်းက အသည်းပေါက်အောင် ချစ်ခဲ့ရသည့် ချစ်ဦးသူနှင့် နှစ်နှစ်ဆယ်လောက်ကြာပြီးသွားမှ ရုတ်တရက်ပြန်ဆုံရသည်။ ထိုချစ်ဦးသူကလည်း ယခုအထိ အိမ်ထောင်မရှိသေး၊ နောက်ပြီး သူကလည်း လူပျိုကြီး။ ပြောရမယ်ဆိုရင် အနေအထားက မြေဖား ဖြစ်နေသည်။ မျိုရင်မျိုလို့ရသည့် အနေအထား။

သူမျိုရမည့် ဖားကြီးကလည်း တကယ့်လုလုပပ ဖားဘုရင်ကြီး၊ သို့သော် သူ မမျိုရဲပါ၊ သူ့ဘဝက အဲဒီဖားကြီးကို ငယ်ကြောက် ဖြစ်နေရ၏။ တစ်ဖက်ကကြည့်ပြန်ရင်လည်း မျိုချင်လိုက်တာမှ တစ်ပိုင်းကို သေနေသည်။ အခုမှ မဟုတ်၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်ကတည်းက မျိုချင်ခဲ့တဲ့ဖား။

နဖူးမှ စို့တက်လာသော ချွေးသီးချွေးပေါက်များကို လက်မနဲ့ ခြစ်၍ တစ်ချက်တောက်ထုတ်လိုက်၏။ ထိုချွေးပေါက်များထဲတွင် သူ မချိတင်ကဲဖြစ်နေသည့် စိတ်ဓာတ်လေးတွေ တချို့တစ်ဝက်



www.burmeseclassic.com

www.burmeseclassic.com



ဝါဝင်သွားစေလိမ့်မည်။

ဒေါ်ခင်မျိုးတင့် (ခေါ်) တင့်တင့် (ခေါ်) သူက် ခေါ်နေကြ မျိုး…။

သူ… ယခုထိ လှတုန်း၊ ငယ်ရုပ်ကလေးကလည်း မပျောက်သေး။ ခန္ဓာကိုယ်အလှအပကလည်း သူ့ဟာနဲ့သူ အော်ရယ်ကျင်နယ်အတိုင်း ကပ်၍ကျန်နေသေးသည်။

ဒီတစ်ခါတော့ မျိုးကို လက်မလွှတ်နိုင်တော့၊ ဖူးစာရေးနတ်က ယခုလို လေးဆယ်ကျော်မှ သူ့ကို ကံပေါ်အောင် မြားချက်ပြင်းပြင်းနှင့် ပစ်ခွင်းလိုက်ပြီဖြစ်သည်။

သူ ဘာလုပ်ရမလဲ၊ မျိုးရဲ့ လိပ်စာနဲ့ ဖုန်းနံပါတ်ကို အနည်းဆုံးတော့ အရယူထားမှဖြစ်မည်။ ဖြစ်နိုင်လျှင် တစ်းါတည်း တရားရုံးသို့ ဆွဲခေါ်ပြီး လက်ထပ်လိုက်ချင်၏။ ဒါတော့ မဖြစ်သေး၊ မျိုးက စွာသည်။ တစ်ခါတည်း တစ်ဘဝလုံးစာ ငြင်းပယ်လိုက်မှဖြင့် ဒီတစ်ခါ ပြေးဆောင့်စရာ သစ်ပုပ်ပင်ကြီးလည်း မရှိ။

"ကိုမျိုးဝေဝင်း ရှင် အဆင်ပြေရဲ့လား"

"လက်သွားထပ်ကြရအောင် မျိုးရယ်"

"ရှင်"

ဒေါ်ခင်မျိုးတင့် မျက်လုံးနှစ်လုံးသည် စီးကွက်လို ပြူးထွက်သွား၏။



ဦးမျိုးဝေဝင်း ခမျာလည်း သူ့ကိုယ်သူ ဘာပြောလိုက်မှန်းမသိ၊ သူက ဒေါ်ခင်မျိုးတင့်နဲ့ လက်ထပ်ဖို့အထိ စိတ်ကူးထဲမှာ စဉ်းစားနေစဉ် ရုတ်တရက် ခေါ်သံကြားလိုက်ရသောကြောင့် ယောင်ပြီး ပါးစပ်က ထွက်သွားမိခြင်းဖြစ်သည်။ သို့သော် သူ ပြောလိုက်တဲ့ စကားက တကယ်ပဲ အပြင်မှာ ပြောလိုက်တာလား၊ ဒါမှမဟုတ် စိတ်ကူးထဲမှာပဲ ပြောလိုက်တာလား၊ သူ့ကိုယ်သူ မသိတော့။

ဘုရား… ဘုရား စိတ်ကူးထဲမှာပဲ ဖြစ်ပါစေ။ အပြင်မှာဆိုရင်တော့…

ဒေါ်ခင်မျိုးတင့် ထရပ်လိုက်သည်။ ဦးမျိုးဝေဝင်း ဒေါ်ခင်မျိုးတင့်ကိုကြည့်ကာ ခန္ဓာကိုယ်တစ်ခုလုံး ထော်လာဂျီအင်ဂျင်လို တုန်ခါသွား၏။

ငါးပါးတော့ မှောက်လေပြီ၊ သူ တကယ် အပြင်လောကမှာ ပြောထည့်လိုက်တာပါလား။

ချက်ချင်းပင် သူ့ပါးသူ ဖြောင်းခနဲ ရိုက်ချလိုက်ကာ ဒေါ်ခင်မျိုးတင့် သွားရာလမ်းရှေ့တွင် ဒူးထောက်ချပစ်လိုက်လေတော့သည်။ ထို့နောက် ဒေါ်ခင်မျိုးတင့်ကို မျက်ရည်တွေ ဝေ့ဝဲနေသော မျက်ဝန်းများနဲ့ကြည့်၍…

"မျိုးရယ်… ကိုယ်တောင်းပန်ပါတယ် မျိုးရယ်… ဒီဘဝမှာ ဒီတစ်ခါလုပ်လိုက်တဲ့အမှားက ကိုယ့်ဘဝမှာ လုံးဝပြင်လို့မရတော့တဲ့

www.burmeseclassic.com

www.burmeseclassic.com



အမှားတစ်ခုပါ၊ အဲဒီတော့ အဲဒီအမှားတစ်ခုအတွက် ကိုယ့်ဘဝတစ်ခုလုံး နှောင်တမရချင်တော့ပါဘူး၊ ပထမ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်က မျိုး ငြင်းပယ်ခဲ့တုန်းက ကိုယ့်ဘဝတစ်ခုလုံး ဘယ်လိုဖြစ်ခဲ့ရတယ်ဆိုတာ ကိုယ့်ဘာသာကိုယ် အသိဆုံးပါ၊ အခုတစ်ခါလည်း ကိုယ့်ရဲ့စိတ်ကူးထဲမှာ ဖြစ်ချင်တာလေးတွေ တွေးနေတုန်း မျိုး ခေါ်သံကြားလို့ ရုတ်တရက် ထွက်သွားမိတဲ့ စကားတစ်ခွန်းအတွက် မျိုး ကိုယ့်ကို ထပ်ပြီးထားသွားမယ်ဆို… မျိုးရယ်''

ဦးမျိုးဝေဝင်း ထိုနေရာတွင် စကားကို ခဏရပ်လိုက်သည်။ ထို့နောက် ဒေါ်ခင်မျိုးတင့်ကို မျက်ရည်တွေကြားမှ တောင်းပန်တိုးလျှိုးသော မျက်နှာလေးနှင့်ကြည့်၏။ မျက်ရည်တစ်ပေါက် ဒေါ်ခင်မျိုးတင့်၏ ခြေခုံနုနုပေါ်သို့ ပြုတ်ကျသည်။ ဒေါ်ခင်မျိုးတင့် ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

သူမကို တကယ်အချစ်စစ် အချစ်မှန်နဲ့ချစ်သော ယောကျ်ားတစ်ယောက်၏မျက်ရည် သူမ ခြေခုံပေါ်သို့ ကျဆင်းသွားခဲ့ချိန်တွင် သူမဘဝသည် ပထမဦးဆုံး ခံစားလိုက်ရသော အမည်မသိ လှိုင်းအလျားတစ်ခု ခြေခုံပေါ်မှ နှလုံးသားတည့်တည့်သို့ တိုက်ရိုက်တိုးဆောင့်၏။

''မျိုး… ရယ်''

သူမ လက်ဖဝါးနုနုလေးကို ဖွဖွယယကိုင်၍ ခေါင်းလေး





မော့ကာ အော်ခေါ်နေသော ယောကျ်ားတစ်ယောက်အား သူမငုံ့ကြည့်လိုက်၏။ ထိုယောကျ်ားသည် သိက္ခာနဲ့ မာနတွေအားလုံးကိုတစ်နေရာ၌ တိတ်တိတ်ကလေး သူမ မသိအောင် ဖွက်ထားခဲ့ကာ သူမရှေ့တွင် ဒူးထောက်၍ မျက်ရည်လည်ရွဲနှင့် သူမကိုကြည့်နေ၏။

''မျိုး ကိုယ့်ကို ဒီတစ်ခါထားသွားမယ်ဆို ဟောဒီဓားနဲ့ ထိုးသတ်ပြီးမှ ထွက်သွားပါတော့ မျိုးရယ်''

သူမ၏ လက်ထဲသို့ အေးစက်မာကျောသော ဓားတစ်ချောင်းရောက်လာ၏။ ဦးမျိုးဝေဝင်းက သူမလက်ကလေးကို ဆုပ်ကိုင်ထားရာမှ ဖြည်းဖြည်းချင်းလွှတ်ကာ သူမကို မော့ကြည့်နေရင်းသခင့်အလိုကျ ပြုသမျှကို နုပြရမည့် ယုန်သူငယ်လေးလို။

ဒေါ်ခင်မျိုးတင့် ဓားကိုင်ထားသောလက်သည် တဖြည်းဖြည်းတုန်ခါလာပြီး ခဏကြာတော့ ခန္ဓာကိုယ်တစ်ခုလုံးပါ တုန်ခါလာသည်။ နောက်တော့ သူမမျက်ဝန်းတွင် အလင်းရောင်များ တဖျတ်ဖျတ် လင်းလက်လာပြီး မျက်ရည်စတစ်ပေါက် အောက်သို့ ပြုတ်ကျလိုက်ချိန်တွင်…

''မောင်''

တစ်ချက်တည်းခေါ်ပြီး တစ်ခါတည်း ခွေခနဲ လဲကျသွားပါတော့၏။

သူမ လဲကျသွားရာနေရာက ဦးမျိုးဝေဝင်း၏ ရင်ခွင်ပေါ်သို့။

www.burmeseclassic.com



"မျိုး… ရယ်"

ဦးမျိုးဝေဝင်း နှုတ်ဖျားမှ လိုက်လှဲစွာ တစ်ချက်ခေါ်လိုက်၏။ ဒေါ်ခင်မျိုးတင့်က ဦးမျိုးဝေဝင်းကို မေ့တေးတေးလေး တစ်ချက် ကြည့်လိုက်၍…

"မောင်ရယ်"

"မျိုးရယ်"

"ဖြောင်း… ဖြောင်း… ဖြောင်း… ဖြောင်း"

"ရှီ… မိုက်တယ်ကွာ အကယ်ဒမီပဲ"

"ဒီမြင်ကွင်းလေးကို တစ်သက်မမေ့ဘူးဟေ့"

ပတ်ဝန်းကျင်က အသံတွေကြားမှ နှစ်ဦးစလုံး ကမန်းကတန်း ခွာကာ လှမ်းကြည့်လိုက်မိ၏။ ထိုတော့မှ သူတို့သည် ပတ်ဝန်းကျင် ကို ဂရုစိုက်မိကြပါတော့သည်။ သူတို့ကို ဘယ်အချိန်ကတည်းက စောင့်ကြည့်နေသည်မသိသော စားသောက်ဆိုင်မှ ပရိသတ်ကြီးက သူတို့နှစ်ဦးကို ကောင်းချီးသြဘာပေးလျက်။ အားလုံးရဲ့ အကြည့် များက မုဒိတာမျက်ဝန်းများနှင့်။

ဒေါ်ခင်မျိုးတင့်၏ မျက်နှာပေါ်တွင် နှင်းဆီပန်းအနီရောင်တစ်ခင်း ဖြတ်သန်းပြေးလွှားသွားသည်။

"အို"

ဒေါ်ခင်မျိုးတင့် ဆိုင်လေးထဲမှ ပြေးထွက်၏။ ဦးမျိုးဝေဝင်း





လည်း ပိုပိုလိုလို ငါးထောင်တန်တစ်ရွက် စားပွဲပေါ်သို့ချကာ ဒေါ်ခင်မျိုးတင့်နောက်မှ အမြန်ပြေးလိုက်သွားပါတော့သည်။

တော်သေးသည်ဟု ဆိုရမည်။ သူတို့ထိုင်သည့် ဆိုင်ကလေး ကလည်း အနောက်တိုင်းသီချင်း အေးအေးလေးတွေ တစ်နေကုန် ဖွင့်ထားတတ်သည့် ကော်ဖီဆိုင်ကလေးမို့လို့၊ ထိုအချိန်က လာရောက် စားသောက်သူတွေကလည်း သိပ်မများသေး။

"ဒီအရွယ် တင့်တင့်တို့အရွယ် ကျွန်မ… ကျွန်မတို့အရွယ်၊ တစ်ဆယ်ကျော် ငါးနှစ်ပတ်လည် ရှင်းသန့်တဲ့အရွယ်… တန်… အန်… ဒန်"

ဒေါ်ခင်မျိုးတင့် အူမြူးနေသည်။ မှန်တင်ခုံရှေ့မှာ သူမကိုယ် သူမ အလှပြင်ရင်း သီချင်းလေးတအေးအေးနှင့်။ လူတွေဆိုတာ အချစ်နဲ့ထိတွေ့လိုက်ရင် ဒီလိုပါပဲ။ ဒါကြောင့် ကမ္ဘာကျော် အတွေး အခေါ်ပညာရှင်ကြီး ပလေတိုက လူတွေဟာ အချစ်နဲ့ ပတ်သက် မိလိုက်ရင် အားလုံး ကဗျာဆရာတွေ ဖြစ်သွားကြတာပဲလို့ အဆို အမိန့်ရှိခဲ့တာနေမှာ။

အခုလည်း တစ်သက်လုံး ဂုဏ်မြေကြီး တစ်ခွဲသွားနဲ့ နေလာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့ ဒေါ်ခင်မျိုးတင့်တစ်ယောက် ပီဘိအပျိုဖြန်းလေးတစ်ယောက်လိုကိုဖြစ်လို့။

ဒေါ်ခင်မျိုးတင့်က မှန်တင်ခုံရှေ့မှာ သူမကိုယ်သူမ စိတ်ကြိုက်အလှပြင်ပြီး အခန်းပြင် ထွက်လာသည်၊ အခန်းပြင်ရောက်တော့ ချက်ချင်းပဲ သူ့အမူအရာ သူပြင်လိုက်၏၊ အဲဒါကြောင့် ခုန ဒေါ်ခင်မျိုးတင့်ဆီမှာ တွေ့ရတဲ့ အမူအရာတွေ တစ်ခုမှ မတွေ့ရတော့ဘဲ အရင်က ဒေါ်ခင်မျိုးတင့်ပုံစံအတိုင်း တည်တည်ခန့်ခန့်ကြီး ပြန်ဖြစ်သွားသည်။

ဒေါ်ခင်မျိုးတင့်က အောက်ထပ်ကို လှေကားကတစ်ဆင့်ဆင်မယဉ်သာ ဖြည်းဖြည်းချင်း ဆင်းလာသည်။ တရားမှတ်ရင်း စင်္ကြံလျှောက်နေတဲ့ ယောဂီတစ်ယောက်ရဲ့ ခြေလှမ်းတွေနဲ့။

"တီတီလေး ဖုန်း"

အောက်ထပ်က တူမတစ်ယောက် လှမ်းအော်သံ ကြားလိုက်ရတော့ တစ်ချက်လှမ်းကြည့်ပြီး ခပ်အေးအေးပဲ ပြန်မေးလိုက်၏။

"ဘယ်သူလဲကွယ်"

"ဘယ်သူလဲတဲ့ရှင့်"

ထိုတူမလေးက ဟိုဘက်သို့ ပြန်မေးလိုက်သံ။ ခဏကြာတော့ သူ့ဘက်ကို အကျယ်ကြီး ပြန်ပြောသည်။

"ဦးမိုးမေမိုးလင်း ဆိုလား"





"ဟဲ့… ဟဲ့… ဩော် ဒီကောင်မလေး ဘာတွေလျှောက်ပြောနေတာလဲ ပေး… ပေး"

ဒေါ်ခင်မျိုးတင့်တစ်ယောက် မျက်နှာတစ်ချက်ပျက်သွားပြီး သူ့တူမဆီက တယ်လီဖုန်းကို လှမ်းယူလိုက်ရသည်။ အမွှာညီမသုံးယောက်ထဲက တစ်ယောက်ဖြစ်တဲ့ သူ့တူမလေးက သူမ ဒရောသောပါးဖြစ်သွားတဲ့ အမူအရာကိုကြည့်ပြီး နားမလည်နိုင်သလို ခေါင်းကုပ်ပြီး ထွက်သွားသည်။

ဟိုဘက်ကတော့ ဘယ်လိုဖြစ်သွားမယ်မသိ၊ ဒီဘက်ကတော့ နာမည်ကြားလိုက်ရတာနဲ့တင် ကျောချမ်းမိသွား၏။

"တောင်းပန်ပါတယ် မောင်… အဲ… ကိုမျိုးဝေဝင်းရယ် တူမလေးက အဲဒီလိုပဲ နားကြားလွဲတတ်လို့ပါ"

"ရပါတယ် မျိုးရယ်… ရပါတယ်၊ ဟဲ့… ဟဲ ဒါနဲ့ မျိုး အခု ဘာလုပ်နေတာလဲ"

"မျိုးလား… မျိုး အခု ရေချိုးပြီးလို့ အောက်ဆင်းလာတာလေ"

"ဟုတ်လား ဒါဆို အလှတွေ ပြင်ထားမှာပေါ့"

ဒေါ်ခင်မျိုးတင့် ရှက်ပြုံးလေး ပြုံးလိုက်သည်။ ပြီးတော့ ဟိုဘက်က ဘာဆက်ပြောလိုက်သည်မသိ ဒေါ်ခင်မျိုးတင့်တစ်ယောက် ခစ် ခစ် ခစ် ခစ်နဲ့ ရယ်ရင်း ရှက်ကိုးရှက်ကန်းကြီး ဖြစ်သွားပြီး လက်မကြီးကို ကိုက်ပစ်လိုက်၏။ ထို့နောက်…



www.burmeseclassic.com

www.burmeseclassic.com



"အို… ဘာမှန်းလဲမသိဘူး သွား"

ဒေါ်ခင်မျိုးတင့် အမူပိုနေသည်။ ခဏကြာတော့ ပက်ဝန်းကျင်ကို သတိရပြီး ချက်ခြင်းဣန္ဒြေဆယ်လိုက်ကာ ဟိုဟိုဒီဒီ ကျိုးကန်းတောင်းမှောက် ကြည့်လိုက်၏။ ထိုသို့ကြည့်လိုက်စဉ် လှေကားရင်းတစ်နေရာမှ သူ့ကို အံ့ဩသောမျက်လုံးတွေနှင့် ဝိုင်းကြည့်နေသော အမှာသုံးယောက်ကို တွေ့လိုက်ရချိန်တွင်…

"ဟင်"

ဒေါ်ခင်မျိုးတင့် အာမေဋိတ်သံတစ်ချက် ထွက်သွား၏။ ခုနသူလုပ်လိုက်သည့် ကန့်ကလျ အမူအရာတွေများ ဒီဟာမလေးတွေ တွေ့သွားပြီလား။

ဒေါ်ခင်မျိုးတင့် ချက်ချင်းပင် ဣန္ဒြေဆည်လိုက်ကာ လေသံနှင့် အမူအရာပါ ပြောင်းပစ်လိုက်၏။

"မျိုး ဘာလို့ငိုမိသွားတာလဲဟင်၊ ကိုယ်ပြောတာ ကြားရဲ့လား"

"ဘာပြောလိုက်တာလဲ ကိုမျိုးဝေဝင်း"

"မျိုးနဲ့အတူတူ တစ်ဆိုင်ဆိုင်မှာ ထမင်းသွားစားရအောင်လို့ ပြောလိုက်တာလေ"

"သြော် လာရမှာပေါ့ ကိုမျိုးဝေဝင်းရယ်၊ ဘုရားအလုပ် တရားအလုပ်ဆိုတာ ကောင်းတဲ့ကိစ္စပဲ၊ ကိုမျိုးဝေဝင်းတို့ ကျွန်မတို့ ဆိုတာ ငယ်တော့တဲ့အရွယ်မှ မဟုတ်တော့တာ"





"မျိုး ကိုယ်ပြောတာ ဘုရား တရား မဟုတ်ဘူးလေ… ဆိုင်တစ်ဆိုင်မှာ ထမင်းသွားစားမယ်လို့ ပြောတာ"

"သိတယ် ကိုမျိုးဝေဝင်းရဲ့ သိတယ်"

"အေး… သိရင် ဘာလို့ ဘာတွေ လျှောက်ပြော…"

"အင်း… လူဆိုတာလည်း အခက်သားလား ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက် မကွေးမီ သေကြရတာလေ… ဒါကြောင့်လည်း မသေခင်လေးမှာ တရားအလုပ်ကလေး ရသလောက် လုပ်သွားသင့်တာပေါ့… ဟုတ်ပြီ… ဟုတ်ပြီ… လိပ်စာပြော ဘယ်ဘုန်းကြီးကျောင်းလဲ"

"ဟင်"

ဦးမျိုးဝေဝင်း ဘာမှ နားမလည်နိုင်တော့၊ သို့သော် လိပ်စာပြောဆိုတော့လည်း သူနဲ့တွေ့မဲ့ ဆိုင်လိပ်စာကို ပြောလိုက်ရပါတော့သည်။ ဆိုင်လိပ်စာ ရွတ်ပြပြီးတော့ ဒေါ်ခင်မျိုးတင့်က…

"ကောင်းပြီ… ကောင်းပြီ ကျွန်မ အခုလာခဲ့မယ်၊ ကိုမျိုးဝေဝင်း အဲဒီကပဲစောင့်"

ဖုန်းကို ငုပ်ခနဲ ချပစ်လိုက်သည်။ ထို့နောက် ခပ်တည်တည်ပင် အပေါ်ထပ်သို့ လှမ်းတက်လိုက်တော့၏။ အမှာသုံးယောက်က သူတို့အဒေါ်ကိုကြည့်၍…

"တီတီလေး ဘယ်သွားမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်… နင်တို့တွေပြောလည်း သိမှာမဟုတ်ပါဘူး၊ တရား အပြကောင်းတဲ့ ဘုန်းကြီးတစ်ပါးရှိတယ်တဲ့၊ အဲဒါ ငါ့မိတ်ဆွေ တစ်ယောက်က လှမ်းခေါ်လို့ သွားမလို့… ဖယ်"

အမွှာသုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း လှေကားရင်းမှာ ကျန်ခဲ့၏။ ခဏကြာတော့ သူတို့ဒေါ်လေး အခန်းထဲက ပြန်ထွက်လာသည်။ ခုနလိုပုံစံမျိုး မဟုတ်တော့။

အပေါ်က အဖြူရင်ဖုံး၊ အောက်က ထဘီယောဂီရောင်နှင့် တဘက်တစ်ထည်ကို ပခုံးပေါ်လွှားထားလိုက်သေးသည်။

တကယ် ဘုန်းကြီးကျောင်းသို့ တရားပေါက်ပြီး ကြွမြန်းတော့မဲ့ ဒီဇိုင်း။

အမွှာသုံးယောက်က ပါးစပ်လေးတွေ ဟောင်းလောင်းပွင့်ပြီး သူတို့အဒေါ်ကို ကြည့်နေမိ၏။

ဒေါ်ခင်မျိုးတင့်က စကြိုခြေလှမ်းများနှင့် ခပ်ဖြည်းဖြည်းချင်း သူမတို့ရှေ့က လျှောက်၍…

"အင်း… ရတုန်းလေးယူထား ရတုန်းလေးယူထား၊ ဒါလေးပဲ သံသရာမှာ ကိုယ့်ဘက်ပါတာ"

ဒေါ်ခင်မျိုးတင့် မျက်လွှာလေးချရင်း အခုပဲ ထွက်ရပ်ပေါက်တော့မလိုလို သံဝေဂခြေလှမ်းတွေနှင့် တစ်လှမ်းချင်း ထွက်ကာသွား၏။ အမွှာသုံးယောက်က သူတို့အဒေါ်ကို ငေးကြည့်





နေသည်။

ဒေါ်ခင်မျိုးတင့် ခြံတံခါးကို ညင်သာစွာဆွဲ၍ ဖွင့်ကာ ထွက်လိုက်သည်။ ခြံပြင်လည်းရောက်ရော ခုနလုပ်လာသည့် အမူအရာတွေ ချက်ချင်းပျောက်ကွယ်သွားကာ လမ်းထိပ်တက် ကားဂိတ်ရှိရာသို့ သုတ်ခြေတင်လိုက်ပါတော့၏။

အမွှာသုံးယောက်ကတော့ လှေကားရင်းမှာ အူကြောင်ကြောင်လေးနှင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက်။

"ငါတော့ ဒီကိစ္စကို သိပ်မသင်္ကာချင်ဘူးဟာ… နင်တော့ရော"

"ငါတို့လည်း နင့်လိုပဲ"

အမွှာသုံးယောက်ထဲက တစ်ယောက်ကပြောသည်။ ကျန်တဲ့ နှစ်ယောက်က ထိုတစ်ယောက်ပြောတာကို ထောက်ခံလိုက်ကြ၏။

ပြောလိုက်သူက မြတ်နိုးယဉ်ဖြစ်၏။ ထောက်ခံလိုက်ကြသူများက မြတ်နိုးခင်နှင့် မြတ်နိုးလွင်။

"ဒါဆို ဘယ်လိုလုပ်မလဲ…. လိုက်ချောင်းမလား"

"ဘယ်လိုလုပ် လိုက်ချောင်းမလဲဟ"

"လွယ်ပါတယ်ဟာ သူ့နောက်က အသာလိုက်သွားရုံပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



အခုဆို သူ လမ်းထိပ်လောက်ပဲ ရှိဦးမယ်"

"ဒါဆို နင်အရင်လိုက်သွား၊ အခြေအနေထူးရင် ငါတို့ကို ဖုန်းဆက်"

"Ok"

မြတ်နိုးယဉ်က အဝတ်အစားတောင် မလဲတော့ဘဲ အိမ်ထဲမှ ခပ်သွက်သွက်ထွက်သွားသည်။

"အမြန်သွားနော်... တော်ကြာလွတ်သွားဦးမယ်"

"အေးပါ"

မြတ်နိုးယဉ် ခြေလှမ်းကို မြန်နိုင်သမျှ မြန်အောင်လျှောက်ပြီး လမ်းထိပ်ဘက် ထွက်လိုက်၏။ လမ်းထိပ်ရောက်တော့ ဒေါ်ခင်မျိုးတင့်ကို ကားတစ်စီးပေါ် တက်ထိုင်လိုက်တာ တွေ့လိုက်ရ၏။ ခဏကြာတော့ ကားထွက်သွားသည်။

သူမလည်း စဉ်းစားမနေတော့ဘဲ ခတ်တိုင်တစ်တိုင်အောက် ရပ်ထားသော ကားတစ်စီးဆီသို့ လှမ်းသွားလိုက်ကာ...

"ဦးလေး ဦးလေး ကျွန်မကို အဲဒီအရှေ့က ကားနောက် အမြန်လိုက်ပေးပါလား"

ကားသမားဦးလေးကြီးက သူမကိုကြည့်ကာ ခေါင်းညိတ်ပြ၍ ကားတစ်ကားကိုဖွင့်ပေး၏။ သူမလည်း အမြန်ဝင်ထိုင်လိုက်ပြီးတော့ ကားကို အမြန်မောင်းထွက်စေလိုက်၏။





ရှေ့ကကားက မြို့ထဲဘက်ကို ဦးတည်ပြီး မောင်းနေတာ တွေ့လိုက်ရလေသည်။ ကားသမားဦးလေးကြီးကလည်း စိတ်ရှည်လက်ရှည်ပင် နောက်ယောင်ခံလိုက်ပေးပါသည်။

ကားက တဖြည်းဖြည်းနှင့် ရန်ကင်းရောက်လာ၏။ ထို့နောက် ရန်ကင်းစင်တာရှေ့တွင် ကားရပ်သွား၍ ဒေါ်ခင်မျိုးတင့်က ကားပေါ်က ဆင်းလိုက်သည်။ ထို့နောက် ရန်ကင်းစင်တာ အောက်ဘက်သို့ ဝင်သွားကာ ဆိုင်တစ်ဆိုင်ထဲသို့ လှမ်းဝင်သွားပါတော့၏။ မြတ်နိုးယဉ်လည်း ဒေါ်ခင်မျိုးတင့်နောက်သို့ အသာလိုက်သွားလိုက်သည်။ ဆိုင်ထဲကိုရောက်တော့ သူမက တိုင်တစ်ခု အကွယ်လေးကခုံမှာ ထိုင်လိုက်သည်။ ထို့နောက် ဒေါ်ခင်မျိုးတင့်ကို လှမ်းပြီး အကဲခတ်နေလိုက်၏။ ဒေါ်ခင်မျိုးတင့်က စားပွဲတစ်လုံးတွင် ဝင်ထိုင်ပြီး တစ်စုံတစ်ယောက်အား စောင့်မျှော်နေဟန်ရှိသည်။ ခဏနေတော့ စမတ်ကျကျ ဝတ်စားလာသော ဒေါ်ခင်မျိုးတင့်နှင့် ရွယ်တူခန့် လူကြီးတစ်ဦးဝင်လာတာ တွေ့လိုက်ရ၏။ ထိုလူကြီးက ပြုံးပြုံးရယ်ရယ်နှင့် ဒေါ်ခင်မျိုးတင့်နဲ့ ဝင်ထိုင်လိုက်သည်။

သူတို့အခြေအနေကိုကြည့်ရတာ ရိုးရိုးသာမန်မိတ်ဆွေ မဟုတ်လောက်ဘူးဟု မြတ်နိုးယဉ် သုံးသပ်မိသည်။ ဒေါ်ခင်မျိုးတင့်ကလည်း ထိုလူကြီးနှင့် စကားပြောနေရာမှ တစ်ချက်တစ်ချက် ရှက်ကိုးရှက်ကန်း ဖြစ်ဖြစ်သွားတာ တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါသွေးရိုးသားရိုး မဟုတ်နိုင်ဘူး… ဒါသွေးရိုးသားရိုး မဟုတ်နိုင်ဘူး"

မြတ်နိုးယဉ် ကိုယ့်ဘာသာကိုယ် တီးတိုးရေရွတ်ရင်း ကျန်တဲ့ အမွှာနှစ်ယောက်ဆီကို ဖုန်းဆက်၍ အခြေအနေကို မြင်သမျှ လှမ်း တင်ပြလိုက်ပါတော့၏။

အမွှာနှစ်ယောက်ကလည်း တအံ့တဩတွေကို ဖြစ်လို့။

"မြတ်နိုး"

"အမလေး ပလုတ်တုတ်"

ဒေါ်ခင်မျိုးတင့်တို့ကို စိတ်ဝင်တစား ချောင်းနေတုန်း သူ့ နာမည် ခေါ်သံကြားလိုက်ရ၍ မြတ်နိုးယဉ် လန့်ပြီးထအော်မိသည်။ ထို့နောက် အသံလာရာဘက် လှည့်ကြည့်လိုက်တော့ အသားဖြူဖြူ ရုပ်ရည်ခပ်ဖြောင့်ဖြောင့်နှင့် လူရွယ်တစ်ယောက် သူမကို ပြုံးပြ နေတာ တွေ့လိုက်ရ၏။

ထိုလူရွယ်၏ အပြုံးလေးကို တွေ့လိုက်ရတော့ သူမရင်ထဲ တစ်ချက်လှုပ်ရှားသွားရ၏။

"မြတ်နိုး တစ်ယောက်တည်းလားဟင်"





သူမက ခေါင်းညိတ်ပြလိုက်တော့ ထိုလူရွယ်က သူမ ရှေ့တည့်တည့်ကခုံကို မျက်လုံးလှမ်းကြည့်၍…

"ကျွန်တော် ဒီမှာ ခဏထိုင်မယ်နော်"

မြတ်နိုးယဉ် ဘာပြန်ပြောရမှန်းမသိ၊ မထိုင်နဲ့လည်း ပြောလို့ မကောင်း၊ ထိုင်ပါဆိုပြန်တော့လည်း ထိုလူရွယ်ကို သူမ မသိ၊ သို့သော် ခင်ခင် (ဒါမှမဟုတ်) လွင်လွင် တစ်ယောက်ယောက်နဲ့ ပတ်သက်နေမည့် သူတစ်ယောက်ဆိုတာကိုတော့ အတွေ့အကြုံအရ ရိပ်မိလိုက်သည်။ သူတို့ညီအစ်မသုံးယောက်က ဒီလိုပဲ လူမှားနေကြ။

သူမ ဘာပြန်ပြောရမလဲ စဉ်းစားနေစဉ်မှာတင် ထိုလူရွယ်က သူမရှေ့ကခုံမှာ ဝင်ထိုင်သည်။ ထို့နောက် သူမကို အကြည့်စူးစူး တစ်ချက် စိုက်ကြည့်၍…

"မြတ်နိုး ကျွန်တော့်ကိုတော့ ဒီတစ်ခါ မှတ်မိပါတယ်နော်"

မြတ်နိုးယဉ် ဘာပြန်ပြောရမလဲ စဉ်းစားနေစဉ် သူမ ခေါင်းကို အူကြောင်ကြောင်နဲ့ တစ်ချက်ညိတ်လျက်သား ဖြစ်သွား၏။ ထိုလူရွယ်က တစ်ချက်ပြုံးလိုက်၍…

"မှတ်မိလည်း ထပ်ပြောပါရစေဗျာ ကျွန်တော် ဘုန်းနိုင်ထွဋ်ပါ၊ နောက်ဆုံးတွေ့ခဲ့တာ Junction (8) မှာလေ"

သူမ ပြုံးလိုက်သည်။ ဒီလူ သူ့ကို လူမှားနေပြီဆိုတာ သေချာ သွားပြီ။ Junction (8) ကိုသွားတာက လွင်လွင်။ သို့သော် သူမ



www.burmeseclassic.com

www.burmeseclassic.com



အလိုက်အထိုက်နှင့် ခေါင်းညိတ်ပြလိုက်ပြီး ဟန်ဆောင်ပြုံးပြလိုက်၏။

"မှတ်မိပါတယ် ကိုဘုန်းနိုင်ထွဋ်ရယ်၊ ကျွန်မ အဲဒီလောက်လည်း မှတ်ဉာဏ်မနည်းသေးပါဘူး"

"ဟား… ဝမ်းသာသွားပြီဗျာ… တကယ်ပြောတာပါ၊ ကျွန်တော့်စိတ်ထဲ တော်တော်ဝမ်းသာသွားပြီ၊ အရင်တစ်ခေါက် ရွှေတိဂုံမှာတွေ့တာရော မှတ်မိတယ်ပေါ့"

ထပ်လွဲပြန်သည်။ ရွှေတိဂုံမှာ ဒီလူနဲ့ တစ်ခါမှ မဆုံဘူး၊ ပြီးတော့ ရွှေတိဂုံကို သူမ မရောက်ဖြစ်တာလည်း ကြာပြီ၊ ဒါဆို ရွှေတိဂုံမှာဆုံခဲ့တာ ခင်ခင်ဖြစ်လိမ့်မည်။ ဟိုတစ်လောတုန်းက ခင်ခင်က ယတြာချေသည့်ကိစ္စနဲ့ ရွှေတိဂုံသို့ တစ်ပတ်တစ်ခါ သွားရ၏။ ယတြာချေပြီးသွားတော့ ခင်ခင်လည်း မရောက်ဖြစ်တော့။

ဒါဆို ရွှေတိဂုံမှာဆုံခဲ့သည့်တစ်ယောက်က ခင်ခင်ဖြစ်မည်ဟု တွေးလိုက်၏။

မြတ်နိုးယဉ် မအောင့်နိုင်တော့ဘဲ ခိခနဲ ရယ်ချပစ်လိုက်၏။ အဘယ့်ကြောင့်ဆိုသော် သူ့ရှေ့ကလူက ခင်ခင်နဲ့လည်း ဆုံဖူးသည်၊ ယဉ်ယဉ်နဲ့လည်း ဆုံဖူး၏။ ပြီးတော့ အခု သူနဲ့လည်းတိုက်တိုက်ဆိုင်ဆိုင် လာဆုံနေပြန်သည်။ ထိုအကြောင်းကို တွေးမိ၍ သူမ ရယ်လိုက်ခြင်းပါ။

ဘုန်းနိုင်ထွဋ်က သူမရယ်လိုက်တော့ ရောယောင်ကာ





လိုက်ရယ်ပြီး…

"ဘာလို့ ရယ်တာလဲဟင်"

"မဟုတ်ပါဘူး၊ ကျွန်မကို ရှင်က ဆုံခဲ့ဖူးတာတွေ တစ်ခုချင်း လိုက်ပြောနေလို့ ရယ်မိတာပါ၊ ဒါနဲ့ ဒီကိုလာတာ တစ်ယောက်တည်းပဲလား"

ဘုန်းနိုင်ထွဋ်က ခေါင်းညိတ်ပြ၍…

"တစ်ယောက်တည်းပါပဲ၊ ဒါနဲ့ မြတ်နိုးရော"

"တစ်ယောက်တည်း… အဲ"

ထိုတော့မှ ဒေါ်ခင်မျိုးတင့်တို့ကို သတိရကာ လှမ်းကြည့်လိုက်တော့ ဒေါ်ခင်မျိုးတင့်တို့စုံတွဲက စားပြီးသောက်ပြီးသွားလို့ ပိုက်ဆံရှင်းဖို့တောင် လုပ်နေပြီ။ သူမလည်း အဲဒီတော့မှ ကမန်းကတန်း ထရပ်လိုက်ပြီး…

"သွား… သွားတော့မယ်နော်"

"နေပါဦးဗျာ"

"ဘာလို့လဲဟင်"

"Junction 8 ရှေ့မှာ ပေးသွားတဲ့ကတ်ကို မေ့သွားပြီလားဟင်"

"ကျွန်မ… ကျွန်မ ဘာကတ်များ ပေးမိလို့လဲဟင်"

"နောက်တစ်ခါတွေ့ရင် ကျွန်တော် အိမ်ပြန်လိုက်ပို့ပေးတာ



www.burmeseclassic.com

www.burmeseclassic.com



လက်ခံရမယ်ဆိုတာလေ”

“ဩော်”

သူမဆီက အာမေဋိတ်သံ ထွက်သွား၏။ ဘာဆက်လုပ်လို့ လုပ်ရမှန်းလည်း မသိတော့၊ ဘုန်းနိုင်ထွဋ်က သူမကို မျှော်လင့်ချက် ပြည့်ဝနေသော မျက်ဝန်းများနဲ့ ကြည့်နေသည်။ ဒီလို မျက်ဝန်း တစ်စုံမျိုး ဘယ်မှာဆုံမိပါလိမ့်ဟု သူမ စဉ်းစားနေ၏။

“ဒီတစ်ခါတော့ မငြင်းပါနဲ့တော့ဗျာ၊ ကျွန်တော် လိုက်ပို့ပါရစေနော်”

သူမ ခေါင်းညိတ်မိလား၊ ခေါင်းခါမိလား မစဉ်းစားထတ်တော့၊ လူက တစ်စုံတစ်ခု ညှို့ငင်ဖမ်းစားခြင်း ခံထားရသလို မှိန်းမောနေဆဲ။

“ဟေး… ဒါမှ မြတ်နိုးကွ”

ဘုန်းနိုင်ထွဋ်၏ ပျော်ရွှင်စွာ ထရေအော်သံ ကြားလိုက်ရတော့မှ သူမ အသိဝင်လာသည်။ ထို့နောက် ဒေါ်ခင်မျိုးတင့်တို့ဘက်သို့ လှမ်းကြည့်လိုက်၏။ ဒေါ်ခင်မျိုးတင့်တို့ မရှိတော့။

နောက်ဆုံးတော့ မထူးတော့ပါဘူးဆိုပြီး ဘုန်းနိုင်ထွဋ် ကားနဲ့ပဲ အိမ်ရှိရာသို့ ပြန်ခဲ့လိုက်ပါတော့သည်။

အိမ်ရှေ့ထိတော့မဟုတ်၊ အိမ်ယာထိပ်တွင် ရပ်ခိုင်းလိုက်သည်။ ဘုန်းနိုင်ထွဋ်က…





“အိမ်ရှေ့ထိ လိုက်ပို့ပေးပါရစေ”

သူမ ခေါင်းခါ၍…

“ဒီနားက အသိအိမ် ဝင်စရာရှိလို့ပါ”

ဟု ပညာသားပါပါ ပြောကာ နှုတ်ဆက်၍ ထွက်လာခဲ့လိုက်ပါတော့သည်။ သူမ ခပ်လှမ်းလှမ်းရောက်သည်အထိ ဘုန်းနိုင်ထွဋ် လှမ်းကြည့်နေသေး၏။ ခဏနေတော့မှ ကားကို ညင်သာစွာ မောင်းထွက်သွားပါတော့သည်။

“တီတီလေး ဆရာတော်ဘုရားက ချောလား”

“ချောရုံတင်မကဘူး ခန့်ခန့်ကြီး၊ အာ… ဒီကောင်မလေးတွေ ဘာတွေလျှောက်ပြောနေတာလဲ၊ ဆရာတော်ဘုရားကို ချောလားလို့ မေးရဘူး၊ ကျက်သရေရှိလားလို့ မေးရတယ်ဟဲ့ သိလား”

ညီအစ်မသုံးယောက်လုံး တစ်ယောက်မျက်နှာ တစ်ယောက် အဓိပ္ပာယ်ပါပါကြည့်လိုက်ကြသည်။ ဒေါ်ခင်မျိုးတင့် ပြန်ရောက်တော့ သူတို့က ခပ်တည်တည်နှင့် အင်တာဗျူးကြခြင်းဖြစ်၏။ ဒေါ်ခင်မျိုးတင့်ကလည်း သူတို့ကို မယုံသင်္ကာသလိုလို ကြည့်သည်။ ထို့သော် ဤနေ့က အပြည့်။



www.burmeseclassic.com

www.burmeseclassic.com



"တီတီလေး"

"ဘာလဲ"

"တော်တော်ရှော့ တရားရခဲ့ရဲ့လား"

"ရခဲ့တာပေါ့ နင်တို့က ဘာလုပ်မလို့လဲ"

"ဘာမှ မလုပ်ပါဘူး၊ မေးကြည့်တာပါ"

ဒီညီအစ်မသုံးယောက်နဲ့တော့ ကြာရင်မလွယ်တော့ဘူးဟု ဒေါ်ခင်မျိုးတင့် စဉ်းစားမိသည်။ အမူအရာတွေကလည်း တစ်မျိုးပဲ။ မျက်နှာတွေကလည်း ပြုံတီတီနှင့်။

ထို့ကြောင့် ဒေါ်ခင်မျိုးတင့် ညီအစ်မသုံးယောက်လုံးကို မျက်စောင်းတစ်ချက်ထိုး၍ အပေါ်ထပ်သို့ တက်သွားပါတော့သည်။ ဒေါ်ခင်မျိုးတင့်ကိုကြည့်၍ ညီအစ်မသုံးယောက်လုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ခွိခနဲ ရယ်ချလိုက်ပါတော့၏။

ထို့နောက် ကျန်နှစ်ယောက်ထဲက တစ်ယောက်က မြတ်နိုးယဉ်ကို မေးလိုက်၏။

"ဟဲ့… အဲဒီဦးမိုးမေမိုးလင်းက ချောလား"

"ခိခိ အဲဒီနာမည်ကြီး မပြောစမ်းပါနဲ့ဟယ်… အူယားလို့ပါ။ အဲဒီလူကြီးနာမည်က ဦးမိုးဖေလင်းဆိုလား၊ မိုးဝေလင်းဆိုလား"

"မိုးဖေလင်းတော့ မဟုတ်နိုင်ဘူးဟာ… မိုးဝေလင်းဖြစ်မှာပါ၊ မနက်က တီတီလေး ဖုန်းပြောတုန်း ပြောသံကြားလိုက်တယ်"





"ကဲ… ထားပါတော့ သူဟာသူ မိုးဝေဝင်းပဲဖြစ်ဖြစ်၊ မိုးဖေလင်းပဲဖြစ်ဖြစ် အဲဒီလူကြီးက ချောလား"

"အင်း… သေသေချာချာတော့ မတွေ့လိုက်ရဘူးဟာ၊ ငါက သူတို့မသိအောင် ပုန်းလျှိုးကွယ်လျှိုးကြည့်ရတာဆိုတော့… ဒါပေမဲ့ မြင်ရသလောက်ကတော့ ခန့်ခန့်ကြီးဟဲ့"

"ဟုတ်လား၊ ဒါကြောင့် တီတီလေး ခဏလေးနဲ့တင် ကြွေသွားတာဖြစ်မယ်"

"ဖြစ်နိုင်တယ်"

လွင်လွင်ရဲ့ အတွေးစကားကို ခင်ခင်က ဝင်ရောက်ထောက်ခံလိုက်သည်။ ထို့နောက် ယဉ်ယဉ်ဘက်ကြည့်ကာ…

"ပြီးတော့ သူတို့ ဘယ်ဆက်သွားလဲဟင်"

"အဲဒါတော့ ငါမသိတော့ဘူးဟ"

"ဟင်… နင်က မသိရအောင် ဘာတွေ လုပ်နေလို့လဲ"

"အဲဒါပဲ ငါပြောမလို့ဟ၊ ငါ သူတို့ကို ချောင်းနေတုန်း ငါ့ဆီ လူတစ်ယောက် ရောက်လာတယ်၊ ပြီးတော့ ငါ့ကို ပြုံးပြုံးရယ်ရယ်နဲ့ပဲ လာနှုတ်ဆက်တယ်၊ ငါလည်း သူ့ကို မသိပါဘူး"

"ဘယ်သူလဲဟင်"

လွင်လွင်ရော ခင်ခင်ပါ သိလိုစိတ်ဖြင့် အပူတပြင်း မေးလိုက်ကြ၏။ ယဉ်ယဉ်က နှစ်ယောက်စလုံးကိုကြည့်၍…



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မတွေ အဲ့ဒီလူကို နင်တို့ သိတယ်မလား"

နှစ်ယောက်စလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ ထို့နောက် ယဉ်ယဉ်ဘက် လှည့်ကြည့်၍…

"နင်ပြောပြမှ ငါတို့လည်း စဉ်းစားလို့ ရမှာပေါ့"

"အင်း သူ့နာမည်က ဘုန်းနေထွဋ်ခိုလား ဘုန်းနိုင်ထွဋ်ခိုလား"

"ဘုန်းနိုင်ထွဋ် ဖြစ်လိမ့်မယ်"

"ဟုတ်တယ် ဘုန်းနိုင်ထွဋ်ဖြစ်မယ်"

"နင်တို့နဲ့ သိတယ်ပေါ့"

နှစ်ယောက်စလုံး ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် ယဉ်ယဉ်က…

"နင်တို့တွေနဲ့ ဘယ်လိုပတ်သက်တာလဲ"

ခင်ခင်ကပဲ စပြီး သူနဲ့ ရွှေတိဂုံမှာ စတင်တွေ့ဆုံပုံကို ရှင်းပြလိုက်သည်။ လွင်လွင်ကလည်း ထိုနည်းလည်းကောင်း သူနဲ့ Junction (8) မှာ တွေ့ဆုံခဲ့ပုံကို ပြောကာပြ၏။ ယဉ်ယဉ်က နှစ်ယောက်စလုံးပြောတာကို ခေါင်းတညိတ်ညိတ်နဲ့ နားထောင်၍…

"ဒါဆို ငါ့ကို လာနှုတ်ဆက်တာ နင်တို့အမှတ်နဲ့ နေလိမ့်မယ် သူ့ပုံစံကြည့်ရတာလည်း ငါတို့သုံးယောက်ကို တစ်ယောက်တည်း ထင်နေပုံရတယ်ဟ"

"ဖြစ်နိုင်တယ် Junction (8) မှာ ငါနဲ့တွေ့တုန်းကလည်း





ရွှေတိဂုံမှာ ဆုံခဲ့ဖူးတာ မမှတ်မိဘူးလားလို့မေးတယ်၊ ပြီးတော့ ငါ့ကိုတောင် အိမ်လိုက်ပို့ပေးမယ် ပြောသေးတယ်"

ဟု လွင်လွင်က ဝင်ပြောလိုက်သည်။ ထိုစကားကိုကြားတော့ ယဉ်ယဉ်က…

"ဟယ်… အခုလည်း ရန်ကင်းစင်တာကနေ ငါ့ကို အိမ်လိုက်ပို့သွားတယ်"

"ဟင်… ဒါဆို သူ ငါတို့လိပ်စာ သိသွားပြီပေါ့"

"ငါ အဲဒီလောက် မညံ့ပါဘူးဟာ၊ အိမ်ယာထိပ်မှာပဲ သူ့ကို ကားရပ်ခိုင်းလိုက်တယ်"

ခင်ခင်နဲ့ လွင်လွင် သက်ပြင်းချလိုက်သည်။ ယဉ်ယဉ်က တစ်စုံတစ်ခုကို တွေးလိုက်ဟန်နှင့်…

"ဒီလူ့ပုံကြည့်ရတာ ရိုးတော့ မရိုးဘူးဟ၊ ငါတို့တွေကို ကြိုက်နေပုံပဲ"

"ငါတို့တွေလို့ မပြောပါနဲ့ဟာ၊ သူ့စိတ်ထဲမှာ တစ်ယောက်တည်းပဲ ထင်နေတာပါ"

"ထားပါတော့… ဘာပဲဖြစ်ဖြစ် သူ့စိတ်ထဲမှာ သိထားတဲ့ မြတ်နိုးဆိုတဲ့ မိန်းကလေးကို ကြိုက်နေသလိုပဲ"

ယဉ်ယဉ့်စကားဆုံးတော့ အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။ ထို့နောက် ပြုံးလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲဟင်"

"ဘာကိုလဲ"

"သူ ဘယ်သူ့ကို ကြိုက်တာလဲလို့"

"ခင်ခင့်ကိုပဲ နေမှာပေါ့"

"ဟင် ငါနဲ့ ဘာဆိုင်လဲ"

နှစ်ယောက်စလုံးက ဝိုင်းပြောတော့ ခင်ခင်က မျက်လုံးလေး အပြူးသားနှင့် ပြောသည်။

"ဟ ဘာ်တယ်လေ နင်နဲ့သူနဲ့ ရွှေတိဂုံမှာ စဆုံခဲ့တာဆိုတော့ နင့်ကို သူ မြင်မြင်ချင်း စွဲလမ်းသွားတာ နေမှာပေါ့"

"အဲဒီလိုတော့ ပြောလို့မရဘူးလေ၊ ဒီ့အရင် ဆုံခဲ့ရင်လည်း ဆုံခဲ့ဘူးမှာပေါ့၊ အဲဒီနေ့က သူနဲ့ငါ စတွေ့တော့ သူ့အကြည့်တွေက ငါ့အပေါ် ရင်းနှီးနေသလိုလိုပဲ၊ ငါတို့ကသာ သတိမထားမိတာနေမှာ၊ သူ ငါတို့ထဲက တစ်ယောက်ယောက်နဲ့ အရင်ဆုံတွေ့ခဲ့ဘူးရင်လည်း ဆုံတွေ့ဘူးမှာပဲ"

ခင်ခင့်စကားက ဖြစ်နိုင်ခြေ အများကြီးရှိသည်။ ထို့ကြောင့် သုံးယောက်လုံး ဘာပြောလို့ ပြောရမှန်းမသိ။

ထို့နောက် ယဉ်ယဉ်က...

"သူ့ကို နင်တို့ အရင်ဆုံခဲ့ဖူးလား"

"ဟင့်အင်း"





"ငါလည်း ဘယ်မှတ်မိတော့မလဲဟယ်၊ တိတိကျကျ သိတာတော့ Junction (8) ပဲ"

ယဉ်ယဉ် စဉ်းစားသွားသည်။ ဟိုနှစ်ယောက်ကတော့ အဲဒီလို ဖြစ်နေ၏။ ဒါဆို သူကရော။

"နင်ရော ဟင်"

"ငါလည်း မှတ်မိတော့ဘူး၊ လူတွေအများကြီး တစ်နေ့ တစ်နေ့ ဆုံတွေ့နေရတာဟယ်၊ ဘယ်လိုလုပ် လိုက်မှတ်ထားနိုင်မှာလဲ"

အားလုံး ခဏငြိမ်သွားကြ၏။ တော်တော်လေး ကြာတော့မှ တစ်ယောက်က...

"သူ့ဘက်က ရှေ့ဆက်တိုးလာမယ်ဆို ဘယ်လိုလုပ်မလဲဟင်"

"အဲဒါတော့ မီးစင်ကြည့် ကရမှာပေါ့"

"ငါကတော့ နှလုံးသားထဲကမပါဘဲ လက်မခံနိုင်ပါဘူး"

"ဘာပဲဖြစ်ဖြစ် ငါတို့အတွက် အပျင်းပြေဂိမ်းတစ်ခုတော့ ရတာပေါ့ဟာ"

"ဘာဂိမ်းလဲ"

"ဒီလိုလေ"

"ပြောစမ်းပါဦး"

"ငါတို့သုံးယောက်ကို သူက တစ်ယောက်တည်းထင်နေတော့



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ထဲက ဘယ်သူနဲ့တွေတွေ့ သူစိတ်ထဲမှာ တစ်ယောက်တည်း ထင်နေမှာပဲ''

''အဲဒီတော့''

''အဲဒီတော့ နောက်ရက်တွေမှာ သူနဲ့စဆုံတဲ့လူက သူနဲ့ဆုံခဲ့တဲ့နေရာ၊ သူနဲ့ ပြောခဲ့တဲ့စကားတွေကို ကျန်တဲ့နှစ်ယောက်ကို ပြန်ပြောရမယ်၊ အဲဒီတော့မှ ငါတို့ထဲက ကျန်တဲ့နှစ်ယောက်က သူနဲ့ နောက်တစ်ခါဆုံရင် ရှေ့တစ်ယောက် ဘာလုပ်ခဲ့လဲဆိုတာ သိမယ်လေ၊ ဒါမှ သူ့ရဲ့အပြောအဆို အမူအရာတွေကိုကြည့်ပြီး ရေလိုက်ငါးလိုက် နေလို့ရမယ်၊ အဲဒီလို မနေနိုင်ခဲ့ရင် အရှုံးပဲ ဘယ်လိုလဲ''

''ဒါဆို ငါတို့သုံးယောက်က သူနဲ့ဆုံခဲ့ရင် ဘာတွေ ပြောခဲ့တယ်ဆိုတာ ပြောရမယ်ပေါ့ ဟုတ်လား''

''ဟုတ်တယ်၊ ဒါမှ နောက်ဆုံတဲ့လူက ရင်တခုန်ခုန်နဲ့ ဘာလုပ်ရမလဲဆိုတာ ပညာသားပါပါ တွေးရမှာပေါ့''

''ဟီ… ဟီ တွေးမိတာနဲ့တင် ပျော်လာပြီ''

''ဘယ်လိုလဲ သဘောတူရင် ရှိတ်လိုက်''

''Ok … ရှိတ်''

အားလုံး လက်ဝါးသုံးခု ဆုပ်ကိုင်လိုက်ကြသည်။ ထို့နောက် ဒေါ်ခင်မျိုးတင့် အိမ်ပေါ်ထပ်က ပြန်ဆင်းလာ၍ စကားစ ပြတ်သွားကြ၏။





''ဟဲ့ကောင်မလေးတွေ ဘာတွေ ရှိတ်နေကြတာလဲ''

''မစ်… မစ်ရှိတ်သောက်မလို့ တိုင်ပင်နေတာပါ တီတီလေးရဲ့''

ဒေါ်ခင်မျိုးတင့်က ဘာမှဆက်မပြော၊ သူ့ဘာသာသူ နောက်ဖေးခန်း ဝင်သွားလေတော့သည်။ ဒေါ်ခင်မျိုးတင့် ထွက်သွားတော့မှ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဇက်ကလေးတွေပုကာ လျှာလေးတွေတစ်လစ်ထုတ်လိုက်ကြ၏။

ခဏကြာတော့ တစ်ယောက်က လေသံလေးနှင့်…

''အဲဒီလူက လန်းတော့လန်းတယ်နော်''

''ဟုတ်တယ်ဟဲ့… အမိုက်စားထဲကပဲ ခိခိ''

သူတို့ ကြိတ်ပြီးရယ်လိုက်ကြပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

သီရိဂုဏ်အိမ်ယာထိပ်ကို ရောက်နေတာကြာပြီ၊ သီရိဂုဏ်အိမ်ယာက ဝင်ပေါက်နှစ်ခုရှိ၏။ တစ်ခုက အောင်ရတနာဆေးရုံဘက်က ဝင်လို့ရသည့်အပေါက်နှင့် နောက်တစ်ခုက ထိုအပေါက်မတိုင်ခင် ဝင်လို့ရသည့် အပေါက်ဖြစ်၏။

သူက အောင်ရတနာဆေးရုံဘက်ကအပေါက်မှာ လာစောင့်နေလိုက်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုဆေးရုံရှေ့တွင် အငှားယာဉ်ဂိတ်ရှိသောကြောင့်ဖြစ်၏။ သူ လှေလာရသလောက် ကောင်မလေးတွင် ကားရှိပုံမပေါ်၊ ပြီးတော့ တွေ့လိုက်တိုင်း အငှားကားနဲ့ဖြစ်နေ၍ အပြင်တစ်ခုခုထွက်လိုလျှင် အငှားကားကို ငှားကို ငှားရမည်။ ထို့ကြောင့် ဟိုဘက်ထိပ်မှာ သွားစောင့်မနေတော့ဘဲ အငှားယာဉ်ဂိတ်ရှိသည့် အောင်ရတနာဂိတ်မှာ လာစောင့်နေခြင်းဖြစ်၏။





အောင်ရတနာဆေးရုံရှေ့မှာ ဆေးရုံကဖွင့်ထားသည့် ကန်တင်းလေးရှိသည်။ ကန်တင်းလေးဟုဆိုသော်လည်း ဆေးရုံလာ လူနာများနှင့် လူနာအတွက် ရောက်လာသော ဧည့်သည်များပါ စားသောက်လို့ရအောင် စီစဉ်ထားသောကြောင့် အစားအသောက် စုံစုံလင်လင်ရသည်။ သူက ထိုကန်တင်းလေးတွင် ထိုင်လျက် ကော်ဖီတစ်ခွက်မှာသောက်နေလိုက်၏။ ခဏကြာတော့ ဗိုက်ထဲက ဆာသလိုလိုရှိလာသောကြောင့် ဆန်းဒစ်ရှ်တစ်ပွဲ မှာစားလိုက်သည်။ ထို့နောက် ဆေးရုံရှေ့က လမ်းမကို ငေးနေလိုက်ပါသည်။

အချိန်နာရီများသည် တဖြည်းဖြည်း ကုန်ဆုံးလာသည်။ သူရောက်တော့ မနက် (၉)နာရီကတည်းက၊ အခု နေ့လယ်ထမင်းစားချိန် (၁၂)နာရီတောင် ထိုးတော့မည်။ လူလည်း ထိုင်ရလွန်းလို့ ညောင်းလှပြီ၊ ထို့ကြောင့် ထဖို့လုပ်၏။ ပိုက်ဆံရှင်းပြီးတော့ အိမ်ယာထဲသို့ လမ်းလျှောက်ဝင်လာလိုက်သည်။ ဟိုကြည့်ဒီကြည့်နဲ့ လျှောက်လာရင်း တစ်နေရာအရောက်…

“ဟင်… မြတ်နိုး”

သူ့ရှေ့တည့်တည့်က လျှောက်လာသော ကောင်မလေးတစ်ယောက်ကို တွေ့လိုက်တော့ ဘုန်းနိုင်ထွဋ် တော်တော်ပျော်သွားသည်။ မြတ်နိုးက အပေါ်က T-ရှပ် အဝါလေးနှင့် အောက်က ချင်းဘောင်းဘီ ဒူးဖုံးလောက်ကလေးကို ပေါ့ပေါ့ပါးပါး ဝတ်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ထားၓ၏။ နေ့လယ်ခင်း ပူပြင်းလှသော နေရောင်ခြည်အောက်တွင် သူမရဲ့အလှကြောင့် ဘုန်းနိုင်ထွဋ်၏ ရင်ခွင်ကို ချက်ချင်းလက်ငင်း အေးမြသွားစေ၏။

ဘုန်းနိုင်ထွဋ် သူမထံ လှမ်းသွားလိုက်ပြီး…

“မြတ်နိုး”

“ရှင်”

မြတ်နိုးက သူ့အတွေးနဲ့သူ လမ်းလျှောက်လာရင်း ဘုန်းနိုင်ထွဋ် ခေါ်လိုက်တော့ ရုတ်တရက် လှမ်းကာကြည့်သည်။ ထို့နောက် တစ်ချက်ပြုံးပြလိုက်ပြီး…

“သြော်… ဘယ်သူလဲလို့”

“ဟဲ… ဟဲ ဒီတစ်ခါတော့ မှတ်မိသွားပြီပေါ့”

မြတ်နိုးက ပြုံးသည်။ ထို့နောက်…

“ဘယ်လာတာလဲဟင်”

ရုတ်တရက်ဆိုတော့ ဘုန်းနိုင်ထွဋ် ဘာပြောရမှန်းမသိ၊ ခဏကြာတော့ ခေါင်းထဲမှာ အတွေးတစ်ခု လက်ခနဲပေါ်လာပြီး…

“ဟို… အောင်ရတနာဆေးရုံမှာ အသိတစ်ယောက် ဆေးရုံတက်နေရလို့ လာကြည့်ရင်း ဒီဘက်လျှောက်လာတာ”

အမှန်တော့ သိပ်ပြီး အဓိပ္ပာယ်ရှိလှသည်တော့ မဟုတ်၊ ဆေးရုံမှာ လူနာမေးပြီးပြန်လျှင် ဒီဘက်လျှောက်လာစရာ အကြောင်း





မရှိ၊ ဒီဘက် လျှောက်လာတယ်ဆိုကတည်းက တစ်စုံတစ်ခုကိစ္စရှိ၍ လာခြင်းဖြစ်သည်။

ထိုတစ်စုံတစ်ခုကိစ္စမှာလည်း လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေပါသည်။

သို့သော် တကူးတက လာတာထက်စာလျှင် အကြောင်းပြချက်လေးတစ်ခုရှိတော့ ရုပ်သိမ်မပျက်လှ။

“မြတ်နိုး ဘယ်သွားမလို့လဲ”

“မြို့ထဲ ခဏသွားမလို့ပါ”

“ဟုတ်လား… ဒါဆို ကျွန်တော် လိုက်ပို့ပေးမယ်လေ၊ ကျွန်တော်လည်း လမ်းကြုံနေတာပဲ”

“ဟင်… အသိဆီ လာတာဆို”

“ဟုတ်တယ်လေ မြတ်နိုးရဲ့၊ အသိလူနာက ဝင်ကြည့် ပြီးပြီလေ၊ အဲဒါ ကိုယ်လည်း မြို့ထဲသွားမလို့”

ဘုန်းနိုင်ထွဋ် လမ်းကို ချက်ချင်းကြုံပစ်လိုက်သည်။ ဒီအခွင့်အရေးကိုတော့ လက်လွှတ်မခံနိုင်။

“ဒါဆို ကိုဘုန်းနိုင်ထွဋ်က ဘယ်သွားမှာလဲ”

“ကျွန်တော်… အဲ… ကျွန်တော်က ရွှေဘုံသာဘက်သွားမှာ”

“ဟုတ်လား… ကျွန်မက မိုလ်အောင်ကျော်လမ်းသွားမလို့



www.burmeseclassic.com

www.burmeseclassic.com



လမ်းကြုံတယ်ဆိုပေမဲ့ ဗိုလ်အောင်ကျော်လမ်းနဲ့ ရွှေဘုံသာက”

“နီးပါတယ် မြတ်နိုးရယ်၊ ကျွန်တော် မြတ်နိုးကို ဗိုလ်အောင်ကျော်လမ်း အရင်ပို့ပြီးမှ ရွှေဘုံသာကို ဆင်းသွားမှာပေါ့ ဟုတ်ဦးလား”

ဆက်လည်း မငြင်းချင်တော့ပါ၊ ငြင်းလည်း ရမည်မဟုတ်တော့လို့ ခေါင်းညိတ်လက်ခံလိုက်ရပါတော့သည်။ ထို့နောက် သူတို့ မြို့ထဲဘက်သို့ ဘုန်းနိုင်ထွဋ်၏ကားလေးဖြင့် ထွက်လာခဲ့လိုက်ပါတော့၏။

မြို့ထဲရောက်တော့ ဗိုလ်အောင်ကျော်လမ်းကို အရင်ပို့သည်။ ထို့နောက် ဘုန်းနိုင်ထွဋ်က တစ်ဆင့်တက်ကာ အပြန် သူဝင်ခေါ်ပေးမည်ဟု ဆို၏။ မြတ်နိုးက ပထမ ငြင်းသော်လည်း ဘုန်းနိုင်ထွဋ်က အတင်း အရေးဆိုလာ၍ လက်ခံပေးလိုက်သည်။ ထို့နောက် မြတ်နိုးက သူ့မိဘတွေ စကော့ဈေးက လှမ်းပို့လိုက်သည့် လူကြုံပစ္စည်းကို အသိအိမ်မှာ ဝင်ယူနေစဉ် ဘုန်းနိုင်ထွဋ်က သူ စကားဆိုခဲ့သည့်အတိုင်း ရွှေဘုံသာဘက်သို့ ကားမောင်းထွက်လာခဲ့သည်။

အမှန်တော့ ရွှေဘုံသာဘက်မှာ သူ့အတွက် ဘာကိစ္စမှမရှိ၊ မြတ်နိုးကို လိုက်ပို့ချင်၍သာ သက်သက်ခွင်ဆင်လာခြင်းဖြစ်သော





ကြောင့် ကားကို တစ်ပတ်ပတ်မောင်း၍ ဗိုလ်အောင်ကျော်ဘက်သို့ ပြန်မောင်းလာခဲ့သည်။ မြတ်နိုးကို ပို့ခဲ့တဲ့နေရာကိုရောက်တော့ ကောင်မလေး မရောက်သေး၍ ခဏစောင့်နေလိုက်သည်။ ငါးမိနစ်လောက်ကြာတော့ မြတ်နိုးရောက်လာ၏။

“စောရီးနော် ရောက်နေတာ ကြာပြီလား မသိဘူး”

“မကြာသေးဘူး အခုလေးတင် ရောက်တာပါ”

မြတ်နိုးက ကားတံခါးကိုဖွင့်ကာ ဝင်ထိုင်လိုက်တော့ ကားကို အသာအယာ မောင်းထွက်ခဲ့လိုက်တော့သည်။ လမ်းရောက်တော့ ဘုန်းနိုင်ထွဋ်က…

“မြတ်နိုး ဘာစားပြီးပြီလဲဟင်”

မြတ်နိုးက ဘုန်းနိုင်ထွဋ်ကို တစ်ချက်လှည့်ကြည့်၍…

“ဘာဖြစ်လို့လဲ ကိုဘုန်းနိုင်ထွဋ်”

“ကော်ဖီလေး ဘာလေး ဝင်သောက်ရအောင်လို့ မေးမလို့ပါ”

မြတ်နိုး ဘာမှပြန်မပြောပါ။ ပြုံးရုံသာ ပြုံးနေပါသည်။ ဘုန်းနိုင်ထွဋ်က ကားကို ဆရာစံဘက်သို့ မောင်းသွားပြီး မစ်စတာဂစ်တာ ကော်ဖီဆိုင်သို့ သွားလိုက်သည်။ ဆိုင်ထဲတွင် ထုံးစံအတိုင်း အနောက်တိုင်းသံစဉ် အေးအေးလေးများနှင့် ဆိုင်ကလေးက ငြိမ်သက်စွာ အေးမြနေသည်။

မြတ်နိုးက ဖျော်ရည်တစ်ခွက် မှာသည်။ ဘုန်းနိုင်ထွဋ်က



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီတစ်ခွက်မှာ၍ သူတို့ စကားပြောကြ၏။

ဘုန်းနိုင်ထွဋ်က စပြီး…

“မြတ်နိုးက အပြင်ထွက်ရင် တစ်ယောက်တည်းပဲ ထွက်တတ်တယ်နော်”

“ရှင်… ဘာဖြစ်လို့လဲဟင်”

“ဘာမှ မဖြစ်ပါဘူး၊ မြတ်နိုးကို ကျွန်တော် တွေ့လိုက်တိုင်း တစ်ယောက်တည်းဖြစ်နေလို့ပါ”

သူမက ပြုံးလိုက်ပါ၏။ သူမ ပြုံးလိုက်လျှင် အပြစ်ကင်းစင်စွာ လှပကြောင်း သုံးသပ်မိ၏။ ထို့နောက် ဘုန်းနိုင်ထွဋ်က…

“မြတ်နိုးက တစ်ဦးတည်းသမီးလား”

မြတ်နိုး တစ်ချက်တွေဝေသွားသည်။ နောက်တော့မှ ခေါင်းတစ်ချက်ညိတ်ပြ၍…

“ဟုတ်ပါတယ်၊ ကိုဘုန်းနိုင်ထွဋ်ကရော”

“ဟဲ… ဟဲ ကျွန်တော်လည်း မြတ်နိုးနဲ့ အတူတူပဲ”

“သြော်”

ထို့နောက် မှာထားတဲ့ ကော်ဖီနဲ့ မုန့်ရည်ကို လာချပေး၍ စကားစ ပြတ်သွားကြ၏။ ဝိတ်တာလေး ပြန်ထွက်သွားတော့ မြတ်နိုးက ဖျော်ရည်ကို တစ်ငုံစုပ်သောက်လိုက်သည်။ ဘုန်းနိုင်ထွဋ်က မြတ်နိုးကို ငေးကြည့်နေရင်းမှ…





“မြတ်နိုး”

“ရှင်”

“မြတ်နိုးရဲ့ ဖုန်းနံပါတ်လေးကို ရနိုင်မလားဟင်”

မြတ်နိုး တစ်ချက်ငြိမ်သွား၏။ ခဏကြာတော့မှ တစ်ချက် ပြုံးလိုက်ကာ…

“အခု မပေးလို့ မရဘူးလားဟင်”

“ဘာဖြစ်လို့လဲ မြတ်နိုးရဲ့”

“ဘာမှမဖြစ်ပါဘူး၊ နောက်တစ်ခါ တွေ့တော့မှ ပေးချင်လို့”

ဘုန်းနိုင်ထွဋ် ခပ်ပြုံးပြုံးလေးနှင့်သာ ခေါင်းညိတ်ပြလိုက်ပါသည်။ ဒီလိုကိစ္စမျိုးက ဇွတ်အတင်း စီစဉ်လို့မရမှန်း သူသဘောပေါက်ပါ၏။ အခုလောက်ထိ အခြေအနေ တိုးတက်လာတာတောင် ကံကြမ္မာတရားကို ကျေးဇူးတင်ရမည်ဖြစ်သည်။

ထို့နောက် သူတို့ တွေရာလေးပါး စကားဆက်ပြောကြ၏။ မြတ်နိုးရဲ့ အဖေနဲ့အမေက စင်္ကာပူမှာနေကြောင်း မြတ်နိုးက ပြောပြသည်။ သူမက အခု အဒေါ်အပျိုကြီးတစ်ယောက်နဲ့အတူနေကြောင်းပါ ပြောပြ၏။ ဘုန်းနိုင်ထွဋ်က သူ့အကြောင်းလေး နည်းနည်းပါးပါး ပြန်လည်ပြောပြ၍ သူတို့စကားဝိုင်းကို ရပ်သိမ်းလိုက်တော့၏။

ထို့နောက် ပိုက်ဆံရှင်း၍ ဆိုင်မှ ထွက်လာခဲ့သည်။ ထုံးစံအတိုင်း အိမ်ယာရှေ့တွင် ကားရပ်ပေး၍ မြတ်နိုးဆင်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးနဲ့ လမ်းခွဲခါနီးတွင် ဘုန်းနိုင်ထွဋ်က…

"နောက်တစ်ခါတွေ့ရင် ဖုန်းနံပါတ် တကယ်ပေးရမယ်နော်"

"စိတ်ချပါ"

ထို့နောက် မြတ်နိုး တစ်လှမ်းချင်း လှည့်ထွက်သွားပါသည်။ ဘုန်းနိုင်ထွဋ်ကား ပျော်ရွှင်စွာနဲ့ ထိုနေရာမှ ထွက်လာခဲ့လိုက်ပါတော့၏။

"နင်က နောက်တစ်ခါမှ ဖုန်းနံပါပေးမယ်ဆိုတော့ ဘယ်သူ့ ဖုန်းနံပါတ် ပေးလိုက်မှာလဲ"

"နောက်တစ်ခါတွေ့တဲ့လူရဲ့ ဖုန်းနံပါတ် ပေးလိုက်ပေါ့ဟယ်"

အားလုံး ငြိမ်သွားကြသည်။ ခဏကြာတော့မှ လွင်လွင်က…

"အေးလေ ပြီးတာပဲ၊ နောက်တစ်ခါ တွေ့တဲ့လူကတော့ ဖုန်းနံပါတ်ပေးရမှာပဲ"

ညီအစ်မသုံးယောက် ခေါင်းချင်းဆိုင်ကာ ဒီနေ့ ခင်ခင် ကြုံတွေ့လာခဲ့ရသည့် ကိစ္စများကို တိုင်ပင်ကြ၏။ ထို့နောက် သူတို့ သုံးယောက်တွင် ဘုန်းနိုင်ထွဋ် ဘယ်သူ့ကို စတွေ့ခဲ့သလဲဆိုသည့် ကိစ္စကို ဆက်လက်ဆွေးနွေးကြ၏။ သို့သော် အဖြေက သေချာရေရာစွာ ထွက်မလာ။





"ဒါကတော့ သူ့ကိုပဲ မေးကြည့်မှရမယ်"

"သူက ပြောပါ့မလား"

"ဒါကတော့ဟယ် ပေါ်တင်ကြီး မေးလို့တော့ ဘယ်ရပါ့မလဲ၊ ဒီလိုပဲ အစ်အောက်ပြီး မေးရမှာပေါ့"

ထိုအချိန်တွင် ဒေါ်ခင်မျိုးတင့်က သူမတို့ရှိရာသို့ ရောက်လာ၏။ ရုက်နှာကလည်း မှိုရလာတဲ့ မျက်နှာနဲ့။

"တူမလေးတွေ ဘာလုပ်နေကြတာလဲ"

"ဒီလိုပါပဲ တီတီလေးရယ်၊ တိုင်းရေးပြည်ရေး ဆွေးနွေးနေတာပါ"

ဒေါ်ခင်မျိုးတင့်က နှာခေါင်းတစ်ချက် ရှုံ့လိုက်ကာ…

"အမလေး စကားကြီး စကားကျယ်ပြောတော့မယ်၊ ဒါနဲ့ တူမလေးတို့ကို တီတီလေး ပြောစရာရှိလို့"

"ဘာလဲ တီတီလေးရဲ့ ပြောလေ"

"ဟိုဟာလေ ဒီလို"

ဒေါ်ခင်မျိုးတင့် စကားပြောဖို့ ခက်နေသည်။ သူ့အမူအရာနှင့် ရုပ်ရည်ကို ကြည့်ခြင်းအားဖြင့် စကား စပြောဖို့ တော်တော်စဉ်းစား နေရပုံရမှန်း သိသာလှ၏။

အမွှာသုံးယောက်က သူတို့ဒေါ်လေးကိုကြည့်ကာ တစ်ယောက် ချက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။ ဘယ်လိုလဲဆိုတဲ့သဘော

www.burmeseclassic.com



မျက်ခုံးတွေ လှုပ်ပြကြသည်။

ခဏကြာတော့ ဒေါ်ခင်မျိုးတင့်ဆီမှ ကောသံ ထွက်လာလေသည်။

"ဟိုဟာလေ ဒီနေ့ လူတစ်ယောက် အိမ်လာလည်မယ် သိလား၊ အဲဒါ တူမလေးတို့သိအောင် ပြောထားတာ"

"ဟုတ်လား ဘယ်သူလဲ"

"သူ့နာမည်က ဦးမျိုးဝေဝင်းတဲ့၊ တီတီလေးနဲ့ တက္ကသိုလ်တုန်းက သူငယ်ချင်းတွေ"

အမွှာသုံးယောက် ခေါင်းတညိတ်ညိတ်လုပ်သည်။ ထို့နောက် သူတို့ဒေါ်လေးမျက်နှာကို စေ့စေ့ကြည့်လိုက်ကြ၏။ သူတို့ဒေါ်လေး ခမျာ ဣန္ဒြေကိုထိန်းပြီး နေနေရသော်လည်း မျက်နှာပေါ်က ရှက်ရိပ်ကိုတော့ ဖုံးကွယ်လို့မရ။

"ဘယ်တော့လာမှာလဲ တီတီလေး"

"တော်ကြာလာမယ်လို့ ပြောတယ်၊ ဒီနားရောက်တုန်း အိမ်ကို ဝင်လာမလို့တဲ့၊ ခုန မြန်းစားကြီး ဖုန်းဆက်လို့ တီတီလေးလည်း ငါ့တူမတွေကို လာပြောတာ၊ တီတီလေး ရေချိုးလိုက်ဦးမယ် သူရောက်လာရင် တူမတို့ထဲက တစ်ယောက်ယောက် ဧည့်ခံပေး ထားနော်"

သုံးယောက်လုံး ပြိုင်တူ ခေါင်းညိတ်လိုက်ကြ၏။ ခဏ ကြာတော့ ဒေါ်ခင်မျိုးတင့် သူတို့နားက ထွက်ကာသွားသည်။ ထိုတော့မှ သုံးယောက်လုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ပြုံးစိစိ တွေလုပ်ရင်း...

"နည်းနည်းတော့ ပညာပေးရမယ်"

တစ်ယောက်က ထပြောလိုက်၏။ ကျန်နှစ်ယောက်က ခြွင်းချက်မရှိ ထောက်ခံလိုက်ပါတော့သည်။ ထို့နောက် သုံးယောက် သား ခေါင်းချင်းဆိုင်သွားကြပါတော့၏။

ဦးမျိုးဝေဝင်းက စမတ်ကျကျနှင့် ကားပေါ်က ဆင်းလာကာ ခြံဝတွင် တပ်ထားသော လူခေါ်ဘဲလ်ကို နှိပ်လိုက်၏။ အိမ်ထဲမှ အသက်နှစ်ဆယ်ကျော် ကောင်မလေးတစ်ယောက် ခြံတံခါး လာဖွင့် ပေးသည်။

ဦးမျိုးဝေဝင်းက...

"ဒေါ်ခင်မျိုးတင့်တို့ အိမ်လားခင်ဗျာ"

"ဟုတ်ပါတယ်၊ သမီးက ဒေါ်ခင်မျိုးတင့်ရဲ့ တူမပါ၊ အထဲ ဝင်ပါဦးရှင့်"

ဦးမျိုးဝေဝင်း တစ်ချက်ပြုံးလိုက်ကာ ခြံထဲသို့ လှမ်းဝင်လိုက်၏။ အိမ်ထဲရောက်တော့ ဧည့်ခန်းမှာ ထိုင်လိုက်ပြီး အိမ်အခြေအနေကို

www.burmeseclassic.com



တစ်ချက်လေ့လာလိုက်သည်။ ဧည့်ခန်းလေးက သပ်ရပ်သားနားစွာ တည်ရှိ၍ အခန်းထောင့်လေးများတွင် အလှပန်းအိုးလေးများ ထိုးထားတာ တွေ့ရသည်။

"တီတီလေး ရေချိုးနေလို့ ခဏစောင့်ပါနော်"

ဦးမျိုးဝေဝင်းက ခေါင်းညိတ်ပြလိုက်သည်။ ထိုနောက် သူမ ရှေ့က ကောင်မလေးက ဘာမပြော ညာမပြောနှင့် သူ့အနောက် ဘက်ကို မျက်နှာသေကြီးနှင့် လှမ်းကြည့်လိုက်တော့ ဦးမျိုးဝေဝင်း က သူ့နောက်ဘက်ကို ချာခနဲ လှည့်ကြည့်လိုက်၏။

သူ့အနောက်ဘက်မှာ သူ့ကို စိမ်းစိမ်းကြီး စိုက်ကြည့်နေသော ခုနကောင်မလေး။

"ဟင်"

ဦးမျိုးဝေဝင်းပါးစပ်မှ အာမေဋိတ်သံ ရုတ်တရက်ထွက်သွား ပြီး သူ့ရှေ့တည့်တည့်ကို ချာခနဲ ပြန်လှည့်ကြည့်လိုက်၏။ သူ့ရှေ့မှာ ခုနက သူ့ကို ဧည့်ထောက်ခံစကား ပြောနေသော ခုနကောင်မလေး မရှိတော့။

"ဟာ..."

ဦးမျိုးဝေဝင်းပါးစပ်မှာ ဟောင်းလောင်းကြီး ပွင့်ချသွားလေ တော့သည်။

ဘုရား... ဘုရား သူ အမြင်မှား မှားတာလား။ ခုန သူ့





အရှေ့တည့်တည့်က ကောင်မလေးက သူ့နောက်ကို ဘယ်လိုများ ရောက်သွားတာလဲ။

သူ အနောက်ဘက်ကို ပြန်လှည့်ကြည့်လိုက်တော့ ခုန ကောင်မလေး မရှိတော့ပြန်။ သူ နှခေါင်းကြောင်တောင် သရဲချောက် ခံရပြီထင်သည်။ သူသည် သရဲတစ္ဆေကိုတော့ အလွန်ကြောက် တတ်၏။ ထို့ကြောင့် ထိုင်ရာမှ ရုတ်တရက် ထရပ်လိုက်ချိန်တွင် တံခါးဝ၌ ခုနကောင်မလေး ဘယ်ကဘယ်လို ပေါ်လာမှန်းမသိ ပေါ်လာပြန်တော့။

"ဂိ... ဂိ... ဝှိ... ဝှိ"

ဦးမျိုးဝေဝင်း ခန္ဓာကိုယ်သည် နှစ်ချက်လောက် တွန့်လွန့် တွန့်လွန့်ဖြစ်သွားသည်။ ထို့နောက် လက်တွေ ခြေတွေပါ ကောက်ကွေးလာ၍ ပါးစပ်မှ အမြှုပ်တွေ ထွက်လာ၏။ နောက်တော့ မျက်ဖြူကြီးလန်ပြီး ခေါက်ခနဲ လဲကျသွားလေတော့သည်။

ထိုကော့မှ အမှာသုံးယောက်လည်း သူတို့ရှေ့မှာ ဆန့်ငင် ဆန့်ငင်ဖြစ်နေတဲ့ ဦးမျိုးဝေဝင်းကိုကြည့်ကာ...

"ဟာ လုပ်ကြပါဦး ဝက်ရူးပြန်နေပြီ၊ ဝက်ရူးပြန်နေပြီ"

အမှာသုံးယောက် ဘာလုပ်ရမှန်း မသိတော့၊ သူတို့ကို ကြည့်ပြီး ဦးမျိုးဝေဝင်းတစ်ယောက် အဲဒီလောက်အထိ ဖြစ်သွား မယ်လည်း မထင်ထား၍ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခဏကြာတော့ အောက်မှ ဆူညံသံတွေကြားပြီး ဒေါ်ခင်မျိုးတင့် ပြေးဆင်းလာသည်။

ဧည့်ခန်းထဲရောက်တော့ ကြမ်းပြင်ပေါ်မှာ အမြှုပ်တစီစီနှင့် တီကောင်ကို ဆားတို့သလို တွန့်လွန့်တွန့်လွန့် ဖြစ်နေသော ဦးမျိုးဝေဝင်းကို တွေ့လိုက်တော့ မျက်လုံးပြူးသွားကာ…

“ဟယ်… ဒုက္ခပါပဲ၊ ဘာတွေဖြစ်ကုန်တာလဲ”

“သမီးတို့လည်း မသိဘူး တီတီလေး၊ သမီးတို့ကိုကြည့်ပြီး အဲဒီလို ဖြစ်သွားတာပဲ”

“ဒီအတိုင်းကြီးတော့ အကောင်းတိုင်းကြီးက ထမဖြစ်ဘူး၊ နင်တို့တွေ တစ်ခုခုလုပ်လိုက်လို့ ဖြစ်သွားတာပေါ့”

“သမီးတို့ ဘာမှ မလုပ်ရပါဘူး တီတီလေးရယ်”

“ကျွတ် ဒုက္ခပါပဲ ငါကိုက မှားတာ၊ ငါ့မှာ ခွဲမရအောင် တူတဲ့ အမွှာသုံးယောက်ရှိတယ်ဆိုတာ ကြိုမပြောမိတာ မှားတာပဲ”

ထိုအချိန်တွင် ဦးမျိုးဝေဝင်းထံမှ ညည်းသံသဲ့သဲ့ ထွက်လာသည်။ ဒေါ်ခင်မျိုးတင့်က ဦးမျိုးဝေဝင်းကို ကောက်ပွေ့လိုက်၏။ အမွှာသုံးယောက်လည်း အခြေအနေမကောင်းဘူးဆိုပြီး ထိုနေရာမှ တချိုးတည်း လစ်လေတော့သည်။

ဦးမျိုးဝေဝင်း သတိရလာတော့ ဒေါ်ခင်မျိုးတင့်ကို တွေ့သည်။ ဒေါ်ခင်မျိုးတင့်က သူ့ကို ပြုံးပြလိုက်တော့ ကြောင်စီစီကြီးနှင့်





ကြည့်ကာ ရုတ်တရက် ထရပ်လိုက်၏။ ထို့နောက် အိမ်ထဲကို တစ်ချက်ဝေ့ကြည့်၍ ထိုနေရာမှ တစ်ချိုးတည်း ထပြေးလေတော့သည်။

“မောင်… မောင် ဘယ်သွားမလို့လဲ နေပါဦး”

ဦးမျိုးဝေဝင်းတစ်ယောက် စကားမေးတောင် မရတော့၊ ခြံပြင်ရောက်တာနှင့် ကားပေါ်တက်ပြီး ဝူးခနဲ မောင်းထွက်သွားပါတော့သည်။

ဒေါ်ခင်မျိုးတင့်ကတော့ ပါးစပ်ကလေးအဟောင်းသားနှင့် ငေးကြည့်လျက်။ ခဏနေတော့မှ သတိရလာပြီး…

“ဒီအမွှာသုံးကောင် ငါနဲ့တွေ့မယ်”

ဟု ကြိမ်းဝါးကာ အပေါ်ထပ်သို့ လှမ်းတက်သွားလိုက်ပါတော့၏။

“မြတ်နိုး”

ရုတ်တရက် နာမည်ခေါ်သံ ကြားလိုက်တော့ရတော့ မြတ်နိုးလွင် ခန္ဓာကိုယ်လေး တစ်ချက်တွန့်ကာသွားသည်။ ထို့နောက် လှည့်ကြည့်လိုက်တော့ ဘုန်းနိုင်ထွဋ်။

ဒီလူကလည်း သူတို့ အပြင်ထွက်တာကိုပဲ မျက်စိဒေါက်ထောက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး နောက်ယောင်ခံလိုက်နေလားမသိ၊ သူတို့ညီအစ်မတွေ အပြင်မထွက်လိုက်နှင့် ထွက်လိုက်တာနဲ့ သူနဲ့ဆုံပြီ။ အခုလည်း ရန်ကင်းစင်တာမှာ ဈေးလာဝယ်ရင်း တွေ့ပြန်ပြီ။

"မြတ်နိုးက ဈေးလာဝယ်တာလား"

မြတ်နိုးလွှင် ခေါင်းညိတ်ပြလိုက်သည်။ ဘုန်းနိုင်ထွဋ်က ပြုံးလိုက်ပြီး…

"ကျွန်တော်လည်း ဈေးလာဝယ်တာ၊ အဲဒါ မြတ်နိုးကို တွေ့လိုက်ပြီး ဝမ်းသာအားရ ပြေးလာတာ"

"ဝမ်းသာအားရ ဟုတ်လား၊ မြတ်နိုးကို တွေ့လိုက်တာနဲ့ ကိုဘုန်းနိုင်ထွဋ်က ဘာလို့ ဝမ်းသာသွားရတာလဲ"

"မြတ်နိုးကလည်း မေ့တတ်လိုက်တာ၊ နောက်တစ်ခါ မြတ်နိုးနဲ့တွေ့ရင် ဖုန်းနံပါတ် ပေးမယ်လို့ ဟိုတစ်ခါ ကတိပေး ထားတယ်လေ"

အဲဒီတော့မှ ဟိုတစ်ခါ ခင်ခင်ပြောခဲ့သည့်စကားကို သတိရ လိုက်မိ၏။ ဒီတစ်ခါတော့ တယ်လီဖုန်းနံပါတ် မဲပေါက်သွားမှာ သူဖြစ်သွားလေပြီ။

"မြတ်နိုး"

"ရှင်"

"မှတ်မိတယ်မလား"





မြတ်နိုးက အသာအယာ ခေါင်းညိတ်ကာပြ၏။

"ဒါဆို ကျွန်တော် ပျော်ရပြီပေါ့နော်"

မြတ်နိုးက ပြုံးလိုက်ပါသည်။ ထို့နောက် ဘုန်းနိုင်ထွဋ်ကို ကြည့်၍…

"ကိုဘုန်းနိုင်ထွဋ် ဖုန်းနံပါတ် ကျွန်မကို အရင်ပေး"

ဘုန်းနိုင်ထွဋ်မှ မဆိုင်းမတွပင် သူ့ဖုန်းနံပါတ်ကို ပေးလိုက်သည်။ မြတ်နိုးက ဟန်းဖုန်းနှင့် ထိုဖုန်းနံပါတ်ကို လှမ်းဆက်ပေးလိုက်၏။

"အဲဒါ ကျွန်မ ဖုန်းပါ"

"ကျေးဇူးတင်လိုက်တာ မြတ်နိုးရယ်၊ ဒါဆို ကျွန်တော် မြတ်နိုးကို ဖုန်းဆက်မယ်နော်"

သူမ ဘာမှ မပြောပါ၊ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်း ဆိုတော့ သူမဘက်က လက်ခံလိုက်မှန်း ဘုန်းနိုင်ထွဋ် သိလိုက်၏။

ထို့နောက် သူမ နှုတ်ဆက်ကာ ထိုနေရာမှ ထွက်လာခဲ့လိုက် ပါတော့သည်။

ဘုန်းနိုင်ထွဋ်ကတော့ ပီတိတွေဖြာရင်း ကျန်ခဲ့လေတော့၏။ ရင်ထဲမှာ ပန်းတွေကို ပွင့်လို့။



www.burmeseclassic.com

www.burmeseclassic.com



## ‘(၆)လခန့် ကြားသော်’



www.burmeseclassic.com

www.burmeseclassic.com



(၆)လဆိုတဲ့ အချိန်ကာလသည် နာရီလက်တံတွေကိုစီးရင်း တပြည်းပြည်းနဲ့ ရောက်ရှိလာ၏။ ထို (၆)လအတွင်းတွင် ဘုန်းနိုင်ထွဋ်နှင့် မြတ်နိုးတို့၏ အခြေအနေလည်း တိုးတက်လာခဲ့၏။ အခုဆို ဘုန်းနိုင်ထွဋ်နဲ့ မြတ်နိုးတို့က ချစ်သူတွေ ဖြစ်သွားကြပြီ။

ဘယ်မြတ်နိုးနဲ့ ဖြစ်တာလဲဟုမေးလျှင် သုံးယောက်လုံးနှင့် ဖြစ်တာဟုဖြေလျှင် ပိုမှန်ပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ဘုန်းနိုင်ထွဋ်ခမျာ အခုချိန်အထိ သူနဲ့ကြိုက်နေသော ကောင်မလေးကို တစ်ယောက်တည်းဟု ထင်နေမိသောကြောင့်ဖြစ်၏။ မြတ်နိုးတို့ဘက်ကသာ ဘုန်းနိုင်ထွဋ်ကို တစ်ယောက်တစ်လှည့်စီ သွားတွေ့ရင်း 3 in 1 ရည်းစားလုပ်နေကြ၏။

သံယောဇဉ်ဆိုသောအရာသည် တော်တော်ဆန်းကြယ်ပါသည်။





တွေ့ပါများ စကားပြောပါများလာတော့ ဘုန်းနိုင်ထွဋ်အပေါ် သုံးယောက်လုံးက သံယောဇဉ် ရှိသွားကြ၏။ ပွင့်ပွင့်လင်းလင်း ပြောရလျှင် ချစ်မိသွားကြလေသည်။ ဤတွင် သူတို့သုံးယောက် ပြဿနာတက်ကြတော့၏။

"တစ်ချိန်ချိန်မှာ ဒီလိုကိစ္စတွေ ပြဿနာတက်လာနိုင်တယ်ဆိုတာ ငါတော့ တွေးမိသား၊ အခု ငါတို့သုံးယောက် ဘယ်လိုလုပ်ကြမလဲ၊ သူ့ကို အခုလိုပုံစံမျိုးအတိုင်း တစ်ယောက်တစ်လှည့် သွားတွေ့နေလို့ ပြီးမှာမဟုတ်ဘူး၊ သူ့ဘက်ကလည်း တစ်ချိန်ချိန်မှာ ဒီကိစ္စကို မသိဘူးလို့ မပြောနိုင်ဘူး၊ အဲဒီတော့ ဘယ်လိုလုပ်မလဲ"

မြတ်နိုးယဉ်က စတင်ဆွေးနွေးလိုက်သည်။ ကျန်တဲ့နှစ်ယောက်ဖြစ်သည့် မြတ်နိုးခင်နှင့် မြတ်နိုးလွင်က သက်ပြင်းပြိုင်တူချလိုက်ကာ ထိုမေးခွန်းအတွက် စဉ်းစားခန်း ဝင်နေလေသည်။ ခဏနေတော့ မြတ်နိုးခင်က…

"ယဉ်ယဉ် ပြောတာ ဟုတ်တယ်ဟ၊ ဟိုတစ်နေ့က ငါ့ကို ခေါ်ပြီး သူ့အမေနဲ့ မိတ်ဆက်ပေးတော့မှ သူက ငါတို့ကို ဘဝတစ်သက်လုံးအတွက် ရည်ရွယ်တယ်ဆိုတာ သိလိုက်ရတာ၊ ငါတို့ သုံးယောက်လုံးကတော့ သူ့ကို ယူလို့မရဘူးလေ"

"နင်ကလည်းဟာယ် ယူမဲ့အဆင့်ထိတောင် တွေးနေပြီလား"

"ဒါက ကြိုတွေးထားရမယ်လေ၊ ဟိုနေ့က ငါနဲ့တွေ့တော့



www.burmeseclassic.com

www.burmeseclassic.com



သူ အလုပ်တစ်ခုခု လုပ်မယ်ပြောတယ်၊ အလုပ်အဆင်ပြေတာနဲ့ လက်ထပ်ကြရအောင်တဲ့၊ ငါတို့မိဘတွေကိုလည်း ကြိုပြောထားလို့ ပြောတယ်"

ထိုစကားကို လွှင်လွှင်က ဝင်ပြောလိုက်ခြင်းဖြစ်၏။ အားလုံး ခဏငြိမ်သွားကြသည်။ တော်တော်လေးကြာတော့မှ ယဉ်ယဉ်က...

"ဒါဆို ငါတို့သုံးယောက်လုံး သူ့ကို ဘယ်သူယူမလဲ"

အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။ ဘာမှတော့မပြော၊ သုံးယောက်လုံးရဲ့ ဘုန်းနိုင်ထွဋ်အပေါ်မှာထားတဲ့ သံယောဇဉ်ကလည်း ထပ်တူထပ်မျှဖြစ်နေ၍ ဘယ်သူမှ လက်လျှော့ ချင်ဟန်မတူ။ အခုမှ ကိုယ်ရှုပ်နဲ့တဲ့စာတ် ကိုယ်မနိုင်ဘဲ ပြဿနာက ဖြစ်လေပြီ။

"ငါတို့တွေက သူ့ကို ရွေးချယ်လို့တော့ မရတော့ဘူးဟ၊ သူကသာ ငါတို့တွေကို ရွေးချယ်ဖို့ရှိတယ်၊ ဒီတော့ ဒီလိုလုပ်"

"ဘယ်လိုလုပ်ရမလဲ"

"သူအရင်ဆုံး ရည်းစားစကား စပြောခဲ့တာ ဘယ်သူလဲ"

မြတ်နိုးခင်တ လက်ညှိုးထောင်လိုက်သည်။

"ငါ့ကို"

"ဒါပေမဲ့ အဖြေပြန်ပေးတော့ ငါလေ"

မြတ်နိုးယဉ်က ဝင်ပြောလိုက်၏။ မေးခွန်း စတင်မေးသည့်





မြတ်နိုးလွှင်က သက်ပြင်းချလိုက်ကာ...

"အဲဒီလိုဆို ငါလည်း သူနဲ့ နေ့တိုင်းဖုန်းပြောရတာပါဟာ"

သုံးယောက်လုံးဆီက သက်ပြင်းချသံ ပြိုင်တူထွက်ပေါ်လာကြ၏။ နောက်ဆုံးတော့...

"အချိန်နဲ့ ကံကြမ္မာကသာ အဆုံးအဖြတ်ပေးသွားမှာပါဟာ၊ အဲဒီအချိန်ထိ ငါတို့ စောင့်ကြည့်ကြရတာပေါ့"

မြတ်နိုးယဉ်၏စကားကို အားလုံးလက်ခံလိုက်ကြသည်။ လက်မခံလို့လည်း မရ၊ သူတို့အဖြစ်က တော်တော်ဆိုးနေလေပြီ။

ဘုန်းနိုင်ထွဋ် စိတ်ညစ်နေသည်။ တခြားဟာတော့ မဟုတ်၊ မြတ်နိုးနဲ့ပတ်သက်ပြီး စိတ်အနှောင့်အယှက်ဖြစ်နေခြင်းဖြစ်၏။ ထို့ကြောင့် သူတစ်ယောက်တည်းထိုင်ကာ အတွေးနယ်ချဲ့မိနေခြင်း ဖြစ်၏။ သူတွေးနေတာက ဟိုတစ်နေ့က မြတ်နိုးနဲ့သူ ဆုံတွေ့နေကျ မစ်စတာဂစ်တာဆိုင်မှာ သွားထိုင်ကြသည်။ ထို့နောက် အိမ်ပြန် လာပြီး လင်းဆွေနဲ့ ညနေပိုင်းတွေ့တော့ လင်းဆွေက...

"ဟော့ကောင် မင်းကောင်မလေးကို ငါ နေ့လယ်က မြို့ထဲ သွားရင်း ဗိုလ်အောင်ကျော်လမ်းမှာ တွေ့လိုက်တယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောသည်။ လင်းဆွေကတော့ ဘာရယ်မဟုတ် စကားကြုံလို့ ပြောလိုက်သော်လည်း သူ့ခမျာ အတွေးတွေ ရှုပ်သွားရ၏။ နေ့လယ်က သူနဲ့ မြတ်နိုး တစ်နေ့လယ်ခင်းလုံး မစ်ဇတာဂစ်တာမှာ ရှိနေသည်။ ဘယ်လိုလုပ်ပြီး မြတ်နိုးက ဗိုလ်အောင်ကျော်လမ်း ရောက်သွားရသနည်း၊ နောက်ပြီး လင်းဆွေတွေ့ခဲ့တဲ့နေရာကို မေးကြည့်လိုက်တော့ ဟိုတစ်ခါ မြတ်နိုးကို သူလိုက်ပို့ခဲ့သည့်နေရာ တစ်ပိုက်။

"မင်းတို့ဟာက သေရောသေချာလို့လားကွာ"

"ဟာ သေချာပါတယ် ဟ့ကောင်ရာ၊ ငါသွားနှုတ်ဆက်တော့ ငါ့ကိုတောင် ပြန်နှုတ်ဆက်လိုက်သေးတယ်"

"ဘယ်နနာရီလောက်လဲ"

"နေ့လယ် တစ်နာရီလောက်"

ဘုန်းနိုင်ထွဋ် သက်ပြင်းကိုသာ ပစ်စလက်ခတ်ကြီး ချပစ်လိုက်၏။ ဘာပြောလို့ ပြောရမှန်းတောင် မသိတော့၊ သူတို့ မစ်ဇတာဂစ်တာမှာ ထိုင်ကြတာ ၁၂ နာရီလောက်ကစပြီး ၂ နာရီကျော်အထိ၊ အခု မြတ်နိုးနဲ့ လင်းဆွေတွေ့ခဲ့တာ ၁ နာရီ။

လင်းဆွေလည်း လူမှားစရာ အကြောင်းမရှိ၊ မြတ်နိုးကို သူ မိတ်ဆက်ပေးထား၍ လင်းဆွေရော ကိုဦးပါ မြတ်နိုးနဲ့ သိနေကြသည်။





နောက်တစ်ခုက မနက်ကကိစ္စ။

မနက်က သူ့မေမေသည် အလှူတစ်ခုရှိ၍ မိတ်ဆွေ တစ်ယောက်အိမ်သို့ သွားပြီးအပြန် City mart တစ်ခုသို့အဝင် မြတ်နိုးနဲ့ မျက်နှာချင်းဆိုင် ဆုံသည်ဟု ဆို၏။ ထိုအခါ သူ့အမေက ဝမ်းသာအားရ နှုတ်ဆက်စဉ် မြတ်နိုးက မမြင်ဘူးသူတစ်ယောက်လို ကြည့်နေသည်ဟု သိရသည်။

"မေမေလည်း တော်တော်အံ့သြသွားတာ သားရယ်၊ ကောင်မလေးက မေမေ့ကို မဆုံဘူး၊ မတွေ့ဘူးသလို ကြည့်နေတာ မေမေက သားရဲ့မေမေပါလို့ ပြောတော့မှ သတိရသလိုမျိုး ဖြစ်သွားတာ"

"သူလည်း အမှုမဲ့အမှတ်မဲ့ဖြစ်နေလို့နေမှာပေါ့ မေမေရယ်"

"အချိန်ကာလကြာသွားတယ်ဆို မေမေ လက်ခံပါတယ်၊ ဒါပေမဲ့ သူနဲ့မေမေ ဆုံတွေ့ခဲ့တာ မကြာသေးဘူးလေ၊ ပြီးတော့ သာမာန်မိတ်ဆွေတစ်ယောက်အနေနဲ့ ဆုံတွေ့ခဲ့တာမျိုးမှ မဟုတ်တာ၊ သားရဲ့မေမေအဖြစ် သားကိုယ်တိုင် မိတ်ဆက်ပေးခဲ့ဖူးတာပဲကွယ်၊ သူ ဒါမျိုးတော့ မဖြစ်တန်ကောင်းပါဘူး"

"ဒါဆို မေမေ ပြောချင်တဲ့သဘောက"

"သူ မေမေ့ကို လုံးဝကိုမသိခဲ့တဲ့ပုံပဲသား၊ မေမေလည်း ဒီအရွယ်ရောက်နေပြီ အဲဒီလောက်တော့ လူကဲခတ် မညံ့ပါဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းနိုင်ထွဋ် ဘာပြောလို့ ပြောရမှန်းတောင် မသိတော့၊ သူ့ခမျာ ထိုအခြေအနေနှစ်ခုကို စဉ်းစားရင်း ဦးနှောက်ခြောက်လာသည်။ နောက်တော့ သူ့အိမ်သို့ ကျော်ဦးနဲ့ လင်းဆွေတို့ ရောက်လာ၏။ သူ့ကိုတွေ့တော့ လက်ဖက်ရည်ဆိုင်သွားဖို့ ခေါ်သည်။ ပထမတော့ လက်ဖက်ရည်ဆိုင်သွားဖို့လုပ်သော်လည်း စိတ်ထဲ နည်းနည်း နောက်ကျိနေ၍ ဘီယာဆိုင်သို့ ထွက်လာခဲ့၏။ ဟိုနှစ်ကောင်လည်း သူ့ခေါ်ရာနောက်သို့ ပျော်ရွှင်စွာ ပါလာခဲ့လေသည်။

ဘီယာဆိုင်ရောက်တော့ လိုအပ်တာတွေ မှာကြားပြီးသွားတော့ ကျော်ဦးက…

"ငါ့ကောင်ကြီး မျက်နှာမလန်းပါလား၊ ဘာဖြစ်နေတာလဲ"

သူလည်း လာချပေးသည့် ဘီယာခွက်အား တစ်ဝက်လောက် မော့သောက်ပြီးနောက်…

"အေးကွာ မင်းတို့ကို ငါ ပြောစရာရှိလို့"

နှစ်ယောက်စလုံး သူ့ထံမှ ထွက်လာမည့်စကားကို စောင့်မျှော်နေကြသည်။ ခဏကြာတော့ ဘုန်းနိုင်ထွဋ်က ခံစားချက်တွေကို ရင်ဖွင့်၏။ အဓိကကတော့ မြတ်နိုးအကြောင်းသာဖြစ်သည်။

"မင်းပြောတာလည်း ဟုတ်တယ်ကွ၊ ငါတို့ မင်းဆီအလာ ဒီကောင်နဲ့တောင် အဲဒီကိစ္စပြောဖြစ်ကြသေးတယ်၊ မြတ်နိုးက နည်းနည်းထူးဆန်းနေသလိုပဲ"





လင်းဆွေက ပြောတော့ ကျော်ဦးကလည်း ခေါင်းညိတ်လိုက်တာ…

"ဟုတ်တယ် ထူးတာတော့ တော်တော်ထူးဆန်းတယ်၊ မင်းနဲ့က အမြဲတွဲသွားတွဲလာလုပ်နေတော့ ဒီထက်ပိုထူးဆန်းတာလေးတွေ မကြုံမိဘူးလား"

ဘုန်းနိုင်ထွဋ် စဉ်းစားသွားသည်။ အရင်က စိတ်ထဲမှာ ဘာမှ မရှိ၍ အမှုမဲ့အမှတ်မဲ့ နေခဲ့သော်လည်း အခုတော့ ထူးဆန်းစွာ တိုက်ဆိုင်မှုတွေရှိလာ၍ သူ့စိတ်ထဲ ‹မှတ်တမဲ့နှင့် ထူးဆန်းသော ကိစ္စလေးများ ခေါင်းထဲမှာ ပေါ်လာသည်။

ဥပမာ မြတ်နိုးက ပထမတစ်ခါတွေ့တုန်းက မုန့်ဟင်းခါး ကြိုက်တယ်ဟု ဆိုထားသော်လည်း နောက်တစ်ခါတွေ့တော့ အုန်းနို့ခေါက်ဆွဲ ကြိုက်လိုက်တာမျိုး၊ မနေ့က ပြောခဲ့သည့်စကားကို နောက်တစ်ရက် မမှတ်မိတာမျိုး စသည်ဖြင့် ခဏခဏ ကြုံရသည်။

ဟိုတစ်ခါကလည်း ရွှေတိဂုံသွားစရာရှိသည်ဟု ဆိုထား၍ နောက်တစ်ရက် ရွှေတိဂုံလိုက်ပို့ပေးမည်ဆိုတော့ အကြောက်အကန် ငြင်းခဲ့ဖူးသည်။ ထိုအခါက သူ့ခမျာ တော်တော်လေးတောင် အံ့ဩသွားခဲ့ရ၏။

ထိုကိစ္စမှာ ခင်ခင်က သူ့ကို ဆိုခဲ့ခြင်းဖြစ်သည်။ နောက် တစ်ရက် လွှင်လွှင်နဲ့ဆုံတော့ ရွှေတိဂုံလိုက်ပို့လျှင် ခင်ခင့်ဆိုမှာ



www.burmeseclassic.com

www.burmeseclassic.com



စိုးလို့ လွှင်လွှင်က အကြောက်အကန် ငြင်းခဲ့ခြင်း ဖြစ်၏။

ဘုန်းနိုင်ထွဋ်က သူကြုံတွေ့ခဲ့သည့် ကိစ္စများကို ကျော်ဦးနှင့် လင်းဆွေအား ပြောပြ၏။ သူ့ အရင်က အမှုမဲ့အမှတ်မဲ့ နေခဲ့သော်ငြားလည်း အခု ထိုကိစ္စများက စဉ်းစားစရာတွေ ဖြစ်လာခဲ့ပြီး…

"မင်းကောင်မလေးက တစ်ဦးတည်းသောသမီးဆိုတာရော သေချာရဲ့လားကွာ"

"သူက ငါ့ကို ပြောတာတော့ အဲဒီလိုပဲ ပြောတာပဲ"

ကျော်ဦးက သက်ပြင်းကိုချ၏။

"ဟင်း… လောကကြီးမှာ ငါတို့သိတာတွေထက် ပိုပြီး ဆန်းကြယ်တဲ့အရာတွေ အများကြီးရှိတယ် သူငယ်ချင်းရ"

"မင်းဆိုလိုချင်တာ ဘာကိုဆိုလိုချင်တာလဲ၊ ငါ့ကို တည့်တည့် ပြောစမ်းပါကွာ"

"ဒီလိုကွာ မင်းကောင်မလေးမှာ ရုပ်ချင်း အသံချင်း ခွဲမရအောင်တူတဲ့ အမွှာညီမတွေ ဘာတွေ ရှိနိုင်တယ်ကွ၊ ငါ ကြားဖူးတာတော့ တချို့အမွှာတွေက စိတ်ချင်းပါ ဆက်နွယ်နေတယ်လို့ ဆိုကြတယ်၊ ဥပမာ- တစ်ယောက်ကဖျားရင် နောက်တစ်ယောက်လည်း လိုက်ဖျားတယ်၊ တစ်ယောက်က ခေါင်းကိုက်ရင် နောက်တစ်ယောက်လည်း ခေါင်းလိုက်ကိုက်တယ်တဲ့၊ အဲဒီလို အမွှာမျိုးတွေရော မရှိနိုင်ဘူးလား"





"အဲဒါတော့ ငါလည်း မသိဘူးကွ၊ သူ့ကို ငါ စတွေ့တုန်းက မေးကြည့်တော့ သူက တစ်ဦးတည်းသော သမီးတဲ့"

"ဒါကတော့ သူ လိမ်ပြောတာလည်း ဖြစ်နိုင်တာပဲ"

ဘုန်းနိုင်ထွဋ် တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားသွားသည်။ ခဏနေတော့ တစ်ခုခုကို တွေးမိလိုက်ဟန်နှင့်…

"တစ်ခုတော့ ငါသတိထားမိတယ်"

"ဘာလဲ"

"သူက ဈေးဝယ်ရင် ပစ္စည်းတစ်ခုကို အမျိုးအစားတူ သုံးမျိုး သုံးခုဝယ်တာ တစ်ခါတစ်ရံ ငါတွေ့မိတယ်၊ ဥပမာ ဘီးကုတ်တစ်မျိုးကို အရောင်တူ ပုံစံတူ သုံးမျိုးဝယ်တာတို့၊ ကလစ်တစ်ချောင်းကို သုံးခုဝယ်တာတို့ အဲဒါမျိုးတွေ"

"မင်းက မေးမကြည့်ဘူးလား"

"ငါလည်း သူတို့မိန်းကလေးကိစ္စဆိုတော့ မစပ်စုချင်တာနဲ့ မေးမကြည့်မိခဲ့ဘူး"

သုံးယောက်သား ငြိမ်သွားကြသည်။ ခဏကြာတော့ လင်းဆွေက…

"ဒါဆိုရင် သူတို့ဘက်မှာ ဖုံးကွယ်ထားတဲ့ မြေပိတ်ကွက်တစ်ကွက်တော့ ရှိမယ်ကွ၊ ခုနက ကျော်ဦးပြောသလိုမျိုး ဖြစ်နိုင်တယ်။ ဘာလို့လဲဆိုတော့ ငါတို့ ကြုံတွေ့နေရတာတွေက သဘာဝ ဆန်ဆ



www.burmeseclassic.com

www.burmeseclassic.com



မကျတဲ့ ကြုံတွေ့ခြင်းမျိုးတွေ၊ မင်း သေသေချာချာ လေ့လာဖို့တော့ လိုပြီနော်"

"ဒါနဲ့ မင်း သူတို့အိမ် ရောက်ဖူးလား"

"ဟင့်အင်း"

"သေလိုက်ပါတော့ ဘုန်းနိုင်ထွဋ်ရယ်၊ ရည်းစားသက်တမ်းလည်း တော်တော်လေးရှိနေပါပြီ၊ သူတို့အိမ်ကို အခုချိန်ထိ မင်းကို ခေါ်မသွားဘူးလား"

"ခေါ်မသွားဘူးကွ၊ သူတို့အဒေါ်အပျိုကြီးက တော်တော်ဆိုးတယ်ကြားတယ်၊ ဒါ့ကြောင့် သူက မခေါ်ရဲလို့ မခေါ်တာတဲ့"

"ဩော် သူတို့အဒေါ်အပျိုကြီးက ဘယ်လိုဆိုးလဲ၊ မင်းလာရင် ဓားနဲ့ခုတ်သတ်မယ်ဆိုတဲ့ အခြေအနေထိဆိုးလား"

"အဲဒါတော့ ငါလည်း မသိဘူးကွာ"

ငြိမ်သွားကြပြန်သည်။ မြတ်နိုးကိုစွက အခုချိန်မှာ သူတို့အတွက် ခေါင်းရှုပ်စရာ ပြဿနာဖြစ်နေ၏။

"ဒါဆို မင်းဘက်က တစ်ခုပဲ လုပ်စရာရှိတော့တယ်"

"ဘာလဲ"

"သူတို့ မိသားစုအကြောင်း ခင်းစုံစမ်းဖို့ပဲ"

ထိုထိစွက လုပ်သင့်နေတာ ကြာပြီဖြစ်သည်။ အခုမှ အကောင်အထည်ဖော်တာ နောက်ကျနေပြီလားမသိ။





ဘုန်းနိုင်ထွဋ် ဘီယာ နောက်သုံးခွက် လှမ်းမှာလိုက်ပါတော့၏။

အိမ်နဲ့ ခပ်လှမ်းလှမ်းမှာ ကားကို ရပ်ထားလိုက်သည်။ ကားက သူ့ကားမဟုတ်ဘဲ ကျော်ဦးရဲ့ကားကို ခဏငှားလာခဲ့၏။ ကားရပ်ထားပြီးတော့ ကားထဲကနေပြီး အိမ်အခြေအနေကို လေ့လာနေလိုက်၏။

ခဏကြာတော့ Mark II အမျိုးအစားကားတစ်စီး အိမ်ရှေ့နားသို့ ထိုးဆိုက်လာတာ တွေ့ရသည်။ ကားပေါ်မှ အသက် (၄၀) ကျော်အရွယ် အမျိုးသားတစ်ယောက် ဆင်းလာသည်။ ထို့နောက် ကားပေါ်မှ ဆင်းလာတဲ့လူက ခြံစည်းရိုးနားမှာ ကုပ်ချောင်းချောင်းနဲ့ ခြံထဲကို ဟိုကြည့်ဒီကြည့် လုပ်နေတာတွေ့ရတော့ ဘုန်းနိုင်ထွဋ် ထိုလူကို စိတ်ဝင်စားစွာ ကြည့်နေလိုက်သည်။

ဒီလူ ဘာလုပ်နေတာလဲ၊ မြတ်နိုးတို့အိမ်ထဲသို့ ခိုးကြောင်ခိုးဝှက်ချောင်းနေတော့ ရိုးမှရိုးရဲ့လား၊ လူပုံစံကြည့်ရတာတော့ သားသားနားနားနဲ့မို့ သူခိုးတော့ မဟုတ်တန်ရာ။

ဘုန်းနိုင်ထွဋ် ငေးကြည့်နေစဉ် ခြံထဲမှ ထိုလူနှင့် အသက်မတိမ်းမယိမ်းလောက် ထင်ရသည့် အမျိုးသမီးကြီးတစ်ဦး ထွက်လာ

www.burmeseclassic.com



သည်။ ထိုအမျိုးသမီးသည် သူ့အရွယ်နှင့်သူ လှပချောမောသော ရုပ်ရည်ကို ပိုင်ဆိုင်ထားသောကြောင့် မြတ်နိုးတို့အခေါ်များ ဖြစ်နေမလားဟု ဘုန်းနိုင်ထွဋ် တွေးလိုက်မိ၏။

ထို့ကြောင့် စိတ်ဝင်တစား စိုက်ကြည့်နေစဉ် ထိုအမျိုးသမီးနှင့် ခုနကားပေါ်က အမျိုးသားတို့ တိုးတိုးတိုးတိုးနှင့် ခြံထောင့်တစ်နေရာမှာ ဘာတွေ တိုင်ပင်နေလဲမသိ၊ ကြည့်ရတာ အသိမိတ်ဆွေဆိုတာထက် သမီးရည်းစား ချိန်းတွေ့နေသလိုပုံစံမျိုးဖြစ်နေ၍ ဘုန်းနိုင်ထွဋ်က ပိုပြီး စိတ်ဝင်စားနေမိ၏။

ခဏကြာတော့ ထိုလူက ကားပေါ်ပြန်တက်သွားကာ လာရာလမ်းအတိုင်း ကားကို ပြန်မောင်းသွားသည်။ ဘုန်းနိုင်ထွဋ်လည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ထိုကားနောက်သို့ နောက်ယောင်ခံလိုက်ခဲ့ပါတော့သည်။

ထိုကားက အောင်ရတနာဆေးရုံရှေ့တွင် ရပ်သွားသည်။ ထို့နောက် ဆေးရုံရှေ့တည့်တည့်က ကန်တင်းရှေ့တွင် ကားကိုထိုး၍ ကန်တင်းထဲသို့ လှမ်းဝင်သွားတာ တွေ့လိုက်ရလေတော့သည်။

ဘုန်းနိုင်ထွဋ်က ထိုလူ့ကားဘေးတွင် သူ့ကားကိုရပ်ကာ ကားပေါ်မှဆင်း၍ ဆိုင်ထဲသို့ လှမ်းဝင်လိုက်၏။ ထို့နောက် ထိုလူရှိရာ စားပွဲသို့ လှမ်းသွားလိုက်ပြီး…

"ကျွန်တော့်ကို ဒီမှာ ခဏထိုင်ခွင့်ပြုပါလားဗျာ"





ထိုလူက ဘုန်းနိုင်ထွဋ်ကို တစ်ချက်မော့ကြည့်လိုက်သည်။ ထို့နောက် တခြားစားပွဲဝိုင်းများသို့ တစ်ချက်ဝေ့ကြည့်လိုက်၍ အံ့သြသော မျက်နှာပေးနှင့် ကြည့်နေ၏။ တခြားဝိုင်းများတွင်လည်း လူလွတ်နေသောကြောင့် သူ့ဝိုင်းသို့ ဘာကြောင့် ရွေးပြီးလာထိုင်သလဲဟု တွေးလိုက်မိသောကြောင့်ဖြစ်၏။

ဘုန်းနိုင်ထွဋ်က ဒါကို သဘောပေါက်လိုက်၍…

"ကျွန်တော် အစ်ကိုကြီးနဲ့ စကားနည်းနည်းပြောချင်လို့ပါ"

ထိုလူက တစ်ချက်ပြုံးလိုက်ပြီး ဖိတ်ခေါ်လိုက်သည့်သဘော သူ့ရှေ့ခုံသို့ လက်ကမ်းပေးလိုက်ကာ…

"ထိုင်ပါ ညီလေး ထိုင်ပါ၊ ကိုယ်နဲ့ ဘာများ ပြောစရာရှိလို့လဲ မသိဘူး"

ဘုန်းနိုင်ထွဋ်က အရင်ဝင်ထိုင်လိုက်သည်။ ထို့နောက် လိုရင်းတိုရှင်းကိုပဲ စကားကိုစ၏။

"ကျွန်တော်က မြတ်နိုးတို့အိမ်ကို လာတာပါ၊ ခုန အစ်ကိုကြီးကို မြတ်နိုးတို့အိမ်ရှေ့မှာ တွေ့လိုက်လို့ အဲဒါ…"

ဘုန်းနိုင်ထွဋ်စကားကြောင့် ထိုလူ့မျက်နှာ နည်းနည်းတော့ ပျက်သွားသည်။ သို့သော် ချက်ချင်းဟန်ဆောင်လိုက်၍…

"သြော်… အင်း ပြောပါ ဘာများဖြစ်လို့လဲ"

"ဒီလိုပါ အစ်ကိုကြီး၊ ကျွန်တော်တို့က ယောက်ျားအချင်းချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောပါရစေဗျာ”

“ပြောပါညီလေး ဘာဖြစ်လို့လဲ”

“ကျွန်တော်က မြတ်နိုးရဲ့ Boy Friend ပါ”

“ဟော…”

“မြတ်နိုးရဲ့ Boy Friend ဟုတ်လား”

“ဟုတ်ပါတယ်ဗျ”

“သြော် ဘယ်တစ်ယောက်ရဲ့ Boy Friend လဲ”

“ဗျာ…”

“ဒီလိုပါ မြတ်နိုးဆိုတာတော့ ဟုတ်ပါပြီ၊ ဘယ်တစ်ယောက်ရဲ့ ဟိုဟာလဲလို့”

“မြတ်နိုးလေ အစ်ကိုကြီး၊ မြတ်နိုးက ဘယ်နှယောက်ရှိလို့လဲ”

သူပြောစကားကြောင့် ထိုလူ ကြောင်တောင်တောင် ဖြစ်သွားသည်။ ထို့နောက် ဘုန်းနိုင်ထွဋ်ကိုကြည့်၍…

“ညီလေးက မြတ်နိုးဆိုတာကို ဘယ်နှယောက်လဲ မသိဘူးလား”

ဘုန်းနိုင်ထွဋ် ခေါင်းကို ဖြည်းညင်းစွာ ခါလိုက်ကာ…

“မသိဘူး အစ်ကိုကြီး၊ အဲဒီကိစ္စပဲ အစ်ကိုကြီးဆီက တစ်ခုခုများ သိနိုင်မလားလို့ လာတွေ့တာပါ၊ ပြီးတော့ ဟို… စပ်စုတယ်လို့





မထင်နဲ့နော်၊ အစ်ကိုကြီးနဲ့ ခုန ခြံပြင်မှာ စကားပြောနေတဲ့ အစ်မကြီးက”

“သြော်… မျိုးကိုပြောတာ ထင်တယ်၊ ကိုယ်က မြတ်နိုးတို့အဒေါ်နဲ့ မေတ္တာမျှနေတာပါ”

“သြော်”

“ကိုယ်က မျိုးဝေဝင်းပါ၊ ညီလေးက”

“ကျွန်တော်က ဘုန်းနိုင်ထွဋ်ပါ ခင်ဗျ”

သူတို့ အခုမှပဲ လက်ဆွဲနှုတ်ဆက်ဖြစ်ကြသည်။ ထို့နောက် ဦးမျိုးဝေဝင်းက ဘုန်းနိုင်ထွဋ်ကို သူ့ကို လာတွေ့ရတဲ့အကြောင်း မေးလိုက်တော့ ဘုန်းနိုင်ထွဋ်က သူ့အကြောင်းလေးကို ရှင်းကာ ပြလေသည်။ ဦးမျိုးဝေဝင်း ခေါင်းတညိတ်ညိတ်နဲ့ နားထောင်ပြီး နောက် ဘုန်းနိုင်ထွဋ်ကို…

“အဲဒီ အမွှာညီအစ်မသုံးယောက်ကိုကြောက်လို့ ကိုယ်တို့လည်း ဒီအရွယ်ကြီးကြမှ နိုးကြောင်ခိုးဝှက် တွေ့နေရတာပါ ညီလေးရယ်၊ ညီလေးအဖြစ်ကိုလည်း ကိုယ် ကိုယ်ချင်းစာမိပါတယ်”

“ဟင်… သူတို့က သုံးယောက်တောင် ဟုတ်လား”

“ဟုတ်တယ် ညီလေး၊ ရုပ်ရော အသံရော လုံးဝခွဲမရအောင် တူတယ်”

“ဟင် ဒါဆို ကျွန်တော် ဘယ်သူ့ကိုများ ကြိုက်မိတာပါလိမ့်”



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကိုကြားတော့ ဦးမျိုးဝေဝင်းက ခွက်ထိုးခွက်လန် ထရယ်လိုက်ကာ…

“အဲဒါတော့ ကိုယ့်ညီတောင် မသိတာ ကိုယ်က ဘယ်လိုလုပ် သိနိုင်မှာလဲ ညီလေးရယ်”

ဘုန်းနိုင်ထွဋ် ဘာဆက်ပြောလို့ ပြောရမှန်းတောင် မသိတော့ပေ။ သူနဲ့ ဆုံတွေ့တိုင်း လာရောက်တွေ့ဆုံနေတဲ့သူက ဘယ်သူလဲ၊ တစ်ယောက်တည်းလား၊ ဒါမှမဟုတ် သုံးယောက်လုံးလား။ မဝေခွဲ တတ်တော့။

“ကိုယ့်ညီ”

“ဗျာ”

“သူတို့ညီအစ်မတွေက သူတို့ရုပ်နဲ့ အသံတူနေတာကို အသုံး ချပြီး လူတစ်ဖက်သားကို လှည့်စားတတ်ကြတယ်၊ သူတို့ အဖေ တောင် ဒါမျိုး ခဏခဏ ခံရဖူးတယ်လို့ ကိုယ့်ကို ပြောဖူးတယ်၊ ကိုယ်လည်း ဒါတွေ မသိခင် ခံခဲ့ရဖူးတယ်”

“ဗျာ…”

“ဟုတ်တယ် ညီလေး၊ မယုံမရှိနဲ့ ကိုယ့်ရဲ့ ကိုယ်တွေ့ပဲ”

ဘုန်းနိုင်ထွဋ် ငိုင်သွားသည်။ ထို့နောက် သူတို့နှစ်ယောက် စကားဆက်ပြောကြ၏။ ရင်ထဲမှာ ထိုကိစ္စအတွက် ဒေါသတစ်ချက် လည်း ဘယ်ကဘယ်လို ပေါ်လာမှန်းမသိ ဖြစ်လာသည်။





သူ လှည့်စားခံလိုက်ရပြီ၊ လူကိုတင်မဟုတ် အချစ်တစ်ခုကိုပါ လှည့်စားခံလိုက်ရ၏။ ဒီကိစ္စကိုတော့ ပြတ်ပြတ်သားသား ရှင်းမှ ဖြစ်တော့မည်ဟု သူ့ရင်ထဲမှာ တွေးထားလိုက်ပါတော့သည်။

နောက်ဆုံးတော့ မြတ်နိုးတို့အိမ်ဖုန်းကို ဦးမျိုးဝေဝင်းထံမှ တောင်းယူပြီး ဒီကိစ္စကို ဘယ်သူ့မှမပြောရန် ဦးမျိုးဝေဝင်းဆီက ကတိတောင်း၍ သူ ပြန်ခဲ့ပါတော့၏။

လူက ဘယ်လိုဘယ်လို ကားမောင်းပြီး အိမ်ပြန်လာလည်း မသိတော့၊ ခန္ဓာကိုယ်တစ်ခုလုံး ဒေါသတွေနှင့် ဆူပွက်ကာနေလေ သည်။

ကန်တော်ကြီးထဲက ကုန်းမြင့်လေးတစ်ခုပေါ်ရှိ ဆိုင်လေး တစ်ဆိုင်မှာဖြစ်သည်။ ဘုန်းနိုင်ထွဋ်တစ်ယောက်တည်း ထိုဆိုင်လေး ၏ အရှေ့ဘက် စားပွဲလေးတစ်လုံးပေါ်တွင်ထိုင်၍ တစ်စုံတစ်ယောက် ကို စောင့်မျှော်နေသည်။ ခဏကြာတော့ သူ့ဟန်းဖုန်းသို့ ဖုန်းတစ်လုံး ဝင်လာသည်။ ခေါ်တဲ့လူရဲ့နာမည်ကို ကြည့်လိုက်တော့ မြတ်နိုး။

သူက ဖုန်းကို ကိုင်လိုက်တော့…

“ကို မြတ်နိုး ထွက်လာပြီနော်၊ ဆိုင်ကို ရောက်နေပြီလား”



www.burmeseclassic.com

www.burmeseclassic.com



"ရောက်နေပြီ မြတ်နိုးရဲ့၊ မြတ်နိုးက ဘယ်မှာလဲ"

"ငါးမိနစ်ဆို ရောက်ပြီ ကို ခဏစောင့်"

ငါးမိနစ်လောက်ကြာတော့ မြတ်နိုးလွင် ရောက်လာသည်။ သူက မြတ်နိုးနှင့် စကားခဏပြောပြီးနောက်…

"မြတ်နိုး"

"ရှင်"

"မြတ်နိုး ဟန်းဖုန်းလေး ကိုယ့်ကို ခဏငှားပါလား၊ ကိုယ့်ဖုန်းက ဘက်ထရီကုန်သွားလို့ အလုပ်ကိစ္စ ဖုန်းဆက်စရာရှိလို့ပါ"

"ယူလေ ကို"

ဘုန်းနိုင်ထွဋ် မြတ်နိုး ဟန်းဖုန်းကို ခဏယူလိုက်သည်၊ ထို့နောက် ခဏနော်ဟုပြောကာ ခပ်လှမ်းလှမ်းသို့ ထွက်သွားလိုက်ပြီး မြတ်နိုး ကွယ်ရာအရောက် ဟန်းဖုန်းကို ခလုတ်ပိတ်ပစ်လိုက်၏။

ထို့နောက် သူ့ဟန်းဖုန်းနှင့် မြတ်နိုးတို့ အိမ်ဖုန်းကို ကောက်နှိပ်လိုက်ကာ စကားပြောဖို့လုပ်သည်။ ဟိုဘက်က ကောင်မလေးတစ်ယောက် ဖုန်းလာကိုင်ပါသည်။ ဦးမျိုးဝေဝင်းပြောတာ မှန်၏။ သူတို့ညီအစ်မသုံးယောက်လုံး အသံပါ ခွဲခြားလို့မရ။

ဘုန်းနိုင်ထွဋ်က ခပ်တည်တည်နှင့်-

"မြတ်နိုး"

ဟိုဘက်က ရုတ်တရက် အသံတိတ်သွားသည်။ ခဏလောက်ကြာတော့မှ…

"ကို ဒီဖုန်းနံပါတ်ကို ဘယ်ကရလဲဟင်"

"ဟာ မြတ်နိုးပဲ ဟိုတစ်ခါတွေ့တုန်းက ပေးသွားပြီးတော့"

ဟိုဘက်က ဓဝေဓဝါ ဖြစ်သွားပုံရသည်။ ဘာမှ ပြန်မပြောဘဲ ခပ်တိတ်တိတ်နေနေ၏။

"မြတ်နိုး ကိုယ့်ဆီကို မလာသေးဘူးလား၊ ဟန်းဖုန်းကို ဆက်တော့လည်း ဖုန်းပိတ်ထားတာနဲ့ အိမ်ဖုန်းကို ခေါ်လိုက်ရတာ"

"အဲ… အင်း… လာမယ်… ခဏနော်၊ ဒါနဲ့ ကိုက အခု ဘယ်မှာလဲ"

"ကန်တော်ကြီးထဲကဆိုင်မှာ ရောက်နေပြီလေ မြတ်နိုးရဲ့"

"သြော်… အင်း ဟုတ်ပြီ၊ ဒါဆို လာခဲ့မယ်နော် ဆောရီး"

ထို့နောက် ဟိုဘက်က ဖုန်းချသွားပါတော့သည်။ ဘုန်းနိုင်ထွဋ်မှာ ပြုံးရင်း မြတ်နိုးလွင်ရှိရာသို့ လှမ်းလာခဲ့လိုက်တော့၏။

မြတ်နိုးလွင်ဆီရောက်တော့ ဘုန်းနိုင်ထွဋ်က…

"မြတ်နိုးဖုန်း ကိုယ့်ကို ခဏပေးထားဦးနော်၊ ဒီဖုန်းကို ပြန်ခေါ်နိုင်းထားလို့"

"အင်းပါ"

မြတ်နိုးလွင်ကတော့ ဘာမှ သိရှာတာမဟုတ်၍ အေးအေးဆေးဆေးပင် အစားအသောက်တွေတောင် မှာစားနေလိုက်သည်။





စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



အရိုန်သည် တဖြည်းဖြည်းနှင့် ကုန်ခုံးလာ၏။ လေပြည်လေညင်းများကလည်း ကန်တော်ကြီးရေပြင်မှတစ်ဆင့် သူတို့ထိုင်နေရာ ဆိုင်လေးအတွင်းသို့ တသုန်သုန် တိုက်ခတ်လျက် ရှိ၏။ သို့သော် ထိုလေပြည်လေညင်းတိုက်ခတ်မှုက ဘုန်းနိုင်ထွဋ်၏ ရင်တွင်းက အပူမီးကို ငြိမ်းသတ်နိုင်စွမ်း မရှိ။

မြတ်နိုးလွင်က ဘုန်းနိုင်ထွဋ်ကို ကြည့်၍…

"ကို မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်လို့လဲဟင်"

ဘုန်းနိုင်ထွဋ်က အသာအယာ တစ်ချက်ပြန်ကြည့်၍…

"ဘာမှ မဖြစ်ပါဘူး မြတ်နိုးရယ်၊ အလုပ်ကိစ္စလေးတစ်ခု အဆင်မပြေသေးလို့ပါ"

"သြော်…"

မြတ်နိုးလွင် ဘာမှ ဆက်မပြော၊ မှာထားသော အစားအသောက်များကိုသာ ဆက်စားနေလေသည်။

ခဏကြာတော့ ကုန်းမြင့်လေးပေါ်မှာ ရှိနေသည့် ဆိုင်လေးအတွင်းသို့ မြတ်နိုးခင် တက်လာသည်။ သူတို့ ထိုင်နေတဲ့ နေရာကို ရုတ်တရက်ကြည့်လိုက်ချိန်တွင် ကြက်သေသေသွားလေတော့သည်။

နှုတ်များကလည်း…

"ဟင်"

မြတ်နိုးခင်ကိုတွေ့တော့ မြတ်နိုးလွင်ရဲ့မျက်နှာ ချက်ချင်း





သွေးရောင်ဖြူရော်သွားသည်။ စားလက်စ ပါးစပ်က အစားအသောက်တောင် ဖုတ်ခနဲ ပြုတ်ကျကာ သွားလေသည်။

ဘုန်းနိုင်ထွဋ်က အသာအရာ ထရပ်၍ မြတ်နိုးခင်ဆီ လျှောက်သွားလိုက်ကာ…

"ထိုင်ပါဦး မြတ်နိုးရဲ့၊ မတွေ့ဘူးတဲ့ လူတွေကျနေတာပဲ"

ဘုန်းနိုင်ထွဋ်ရဲ့စကားက ခနဲ့တဲ့စကား၊ မြတ်နိုးခင် လေထဲ လမ်းလျှောက်သူလို စားပွဲဝိုင်းသို့ လျှောက်လာခဲ့လိုက်လေသည်။

ထို့နောက် ဘုန်းနိုင်ထွဋ်က သူတို့နှစ်ယောက်ရှေ့တွင်ပင် ပေါ်တင်ပဲ အိမ်မှာ ကျန်ခဲ့သည့် မြတ်နိုးလွင်ကို ဖုန်းဆက်လိုက်သည်။ ဖုန်းဆက်တာကလည်း ခုန မြတ်နိုးခင်ဆီ ဆက်သလို ဆက်လိုက်ခြင်း ဖြစ်သည်။

ဘုန်းနိုင်ထွဋ် ဖုန်းဆက်ပြီးတော့ မြတ်နိုးခင် ဟန်းဖုန်းသို့ မြတ်နိုးယဉ်ဆီက ဖုန်းဝင်လာသည်။ ဘုန်းနိုင်ထွဋ်က အသာအယာပဲ မြတ်နိုးခင်ဆီက ဟန်းဖုန်းကို ဆွဲသိမ်းလိုက်ပါတော့သည်။

နာရီလက်တံများက ခြောက်ခြားစွာ စက္ကန့်နဲ့အမျှ ရွေ့လျားရင်း အချိန်တွေ ကုန်လာ၏။ ထုံးစံအတိုင်း ဒုတိယတစ်ယောက်လိုပင် တတိယတစ်ယောက်လည်း စားသောက်ဆိုင်လေးရှိရာသို့ အချိန်တန်တော့ ရောက်ရှိလာသည်။

သူတို့ကိုတွေ့တော့ ထိုနေရာတွင်ပင် ကြောင်တောင်တောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



မတ်တတ်ရပ်ကာ ကြည့်နေလေ၏။ ဘုန်းနိုင်ထွဋ်က သူထိုင်နေသည့်နေရာကို ထပေးပြီး တတိယတစ်ယောက်ကို နေရာထိုင်ခင်းပေးလိုက်၏။

သုံးယောက်လုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မျက်နှာငယ်လေးတွေနှင့်။

ဘုန်းနိုင်ထွဋ်က သူတို့တွေကို တစ်ချက်စေ့ကြည့်၍…

"လူတစ်ယောက်ကို စိတ်ဆိုးသွားအောင် လုပ်လို့ရတယ်၊ စိတ်ကောင်းသွားအောင် လုပ်လို့ရတယ်၊ ဒါပေမဲ့ စိတ်ကုန်သွားအောင်တော့ လုပ်လို့ မရဘူးကွ"

"ကို… မြတ်နိုးတို့ ရှင်းပြ"

ဘုန်းနိုင်ထွဋ်က လက်ကာပြလိုက်ရင်း…

"မင်းတို့ကို ငါ အရမ်းမုန်းတယ်"

"ရှင်"

သုံးယောက်လုံးဆီမှ ပြိုင်တူ အာမေဋိတ်သံ။

ဘုန်းနိုင်ထွဋ် စားပွဲပေါ်တင်ထားသော ကားသော့ကိုဆွဲ၍ ထိုဆိုင်လေးအတွင်းမှ ချာခနဲ လှည့်ကာထွက်လာခဲ့ပါတော့သည်။

"ကို နေပါဦး"

"ကိုဘုန်းနိုင်ထွဋ် ခဏလောက် ရှင်းပြခွင့်ပေးပါရှင်"

ဘုန်းနိုင်ထွဋ် လုံးဝလှည့်မကြည့်တော့ပါ၊ လူတစ်ယောက်ကို





အချစ်နဲ့ပတ်သက်၍ လှည့်စားခြင်းခံလိုက်ရလျှင် ထိုလူ့ရင်ထဲ ဘယ်လိုဖြစ်နေမလဲဆိုတာ သူတို့တွေ သဘောပေါက်ဖို့သင့်ပါသည်။ အခုမှ ရှင်းပြနေစရာမလိုတော့၊ အစကတည်းက ရှင်းလင်းခဲ့ရမည်။

ဘုန်းနိုင်ထွဋ် ကားပေါ်သို့ တက်လိုက်သည်။ ထို့နောက် ကားလေးသည် ထိုနေရာမှ တစ်လိမ့်ခြင်း ဖေး၍ဖေး၍ ထွက်သွားပါတော့၏။

ညီအစ်မသုံးယောက်လုံး ထိုနေရာလေးတွင် ကျန်ခဲ့၏။ တစ်ယောက်က…

"ငါတို့တွေကို သူ တော်တော်မုန်းသွားမှာပဲဟာ"

"သူချစ်သလို ငါတို့လည်း သူ့ကို ချစ်ခဲ့ပါတယ်"

နောက်ဆုံးတစ်ယောက်ကတော့ ဘာမှမပြောဘဲ မျက်ရည်တွေ တွေတွေစီးကျနေ၏။

ကန်တော်ကြီးလေပြည်သည် အေးမြစွာ တိုက်ခတ်နေသည်။ သူတို့ထိုင်နေသည့် စားပွဲပေါ်ရှိ မီနူးကတ်တွေ ထည့်ထားသည့် ခွက်လေးအောက်တွင် စာရွက်ခေါက်လေးတစ်ခုကို တွေ့ရသည်။

ထိုစာရွက်ခေါက်လေးကိုတွေ့တော့ တစ်ယောက်က ယူပြီး ဖတ်လိုက်၏။ စာရွက်လေးက ဘုန်းနိုင်ထွဋ် ထားသွားခဲ့သည့် စာရွက်လေး။

စာရွက်ထဲတွင်…



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက် စိတ်ဆိုးသွားရင် ပြန်ချော့လို့ရတယ်။

စိတ်ကောက်သွားရင်လည်း ပြန်ချော့လို့ရတယ်။

စိတ်ကုန်သွားပြီဆိုရင်တော့ ဘာမှ လုပ်လို့မရတော့ဘူး။

မင်းတို့အပေါ်မှာ စိတ်ကုန်သွားတဲ့ လူတစ်ယောက်ကို မင်းတို့ဆီ စိတ်ပြန်လည်လာအောင် လုပ်ဖို့ဆိုတာ သူစိမ်းတစ်ယောက်နဲ့ ရင်းနှီးအောင်လုပ်ရတာထက် ခက်တယ်၊ ဘာလို့လဲဆိုတော့ မင်းတို့အပေါ်မှာ စိတ်ကုန်သွားတဲ့ လူတစ်ယောက်ရဲ့ ခံစားတတ်တဲ့ နှလုံးသားက မင်းတို့အတွက် သေဆုံးသွားခဲ့ပြီ။

ဒါကြောင့်…

လူတစ်ယောက်ကို စိတ်တိုအောင်၊ စိတ်ကောက်အောင်အထိပဲ လှည့်စားပါ၊ ဒါပေမဲ့ စိတ်ကုန်သွားတဲ့အထိတော့ ဘယ်တော့မှ မလုပ်မိပါစေနဲ့။

ဘုန်းနိုင်ထွဋ်

စာရွက်ကလေးက လေတိုက်ခတ်မှုကြောင့် တဖျတ်ဖျတ် လှုပ်ခတ်နေသည်။ ကန်တော်ကြီးထဲမှာ စုံတွဲလေးတွေ ပျော်ရွှင်စွာ လှုပ်ရှားသွားလာနေကြ၏။

သူတို့အတွသာ အမှတ်တမဲ့ လုပ်ခဲ့မိလိုက်သော အမှားတစ်ခု





ကြောင့် ပူဆွေးမှုတွေ ရင်မှာပိုက်လို့ ရင်ပူနေစေလျှက်။

“ငါတို့ မှားသွားပြီပဲဟယ်”

ဘယ်သူပြောလိုက်မှန်းမသိသော စကားတစ်ခွန်းက ကန်တော်ကြီး လေပြည်နဲ့ မျောလွင့်လျှက်။

(သော်… ဘဝတွေအားလုံး လှည့်စားမှုကင်းကင်းနဲ့ တည်ငြိမ်ကြပါစေ)

• ကြိုးစားလျှက်

မိုးဆက်လင်းထက်